The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 5 တနင်္လာနေ့တိုင်းထုတ်ဝေသည် January 30 , 2017



# jynfyNkft ar&def ':voef 8840 oXkufgD

# ယခင်နှစ်ထက် အမေရိကန်ဒေါ်လာသန်း ၅၅၀ ပိုမို ရရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်"ဆိုတဲ့အချက်ကို ဝန်ကြီးဌာနရဲ့ VISION အဖြစ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ - ၁၂ ➢

## uarQ uk oG f A [ k e zG S uk nj yy G i f ya&; n S f t pn f t a0;us i f y

စာမျက်နှာ - ၂၃ ➢

## *i , f map ac: * s ,d ac g uf p bk w½k f , f vuf S

စာမျက်နှာ - ၂၃ ➢



## စက်သုံးဆီ Export မှသည် Re-export သို့

စာမျက်နှာ - ၁၅ ➢




Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ၊ ခဲ ကင်းစင်မှုကို အာမခံပါသည်။
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့်(၄)ပြည်သာလျော့မည်။
ရိုးမဘဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075
ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့

The Big 10 Celebration

**Ocean** SUPERCENTER

Best Choice and Great Deals for Your Family

# ဆယ်စုနှစ် အထိမ်းအမှတ် အထူးဈေးရောင်းပွဲကြီး

**20.01.2017 to 16.02.2017**

Ocean Supercenter အပါအဝင် Center အတွင်းရှိ
ဆိုင်ခန်းများမှ (၁)ရက်အတွင်းဝယ်ယူထားသော
ငွေရှင်းဖြတ်ပိုင်းများကို ပေါင်း၍

## ကျပ် ၃၅,၀၀၀ ဖိုးဝယ်ယူရုံဖြင့်
## ကျပ် (၁၀) သိန်းတန် ဈေးဝယ်ခွင့် ရရှိနိုင်မည့် အခွင့်အရေး

စနေ၊ တနင်္ဂနွေနေ့တိုင်း
ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များ

**နေ့စဉ် ရင်ခုန်အံ့ဩဖွယ် ထပ်ဆင့်**
**ဆုလက်ဆောင်များက စောင့်ကြိုနေမှာပါ။**

Suprise Gift

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. K.W.N.D Karunaratne အား ဇန်နဝါရီ ၂၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သီရိလင်္ကာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၅၀၀၀၀ တင်သွင်းနိုင်ရေးအတွက် အစိုးရအချင်းချင်း (G to G) နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးလိုကြောင်း၊ အဆိုပါဆန်တန်ချိန် ၅၀၀၀၀ အား ဆောလျင်စွာတင်ပို့ပေးစေလိုကြောင်း သံအမတ်ကြီး H.E. Mr. K.W.N.D Karunaratne ၏ ဆွေးနွေးတင်ပြချက်ကို ပြည်ထောင်စုဝန်ကြီးက သီရိလင်္ကာနိုင်ငံ၏ အခက်အခဲကို မိမိတို့အနေဖြင့် ကူညီဖြေရှင်းပေးလိုကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ဆန်၊ စပါးလုပ်ငန်းရှင်များနှင့် ဆောလျင်စွာ ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့နှစ်နိုင်ငံနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရာတွင် လိုအပ်သည့်ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ရန်အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့်တစ်ဦးအား တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Myanmar Korea International Inc. (MYKI) မှ အမှုဆောင်အရာရှိချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Myanmar Korea International Inc. (MYKI) မှ အမှုဆောင်အရာရှိချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၄ ရက်တွင် ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်သွင်းကုန် ကုန်စည်များ လုံခြုံစိတ်ချစွာ သိုလှောင်ထားရှိနိုင်ရေးအတွက် Logistic Hub တည်ဆောက်ရေးနှင့် အပြည်ပြည်ဆိုင်ရာပြပွဲများ ကျင်းပနိုင်ရေးအတွက် Exhibition Center များ လိုအပ်နေကြောင်း၊ မိမိတို့နိုင်ငံ၌ Logistics ပိုင်းတွင် အားနည်းသည့်အတွက် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်များအနေဖြင့် အရည်အသွေးထိန်းသိမ်းရန်နှင့် သယ်ယူပို့ဆောင်မှုပိုင်းတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်တွေ့ကြုံနေရပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည် ကုန်ပစ္စည်းတင်သွင်းတင်ပို့ရာတွင် ဆိပ်ကမ်းနေရာ မလုံလောက်သည့် ပြဿနာများ ကြုံတွေ့နေရသဖြင့် Logistic Hub တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီး Logistic Hub မှ ရန်ကုန်ဆိပ်ကမ်းသို့ အမြန်ဆုံးသွားရောက်နိုင်မည့် လမ်းကြောင်းများကိုလည်း အဆင်ပြေချောမွေ့စွာ ကုန်စည်စီးဆင်နိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် MYKI နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် တရုတ်-မြန်မာ၊ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်အား အမြန်ဆုံးအကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ပဏာမအဆင့် သုတေသနပြုလေ့လာခြင်း၊ တည်ဆောက်ရေးအစီအစဉ်များနှင့် ရည်မှန်းချက်အစီအစဉ်များ ချမှတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများကိုလည်း ကုန်စည်သွက်လက်စွာစီးဆင်းနိုင် ရေးနှင့်ကုန်သွယ်ရေးလမ်းကြောင်းများ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးတို့အတွက် နှစ်နိုင်ငံအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပြုလုပ်ရာတွင် ငွေကြေးလွှဲပြောင်းမှုစနစ်များ ပိုမိုစနစ်တကျဖြစ်စေရန်နှင့် နယ်စပ်ကုန်သွယ်ရေးစနစ်မှ ပုံမှန်ကုန်သွယ်ရေးစနစ်သို့ ကူးပြောင်းမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**

မင်းမင်း

မြင့်လွင်

ဦးဦးဟန်

မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**

ဉာဏ်တင်

**တာဝန်ခံစာတည်း**

ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**

ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**

ချိုသက်မူ

ဖြူဖြူဝင်း

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး၊ မော်မော်အောင်၊

ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**

ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊

မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)

မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)

ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)

ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊

မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)

စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**

ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**

မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**

ဦးမြတ်ထွန်းကျော်(၀၁၀၅၅)

အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**

သန်းစိုး

**ဖြန့်ချိရေး**

ဇော်ဝင်း၊ မျိုးဇော်၊

အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**

ပြည့်ဟိန်းဇော်

သင်းသီရိအောင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# ပြည်ဆန်ဈေးကွက်တွင် ဧည့်မထဆန် ဈေးစွာနေ

ယခု ဇန်နဝါရီ စတုတ္ထပတ် ဆန်၊ စပါးဈေးကွက်အေးပြီး ဈေးနှုန်းများလည်း အတက်အကျမရှိဘဲ ငြိမ်နေတာ တွေ့ရပါတယ်။ နယ်တင်ပို့မှုမရှိဘဲ မိမိဒေသတွင်း အရောင်းအဝယ်သာရှိကြောင်းလည်းသိရပါတယ်။ ယခုရက်ပိုင်းအတွင်း ဧည့်မထ စပါးအုပ်စု အားလုံးဈေးငြိမ်နေရာမှ ဧည့်မထအုပ်စုဝင်ကရင်မ စပါးမှာ ဝင်ရောက်လာသမျှ အရောင်းအဝယ် အကုန်ဖြစ်နေပြီး ဈေးနှုန်းမြင့်တက်လာတာတွေ့ရပါတယ်။

ဝယ်လက်အကြိုက်တွေ့ပြီး စပါးအရည်အသွေးလည်းကောင်းတာကြောင့် ဝင်သမျှ စပါးများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းစပါးဒိုင်များမှသိရှိရပါတယ်။ ဒီတစ်ပတ် စပါးဈေးနှုန်းတွေကတော့ တင်း ၁၀၀ (၄၆)ပေါင်ကိုက် ဈေးဧည့်မထ (ကရင်မစပါး) ၄၇၈၄၀၀ကျပ်၊ ရတနာတိုး ၄၃၀၀၀၀ ကျပ်နှင့် ဆင်းသွယ်/မှော်ဘီစပါးဈေး ၄၇၈၄၀၀ ကျပ်တို့ဖြစ်ပြီး ဆန်တစ်အိတ်ဈေးနှုန်းများကတော့ ဆင်းသွယ်/မှော်ဘီ (အပျော့) ၂၁၀၀၀ ကျပ်နှင့် (အမာစ) ၁၆၅၀၀ ကျပ်ဖြစ်ပါတယ်။

ကရင်မ ဆန်တစ်အိတ်ဈေးကတော့ (ထိပ်စ) ၁၈၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ပေါ်နေပါတယ်။ အရောင်းအဝယ်အနေနှင့် မြို့တွင်းအပြင် ပန်းတောင်းနဲ့ အောင်လံတို့မှသာ အနည်းငယ်အဝယ်ရှိနေကြောင်းသိရပါတယ်။ရန်ကုန်-မန္တလေးဘက်သို့တင်ပို့မှု လုံးဝမရှိကြောင်းသိရပါတယ်။ **နီနီဝင်း**

# ရန်ကုန်ဈေးကွက်ဆန်အဝင်ပါးပြီး ဈေးငြိမ်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းအရ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ် ကျပ် ၃၈၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ကျပ် ၄၀၀၀၀၊ လတ်စတစ် အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စတစ်အိတ် ကျပ် ၃၂၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ် ဆန်း ဆန်တစ်အိတ်ကျပ် ၄၃၀၀၀ မှကျပ် ၄၄၅၀၀၊ ပေါ်ဆန်းအသစ်ရှယ် တစ်အိတ် ကျပ် ၂၅၀၀၀ မှ ကျပ် ၂၉၀၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်အဝင်ပါးပြီး အရောင်းအဝယ်လည်း အေးနေကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

ဧည့်မထဆန် ထိပ်စ တစ်အိတ် ကျပ် ၁၉၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၁၈၅၀၀၀၊ နှွေသီးထပ်ရှယ်တစ်အိတ် ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နှွေဆန် ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀၊ ပြည်ပ အိတ်စ်ပို့ ၂၅ မှတ်ဆန်တစ်အိတ် ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀၊ ဆန်ကြမ်း အသစ်ရှယ်တစ်အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀ နဲ့ ဆန်ကြမ်းအဟောင်း ရော အသစ်ပါ ဈေးငြိမ်နေပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ တရုတ်နှစ်သစ်ကူးရှိတဲ့အတွက် ဇန်နဝါရီလ ၂၂ ရက်မှ ၃၁ ရက်အထိ ဆန်ဒိုင်များ ပိတ်ထားကြောင်းသိရပါတယ်။ ဒါကြောင့် ဈေးနှုန်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း ရှိနေပါတယ်။ မှော်ဘီနဲ့ စူပါဧည့်မထ ၅မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ၁၀ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၄ ယွမ်၊ ၂၅ မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ၃၅ မှတ်တစ် အိတ် ၁၀၉ ယွမ်မှ ယွမ် ၁၁၀၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅မှတ်တစ်အိတ်၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၆ ယွမ်ရှိပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်အထိ ဆန်တန်ချိန် ၁၈၉၉၆ ရှိပါတယ်။ ဇန်နဝါရီလ ၂၇ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၉၄ကျပ်ရှိကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက် အရောင်းအဝယ်အေး၍ ဈေးကွက်ဈေးငြိမ်

ဧရာဝတီတိုင်းဒေသကြီး အတွင်း ရှိ ဆန်စပါးဈေးကွက်တွင် ယခင် ဒီဇင်ဘာလ စပါးဈေးနှုန်းမှာ မြို့နယ်စုံ ၄၆ပေါင် တင်း ၁၀၀ကို ကျပ် ငါးသိန်းဝန်းကျင်နှင့်အထက် ပေါက်ဈေးတွင် တောင်သူများ တွက်ခြေကိုက်သော ဈေးနှုန်းဖြစ်၍ စပါးသစ်လှိုင်လှိုင်ပေါ် ချိန်တွင် ဆန်စပါးအရောင်းအဝယ်သွက်လျက်ရှိပြီး ဇန်နဝါရီလဆန်းမှစ၍ ယခုလက်ရှိအချိန်ထိ ဆန်စပါးအရောင်းအဝယ် အေးလျက်ဈေးနှုန်းများ ပြန်လည်ကျဆင်းကာ ယခုလက်ရှိ တိုင်းအတွင်း မြို့နယ်စုံ ၄၆ ပေါင်၊ တင်း ၁၀၀ စပါးဈေးနှုန်းမှာ ကျပ် ၄၂၀၀၀၀ /၄၃၀၀၀၀ မှ ကျပ် ၄၆၀၀၀၀/၄၇၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်အေးလျက် ဒေသအတွင်း ရောင်းဝယ်မှုနှင့် ရန်ကုန်၊ အညာဒေသသို့ တင်ပို့မှုမှာလည်း လျော့နည်းကာ မြို့နယ်စုံ စပါးဈေးငြိမ်၍ ဈေးအေးနေကြောင်း ဈေးကွက်သတင်းများမှသိရပါသည်။ **မင်းမင်းဦး**

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့နည်းသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှဇန်နဝါရီ ၁၄ရက်မှ၂၀ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၅၄ သန်းဖိုးရှိ ဆန်တန်ချိန် ၃၁၁၇၄ တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန်၁၈၀၀၊ ဧည့်မထဆန် ၁၆၉၁၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၉၈ တန်၊ ဧည့်မထဆန်၃၄၃ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၁၈၁၈ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဆန် ၄၃၀၈၂တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၉၀၈တန် လျော့နည်းခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၈၇၃ သန်းဖိုးရှိ ဆန်ကွဲတန်ချိန် ၃၃၁၁တန်ကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၃၇၆ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၉၃၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၃၀၅၉ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီ၁၀ရက်မှ၂၁ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၀၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် တန် ၁၇၇၀၀ တင်ပို့ခဲ့ရာ ကင်မရွန်းနိုင်ငံသို့ ဧည့်မထဆန် တန် ၁၃၀၀၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန်၂၅၀၊ တရုတ်နိုင်ငံသို့ ဧည့်မထ ဆန်၂၃၇၅ တန်၊သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် တန် ၁၂၀၀၊အီးယူနိုင်ငံများသို့ ဧည့်မထဆန် တန် ၅၅၀၊ ငစိန်ဆန် တန် ၂၅၀ နဲ့ ပေါင်းဆန် ၇၅တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်၂၆၇၅ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၀၂၅တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၅ သန်းဖိုးနဲ့ တန်ချိန် ၆၃၇၅ ရှိပါတယ်။ ဆန်ကွဲကို စင်ကာပူနိုင်ငံသို့ တန် ၁၀၀၊ တရုတ်နိုင်ငံသို့၈၂၅တန်၊ အီးယူနိုင်ငံများသို့ တန်၅၄၅၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ဆန်ကွဲ၁၄၃၂၅တန် တင်ပို့ခဲ့တဲ့အတွက် တန်၇၉၅၀လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဆန်တင်ပို့မှုတွင် ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန်တင်ပို့မှုမှာအများဆုံးဖြစ်ပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၁-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၇၅ | ▽ | ၃၅၀ | - | - | ၃၅၅ | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၁၀% | ၇၈၄ | ၇၈၄ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | - | - | - | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၆၇ | ▽ | ၃၃၅ | - | - | ၃၄၀ | - | - | ၃၂၅ | - | - |
| ပေါင်းဆန် | ၃၉၅ | ၃၉၅ | □ | - | - | - | ၃၄၀ | - | - | ၃၆၅ | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၇-၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၆၀၀ | ▽ | ၁၆၅၀၀ | ▽ | ၈၂၀၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၂၃၀ | ▽ | ၂၁၅၀၀ | ▽ | ၆၈၃၀ | ▽ | ၂၈၀၀၀ | ▽ |
| ပဲခူး | ၄၃၀၀ | ▽ | ၁၆၀၀၀ | ▽ | ၆၁၅၀ | △ | ၂၈၀၀၀ | △ |
| ရွှေဘို | ၅၅၀၀ | △ | ၂၁၀၀၀ | △ | ၉၅၀၀ | ▽ | ၃၁၀၀၀ | △ |
| စစ်တွေ | ၃၇၅၀ | □ | ၁၆၀၀၀ | ▽ | ၇၂၀၀ | ▽ | ၃၀၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၁၈၀၀၀ | ▽ | - | - | ၃၂၀၀၀ | ▽ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | ▽ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | ▽ | ၂၁၀၀၀ | ▽ | - | - | ၃၁၀၀၀ | ▽ |
| မကွေး | ၆၀၀၀ | ▽ | ၁၉၀၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | ▽ | ၁၆၅၀၀ | ▽ | ၆၄၀၀ | △ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | ▽ | ၂၈၀၀၀ | △ | - | - | ၄၄၀၀၀ | △ |
| မြိတ် | ၄၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၈၀၀၀ | ▽ | - | - | ၃၄၀၀၀ | ▽ |
| တောင်ကြီး | - | - | ၂၂၅၀၀ | △ | - | - | ၄၀၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၃-၁-၂၀၁၇ မှ ၂၇-၁-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 521 | 29,601,605.200 |
| 2 | Form D | 45 | 1,962,351.190 |
| 3 | Form E | 112 | 2,770,628.320 |
| 4 | Korea GSP | 5 | 69,828.500 |
| 5 | Form AK | 87 | 3,977,917.060 |
| 6 | Form AJ | 15 | 385,885.950 |
| 7 | Form AI | 64 | 2,408,371.260 |
| 8 | Form AANZ | 7 | 109,217.780 |
| 9 | Form DFTP | - | - |
| **Grand Total** | | **856** | **41,285,805.260** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၇-၁-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၀/၁ | ၂၇/၁ | ပြောင်းလဲမှု | ၂၀/၁ | ၂၇/၁ | ပြောင်းလဲမှု | ၂၀/၁ | ၂၅/၁ | ပြောင်းလဲမှု | ၂၀/၁ | ၂၇/၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၇၄၇ | ၁၆၅၄ | ▼ | ၁၇၆၇ | ၁၆၀၀ | ▼ | ၁၅၅၀ | ၁၄၀၀ | ▼ | ၁၆၁၅ | ၁၆၀၀ | ▼ |
| ၂ ပဲစင်းငုံ | ၁၃၇၂ | ၁၃၂၂ | ▼ | - | ၁၂၆၇ | - | ၁၃၆၀ | ၁၂၇၅ | ▼ | ၁၃၃၅ | ၁၂၅၅ | ▼ |
| ၃ ပဲတီစိမ်း | ၁၂၃၀ | ၁၂၃၀ | ■ | ၁၇၂၄ | ၁၆၈၉ | ▼ | ၁၄၂၁ | ၁၂၇၉ | ▼ | ၁၂၄၀ | ၁၂၄၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၃၂၅၀ | ၂၇၀၀ | ▼ | - | - | - | ၂၀၅၃ | ၂၁၀၅ | ▲ | ၂၂၆၅ | ၁၈၉၅ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၆၅ | ▲ | ၁၃၆၇ | ၁၃၈၃ | ▲ | ၁၃၇၅ | - | - | ၁၄၂၀ | ၁၆၅၅ | ▲ |
| ၆ ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | ၈၄၂ | - | | ၇၆၅ | ၇၆၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၇-၁-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၀/၁ | ၂၇/၁ | ပြောင်းလဲမှု | ၂၀/၁ | ၂၅/၁ | ပြောင်းလဲမှု | ၂၀/၁ | ၂၅/၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၈၁၀ | ၇၈၀ | ▼ | ၈၈၇ | ၈၅၈ | ▼ | ၈၉၅ | ၉၀၉ | ▲ |
| ၂ ပဲစင်းငုံ | ၆၄၀ | ၆၀၀ | ▼ | ၆၉၇ | ၆၇၉ | ▼ | ၇၃၃ | ၇၁၁ | ▼ |
| ၃ ပဲတီစိမ်း | ၅၈၀ | ၆၇၀ | ▲ | ၆၇၅ | ၆၇၅ | ■ | ၆၈၉ | ၆၇၅ | ▼ |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၉၉၈ | ၉၂၄ | ▼ | ၉၉၈ | ၉၂၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၄.၁.၁၇)ထိ | ယခုတစ်ပတ် (၂၁.၁.၁၇)ထိ | (၁.၁.၁၇) မှ (၂၁.၁.၁၇) ထိ |
| မတ်ပဲ | ၁၀၆၇ | ၉၁၁၂ | ၂၃၅၃၆ |
| ပဲတီစိမ်း | ၂၄၃၂ | ၂၂၁၇ | ၆၀၃၉ |
| ပဲစင်းငုံ | ၁၉၆ | ၁၁၅၇ | ၂၆၀၂ |
| ကုလားပဲ | - | ၂၈ | ၁၇၀ |
| ပဲလွန်းဖြူ | - | - | - |
| မြေထောက်ပဲ | - | - | - |

## မုံရွာကုန်စည်ဒိုင်သို့ ပဲအဝင်ရှိသလောက် အရောင်းအဝယ်သွက်

ဇန်နဝါရီလ စတုတ္ထပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပြည်ပဝယ်လက်ပဲဖြစ်တဲ့ ပဲစင်းငုံသီးနှံသစ်များ ဝင်ရောက်မှုများသလို အရောင်းအဝယ်လည်း သွက်နေကြောင်းသိရပါတယ်။ မုံရွာ၊ ဘုတလင်၊ ကနီ၊ ယင်းမာပင် စသည့်မြို့နယ်များမှ နေ့စဉ်အိတ် ၁၅၀၀-၁၇၀၀ခန့်အဝင်ရှိပြီးရန်ကုန်ဝယ်လက်က နေ့တိုင်း ဝယ်ယူလျက်ရှိတာကြောင့် အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံတစ်တင်းပေါက်ဈေးမှာကျပ် ၂၅၅၀၀နှုန်းပေါက်လျက်ရှိပြီး ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ လေးသောင်းကျော် ငါးသောင်းနီးပါးဖြစ်ပြီး ယခုပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနိမ့်ကြောင်းတွေ့ရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဘိုစားပဲများတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၄ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၃ သန်းတန်ဖိုးရှိ အကြောအမျှင်မဲ့ တိုင်ထောင်ဘိုစားပဲသီး (အစို) ၁၇တန်နီးပါးတင်ပို့ခဲ့ပါတယ်။

ဘိုစားပဲတောင့်များကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလမှာ တန် ၅၀ စတင် တင်ပို့ခဲ့တာဖြစ်ပြီး တစ်တန်ကို မိမိဘက် ပေါက်ဈေး အမေရိကန်၁၈၅ဒေါ်လာရှိတယ်လို့သိရပါတယ်။

**မော်မော်အောင်**

## ဇန်နဝါရီလကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ အဝင်များလာခဲ့လို့ အရောင်းအဝယ်သွက်နေတဲ့ မတ်ပဲဈေး ယခင်နှစ်ထက်ကျဆင်း



ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇန်နဝါရီ တတိယပတ်မှစ၍ ဆောင်းပဲသစ်မျိုးစုံ အထွက်လှိုင်လာလို့ ဝင်ရောက်မှုများလာကာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများအပြင် ကုလားပဲသီးနှံသစ်အချို့လည်း ဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။ ပဲတီစိမ်းသီးနှံမှာ အထွက်နည်းသွားပြီဖြစ်လို့ ယခုတစ်ပတ်မှာအိတ် ၃၀၀ကျော်လောက်သာ အဝင်ရှိခဲ့ပေမယ့် မတ်ပဲနှင့် ပဲစင်းငုံသီးနှံများက ပိုပြီးဝင်ရောက်မှုများခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ ယခုနှစ်အတွင်း ပဲအဝင်စောခဲ့လို့ ယခုရက်ပိုင်းမှာ တစ်ရက်အိတ် ၅၀၀ ကျော် ၆၀၀အထိ ပန်းတောင်း၊ မင်းတုန်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များနှင့် ပြည်အနီးတစ်ဝိုက်ကျေးရွာများမှ ဝင်ရောက်ခဲ့ကြသလို ရန်ကုန်ဝယ်လက် ဝယ်လိုအားကောင်းခဲ့ကာ ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၃၂၅၀၀ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ ခန့်လျော့နည်းပါတယ်။ ယခင်နှစ်က ဈေးနှုန်းနဲ့နှိုင်းယှဉ်ပါက တစ်တင်းကျပ် နှစ်သောင်းကျော် လျော့နည်းတယ်လို့လည်း သိရပါတယ်။ ယခင်နှစ်က ဇန်နဝါရီလအတွင်း ပဲသစ်စဝင်သော်လည်း ယခုနှစ်တွင် ပဲဝင်ရောက်မှု မများခဲ့ဘဲ ပဲအဝင်ပါးနေတာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ အောက်တိုဘာလမှစ၍ ပဲသစ်များ ဝင်ရောက်ခဲ့တာကြောင့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ပဲထွက်ရှိမှုများလာလို့ ဈေးကွက်အတွင်း ဝင်ရောက်မှုများခဲ့ပြီး ယင်းလများအတွင်း အရောင်းအဝယ်အသွက်ဆုံးပဲဖြစ်ခဲ့ကာ မန္တလေးလိုင်းသမားများရဲ့ ဝယ်လိုအားကောင်းလို့ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတစ်တင်းကျပ်သုံးသောင်း အောက်သာ ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခုတစ်ပတ်မှာတော့ မတ်ပဲ၊ ပဲစင်းငုံနှင့်ယှဉ်လျှင် ပဲအဝင်လျော့သွားလို့ တစ်ရက် အိတ် ၂၀၀/၃၀၀ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပန်းတောင်းနှင့် ကံမမြို့နယ်မှဝင်ရောက်ခဲ့ပြီး ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်မှုရှိခဲ့ပေမယ့် ပဲသီးနှံ ခူးဆွတ်ချိန်နည်းသွားသလို ထွက်ရှိမှုပါးသွားခဲ့လို့ မတ်ပဲ၊ ပဲစင်းငုံတို့ထက် ပဲအဝင်လျော့နည်းသွားခြင်းဖြစ်တယ်လို့သိရပါတယ်။

ပြည်တွင်းဝယ်လက် အဓိကဖြစ်တဲ့ ပဲကြီးနှင့် ကုလားပဲသီးနှံမှာကုလားပဲသစ်အချို့ဝင်ရောက်လာပြီဖြစ်ပေမယ့်ပဲကြီးသီးနှံကတော့ ပဲသစ်ဝင်ရောက်မှုမရှိသေးဘဲ ပဲလက်ကျန် အနည်းငယ်ဖြင့် ပဲကြော်ဖိုသမားများ ပုံမှန်ဝယ်ယူနေကြတာကိုတွေ့ရပါတယ်။ သို့သော်လည်း(ရွှေကျွန်း)ပဲထက်(ကမ်းနား)ပဲက ပိုအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရကာ နေ့စဉ်အိတ် ၂၀၀ကျော် ဝယ်ယူခဲ့ပါတယ်။ (ရွှေကျွန်း)ပဲမှာ ရက်ခြားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ(ရွှေကျွန်း)တစ်တင်း ကျပ် ၂၉၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၂၇၀၀၀ဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲထဲမှာ ပဲလွန်းဖြူသီးနှံက ပဲသစ်ဝင်ရောက်မှုရှိလို့ ပဲတစ်တင်းကျပ် ၂၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို ထောပတ်ပဲနှင့် ပဲနီပြားသီးနှံမှာ ပဲသစ်မဝင်ရောက်သေးဘဲ လက်ကျန် အနည်းငယ်ဖြင့် လက်လီသမားအချို့နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကာ ထောပတ်ပဲတစ်တင်း ကျပ်၁၅၀၀၀၊ပဲနီပြားတစ်တင်း ကျပ်၁၈၀၀၀ ရရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံကတော့ လက်လီပဲဈေးကွက်ရဲ့ ဈေးအမြင့်ဆုံးရတဲ့ ပဲဖြစ်လို့ တစ်တင်းကျပ် ၄၀၀၀၀ အထိရရှိခဲ့ကြကာ နေ့စဉ်အိတ် အနည်းငယ် ရောင်းချခဲ့ကြရတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲစင်းငုံဈေးကွက်အရောင်းအဝယ်သွက်

ယခုတစ်ပတ်ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ် အသွက်ဆုံးဖြစ်နေခဲ့တဲ့ ပဲကတော့ ပဲစင်းငုံသီးနှံဖြစ်ပါတယ်။ ပဲဝင်ရောက်မှုလည်းများလာသလို ဝယ်လိုအားကလည်း ကောင်းနေခဲ့တယ်လို့ သိရပါတယ်။ မင်းတုန်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ယခုချိန်ဟာ ပဲအထွက်လှိုင်လာချိန်ဖြစ်လို့ ဈေးကွက် အတွင်း အိတ် ၇၀၀ ကျော် ၈၀၀ကျော်အထိ ဝင်ရောက်ကာ အိတ် ၈၀၀ ကျော်နေ့စဉ် ရန်ကုန်ဝယ်လက်အဝယ်ရှိခဲ့ပါတယ်။ ပဲဈေးမှာတစ်တင်း ကျပ် ၂၅၅၀၀ဖြင့် ဈေးငြိမ်နေတာကြောင့် မတ်ပဲနှင့်ပဲစင်းငုံသီးနှံများထက် လျော့နည်းနေခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ဈေးမြင့်လာတဲ့ ပြည်ပဲပုပ်လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်အတွင်း ပဲပုပ်သီးနှံသစ်များ ဝင်ရောက်ပေမယ့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများကဲ့သို့ အဝင်မများဘဲ အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့ရာမှ ယခုတစ်ပတ်မှာ ပဲအဝင်အေးခဲ့လို့ လက်ကျန်ပဲလောက်သာရှိခဲ့တဲ့အတွက် လက်လီသမားအချို့နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးအနည်းငယ်တက်လာလို့ တစ်တင်း ကျပ် ၂၁၀၀၀ ကျပ် ရရှိခဲ့ကာ ယခင်တစ်ပတ်က ရရှိခဲ့တဲ့ တစ်တင်းကျပ် ၁၉၅၀၀ဈေးနဲ့နှိုင်းယှဉ်ရင် မြင့်တက်ခဲ့တယ်လို့သိရပါတယ်။ အခြားပဲများ ယခင်နှစ်နှင့်ယှဉ်လျှင် ဈေးအတက်/အကျ အပြောင်းအလဲ ရှိခဲ့ပေမယ့် ပဲပုပ်သီးနှံမှာ ယခင်နှစ်ကလည်း နှစ်ဆန်းပိုင်းမှာ တစ်တင်း ကျပ် ၁၉၀၀၀ သာရရှိနေလို့ ဈေးအပြောင်းအလဲကွာခြားမှုသိပ်မရှိဘူးလို့ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲသစ် ဈေးကွက်သို့ စဝင်ပေမယ့် အရောင်းအဝယ်အေး

ပြည်ပဲဈေးကွက်သို့ နှစ်ဆန်းပိုင်းကာလတွင် ပဲသစ်မျိုးစုံဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်မှာ ကုလားပဲသစ် အနည်းငယ် စတင်ဝင်ရောက်ခဲ့တယ်လို့သိရပါတယ်။ ဒါပေမဲ့ အရောင်းအဝယ်ဖြစ်လောက်အောင် ဝင်ရောက်မှုမများသေးဘဲ ပဲဟောင်း လက်ကျန်အနေနဲ့ကတော့ ပုံမှန်ရောင်းဝယ်မှုရှိခဲ့ပါတယ်။ ပဲခွဲစက်သမားများသာ အဝယ်ရှိကြတဲ့အတွက် တချို့ရက်တွေမှာ အရောင်းအဝယ်ပါးခဲ့တယ်လို့ သိရပါတယ်။ ပဲဟောင်းဈေးမှာ ယခင်တစ်ပတ်အထိ တစ်တင်း ကျပ်၄၅၀၀၀ရရှိနေခဲ့ပြီး ပဲသစ်ဈေးကတော့ တစ်တင်း ကျပ် ၃၅၀၀၀ ဖြင့် ဈေးဖွင့် ဝယ်ယူလို့ ပဲဟောင်းဈေးထက် လျော့နည်းနေခဲ့ပေမယ့် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံဈေးများထက်ဈေးပိုနေတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၉)ဖွင့်လှစ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းက ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်ကပြောကြားရာတွင် ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်နှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်၍ ကုန်သွယ်မှုသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုအခြေခံသင်တန်းရှစ်ကြိမ်နဲ့အဆင့်မြင့်သင်တန်းသုံးကြိမ်၊ Week-end Course တစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၇၅၀ ဦးခန့် တက်ရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာပညာရပ်များကို ကုန်သွယ်မှုသင်တန်းကျောင်း၌ သင်ကြားပို့ချပေးလျက်ရှိရာတွင် ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ ဉာဏမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စသည့်လုပ်ငန်းနယ်ပယ်အသီးသီး၏ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ပို့ချလျက်ရှိသည့်အပြင် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာ လုပ်ငန်းများတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များအား မိမိဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့်သက်ဆိုင်သောအခြား ဝန်ကြီးဌာနများ၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာထမ်းများ၊ ပြင်ပဘာသာရပ်ကျွမ်းကျင်သူပညာရှင်များက လာရောက်ပို့ချမှာဖြစ်ကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများအား ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းဌာနများသို့ လက်တွေ့လေ့လာရေးခရီးစဉ်များကို စီမံဆောင်ရွက်ပေးမှာဖြစ်ပြီး၊ ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာရှင်များ၏ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း စီမံဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ ယခုဖွင့်လှစ်လိုက်သည့်အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉)သို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးလခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**မယ်သီတာ**

# အာဖရိကမှ ဆန်ပိုမိုဝယ်ယူမှုကြောင့် အိန္ဒိယဆန်စျေးနှုန်းမြင့်တက်

တရုတ်နှစ်သစ်ကူးရာသီကြောင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ဆန်ပို့ကုန်စျေးကွက်များတွင် ဝယ်လက်မရှိသဖြင့် စျေးကွက်အေးနေသော်လည်း အိန္ဒိယနိုင်ငံတွင်မူ အစိုးရကိုယ်စားလှယ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက ဆန်ကို သူ့ထက်ငါ အပြိုင်အဆိုင်ဝယ်ယူလျက်ရှိခြင်းကြောင့် အိန္ဒိယနိုင်ငံတွင် ဆန်စျေးနှုန်းသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း စျေးတက်ခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့သည့် အိန္ဒိယနိုင်ငံတွင် အစိုးရကိုယ်စားလှယ်များနှင့် ပို့ကုန်လုပ်ငန်းရှင်များက ပြည်တွင်းစျေးကွက်ရှိ မကြိတ်ခွဲရသေးသည့် ဆန်များကို စျေးမြင့်၍ ဝယ်ယူမှုကြောင့် ဆန်ကွဲငါးမှတ်ပါ ပေါင်းဆန်စျေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၂ မှ ၃၅၇ သို့ စျေးတက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း အာဖရိကနိုင်ငံရှိ ဝယ်လက်များမှ ဆန်ဝယ်ယူမှုတိုးတက်ခဲ့ကြောင်း၊ ဆန်စျေးကွက်တွင် ဆန်သစ် ရောင်းလိုအားများသော်လည်း အစိုးရကိုယ်စားလှယ်များ အပြိုင်ဝယ်ယူလျက်ရှိကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ စပါးအထွက်နှုန်းသည် စပါးစိုက်ရာသီဖြစ်သည့် ၂၀၁၇ ခုနှစ် ဇွန်လတွင် တန်ချိန် ၉၃ ဒသမ ၈၈ သန်း ထွက်ရှိနိုင်မည်ဖြစ်ပြီး အဆိုပါပမာဏသည် ယမန်နှစ်က ထွက်ရှိမှုထက် ၂ ဒသမ ၈၁ ရာခိုင်နှုန်းမြင့်တက်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်တွင် ဆန်ကွဲငါးမှတ်ပါ ထိုင်းဆန် (FOB) ဗန်ကောက် သတ်မှတ်စျေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ မှ ၃၆၅ အတွင်းရှိခဲ့ပြီး၊ တရုတ်နှစ်သစ်ကူးပိတ်ရက်များကြောင့် သင်္ဘောတင်ပို့မှုလုပ်ငန်းများ ရပ်နားထားသဖြင့် ကုန်အမှာစာများ မရှိခဲ့ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဆန်ကွဲငါးမှတ်ပါ ဗီယက်နမ်ဆန် (FOB) Saigon စျေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ မှ ၃၅၀ အတွင်းရှိသော်လည်း ပြည်ပဝယ်လိုအား မရှိခြင်းကြောင့် ဇန်နဝါရီလ တတိယပတ်အတွင်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ မှ ၃၄၅ သို့ စျေးကျဆင်းခဲ့ကြောင်း ဟိုချီမင်းရှိ ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

**စန္ဒာထွန်း(TTI)**

# တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် အတည်ပြု

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၃ ရက်က ပေကျင်းတွင် ကျင်းပခဲ့သော အစည်းအဝေး၌ အတည်ပြုခဲ့သည်။

စီမံကိန်းပထမအဆင့်အနေဖြင့် လူနေမှုအဆင့်အတန်းများ မြှင့်တင်ပေးနိုင်ရေးအတွက် ဘဏ်လုပ်ငန်းနှင့် ဆက်နွယ်သော လုပ်ထုံးလုပ်နည်းများကိုသာ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရအဖွဲ့ ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်အရာရှိများ၏ အစည်းအဝေးအပြီးတွင် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Gao Hucheng က ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အဆိုပါအစည်းအဝေးရလဒ်အား ယေဘုယျသဘောတူညီခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမှမထွက်ခွာမီ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သည်အနေဖြင့် လုပ်ငန်းစဉ်နှင့်စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော်နိုင်ရေးအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ကြောင်း Gao က ညှိနှိုင်းအစည်းအဝေးစတင်ခဲ့သည့် ဇန်နဝါရီ ၂၃ ရက်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံလုပ်ငန်းများဖြစ်သည့် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆည်မြောင်းတာတမံများ ဆောက်လုပ်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆင်ပြေချောမွေ့ပြီး တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ အကျိုးရှိသော အထောက်အပံ့များကို ရရှိလာမည်ဖြစ်ကြောင်း Gao က ပြောကြားခဲ့သည်။

ယခုစီမံကိန်းသည် ခြောက်နှစ်ကြာမြင့်မည်ဖြစ်ပြီး၊ လာမည့်မတ်လအတွင်း၌ နှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၃ ရက်က တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Wang Yang နှင့် ဖိလစ်ပိုင် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ ယင်းကဲ့သို့ တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အလားအလာကောင်းများရှိသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ အနေဖြင့် အရေးကြီးသော သဘောတူညီချက်များရရှိပြီး လုပ်ငန်းများအကောင်အထည်ဖော်နိုင်သည်အထိ ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း Wang က ပြောကြားခဲ့သည်။

**ခင်စုစုလှိုင် (CJ)**

# ဆားဘီးယားနိုင်ငံတွင် Bank of China ၏ ဘဏ်ခွဲတစ်ခုကို တရားဝင်ဖွင့်လှစ်

ဆားဘီးယားနိုင်ငံ၏မြို့တော် ဘဲလ်ဂရိတ်တွင် တရုတ်နိုင်ငံမှ ဘဏ်ကြီးတစ်ဘဏ်ဖြစ်သည့် Bank of China ၏ ဘဏ်ခွဲတစ်ခုကို ဇန်နဝါရီ ၂၁ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အဆိုပါဘဏ်သည် ဆားဘီးယားနိုင်ငံတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်လိုက်သည့် တရုတ်လူမျိုးပိုင်ဆိုင်သည့် ဘဏ်တစ်ဘဏ်ဖြစ်ကြောင်း သိရသည်။

Bank of China ၏ ဥက္ကဋ္ဌဖြစ်သူ တီအန်းက ယခုကဲ့သို့ ဘဏ်ခွဲဖွင့်လှစ်လိုက်ခြင်းသည် တရုတ်နိုင်ငံနှင့် ဆားဘီးယားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည့် အရေးပါသည့်ခြေလှမ်းတစ်ရပ်ပင်ဖြစ်ကြောင်း ဘဏ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

Bank of China သည် အာရှ၊ ဥရောပနှင့် အာဖရိကဒေသများကို ဆက်သွယ်ပေးမည့် တရုတ်နိုင်ငံ၏ Belt and Road Initiative လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရေးအတွက် ပိုမိုအထောက်အကူပြုမည်ဖြစ်သည်။

"ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေဖို့၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပိုမိုအထောက်အကူရစေဖို့နဲ့ ဘဏ္ဍာရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ နှစ်နိုင်ငံအတွင်းမှာရှိတဲ့ ကျွန်တော်တို့ရဲ့ စီးပွားဖက်တွေကို လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် Bank of China Serbia ကို ဖွင့်လှစ်လိုက်တဲ့အတွက် နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမှာ အခွင့်အလမ်းကောင်းတွေကို ရရှိနိုင်ဖို့၊ နိုင်ငံတကာနဲ့ ကုန်သွယ်မှုဆောင်ရွက်ရာမှာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့၊ လုပ်ငန်းကျွမ်းကျင်မှု အခြေအနေကောင်းတွေကို ရရှိနိုင်ဖို့ စတဲ့အခွင့်အရေးတွေကို ရရှိမှာဖြစ်ပါတယ်"ဟု တီအန်းက ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဆားဘီးယားနိုင်ငံတွင် တရုတ်နိုင်ငံ၏ ပုဂ္ဂလိကဘဏ်ခွဲတစ်ခု လာရောက်ဖွင့်လှစ်ခဲ့သဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင် အရေးပါသောကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း ဆားဘီးယားသမ္မတ နီကိုလပ်က အဆိုပါဘဏ်ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဆားဘီးယားဘဏ္ဍာရေးဝန်ကြီး ဒူဆန်ဗူဂျီဗစ်က Bank of China ဘဏ်ခွဲအသစ်ကို ဖွင့်လှစ်လိုက်ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးနယ်ပယ်အသီးသီးတွင် အခွင့်အလမ်းကောင်းများကို ပိုမို နက်ရှိုင်းစွာ ဖန်တီးဖော်ဆောင်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခင်စုစုလှိုင် (CJ)**

## ကြက်သွန်

# မုံရွာကြက်သွန်နီ ဈေးအနည်းငယ်မြင့်တက်

ဇန်နဝါရီလ စတုတ္ထပတ်မှာ မုံရွာပွဲရုံစားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် မိုးကြက်သွန်နီသစ်များဈေးကွက်အတွင်းသို့ ဝင်ရောက်မှုမှာ နေ့စဉ်ပိဿာ ၁၅၀၀၀ ခန့်သာအဝင်ရှိပြီး ယခင်နှစ်ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ကြက်သွန်နီဝင်ရောက်မှုနည်းနေကြောင်းသိရှိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီ လက်ကားပေါက်ဈေးနှုန်းမှာ တစ်ပိဿာ နိမ့်၊ လတ်၊ မြင့်၊ ကျပ် ၁၂၀၀၊၁၃၀၀၊၁၄၀၀၊ လက်လီပေါက်ဈေးမှာ ကျပ်၁၃၀၀၊ ၁၄၀၀၊ ၁၅၀၀ နှုန်းနှင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ်မြင့်တက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူ(ဟောင်း) တစ်ပိဿာ ဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ) ကျပ် ၅၅၀၀၊ (ရှမ်း) ကျပ် ၄၈၀၀၊ လက်လီကတော့ တစ်ပိဿာ (ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း)ကျပ် ၅၀၀၀ဖြစ်ပြီး အတက်အကျမရှိ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး အသစ်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက် လျက်လက်လီအနေနဲ့ အရောင်းအဝယ်ပုံမှန် ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီ ပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ် (မုံရွာ)**

# ပြည်ကြက်သွန်နီဈေးကွက် ယခုတစ်ပတ်အတွင်း တက်ရိပ်ပြ

ယခုတစ်ပတ်ကြက်သွန်နီဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်ထက် ပျမ်းမျှ ကျပ် ၂၀၀ ခန့်မြင့်တက်သွားကြောင်း သိရပါတယ်။ လက်ကား (ကြီး) တစ်ပိဿာလျှင် ကျပ်၁၇၀၀-၁၈၀၀၊ (လတ်) ကျပ်၁၆၅၀-၁၇၀၀-၁၇၅၀၊(သေး)ကျပ်၁၄၀၀-၁၅၀၀-၁၆၀၀တို့နှင့် ရောင်းဝယ်နေပြီး လက်လီဈေးများတွင် တစ်ပိဿာကို (ရှယ်) ကျပ် ၂၀၀၀၊(ကြီး)၁၈၅၀-၁၉၀၀၊(လတ်)ကျပ် ၁၇၀၀-၁၈၀၀၊(သေး)ကျပ်၁၅၅၀-၁၆၀၀-၁၇၀၀ တို့နှင့် အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခုလို ဈေးနှုန်းမြင့်တက်လာသည်ကို အကြောင်းပြု၍ ပြည်ပွဲရုံလုပ်ငန်းရှင်များက ယခုတစ်ပတ်မှစ၍ တရုတ်ကြက်သွန်နီ၊ အိန္ဒိယကြက်သွန်နီများ ဈေးကွက်သို့တင်သွင်းနေတဲ့အတွက် ရှေ့လာမည့် သီတင်းပတ်များတွင် ဈေးနှုန်းများကျဆင်းလာဖွယ်ရှိကြောင်း သုံးသပ်လျက်ရှိပါတယ်။

ပြည်ဈေးကွက်သို့ နယ်အဝင်မှာ ပုံမှန်ဝင်နေကျ ရေနံချောင်း၊ တောင်တွင်းကြီး၊ပခုက္ကူ စတဲ့နယ်စုံမှပုံမှန်အဝင်ရှိနေပြီး အရောင်းအဝယ်အားဖြင့် ယခုတစ်ပတ်အတွင်း ပွဲရုံများတွင် ဒေသတွင်းဝယ်လက်များနဲ့ ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် ပိဿာ ၃၀ ဝင် အိတ် ၁၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပုံမှန်ထက် အနည်းငယ်အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**



# ရှမ်းကြက်သွန်ဖြူ ဈေးကွက်အဝင်စောပြီး ဈေးကောင်းရ

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အဓိကသီးနှံတစ်ခုဖြစ်တဲ့ ကြက်သွန်ဖြူက ဒီနှစ်မှာ အရောင်းအဝယ်ကောင်းနေပါတယ်။ အရင်နှစ်တွေကတော့ ကြက်သွန်ဖြူအစားပြောင်းသီးနှံကို အစားထိုးစိုက်ပျိုးခဲ့ကြတာကြောင့် အထွက်နှုန်းကလည်း နည်းသွားပါတယ်။ စိုက်ဧကနည်းသလို အထွက်နှုန်းကလည်း နည်းသွားလို့ ဈေးနှုန်းဈေးကွက်သဘောအရ အထွက်နည်းရင် ဈေးတက်လာလေ့ရှိပါတယ်။ ရှမ်းကြက်သွန်ဖြူကို ကျန်းမာရေးအတွက် ကောင်းမွန်တယ်ဆိုပြီး စားသုံးမှုများလာလို့ဈေးကလည်း ကောင်းလာပါတယ်။ ခရမ်းစွဲလို့ခေါ်တဲ့ကြက်သွန်ဖြူက ထိုင်းနိုင်ငံဘက်ကိုအဓိကသွားပါတယ်။ ဒီနှစ်တော့ ခရမ်းစွဲကြက်သွန်ဖြူကအဝယ်လိုက်လို့အစောကြီးကုန်သွားတာကြောင့် ရှမ်းကြက်သွန်ဖြူကိုဝယ်ယူမှုများလာလို့ဈေးတက်လာပါတယ်။ နှစ်စဉ်ဆိုရင် ရှမ်းကြက်သွန်ဖြူကို သီတင်းကျွတ်/တန်ဆောင်မုန်းမှာစိုက်ပြီး ခြောက်လသက်တမ်းရှိလို့တပေါင်း/တန်ခူးမှာထွက်လေ့ရှိပါတယ်။ဒီနှစ်တော့ ကြက်သွန်ဖြူဈေးကောင်းတဲ့အတွက်ခပ်စောစောထွက်နိုင်အောင် ရေသွင်းပြီးစိုက်ပျိုးခဲ့လို့ သုံးလလေးလသက်တမ်းနဲ့ထွက်ရှိလာတယ်လို့သိရပါတယ်။ တောင်ကြီးဈေးကွက်မှာကြက်သွန်ဖြူအသစ်တွေ ဝင်လာပါပြီ။ ဈေးကတော့ တစ်ပိဿာ ကျပ် ၃၀၀၀မှ ၄၀၀၀ ဈေးရှိပါတယ်။

အဟောင်းလက်ကျန် နည်းသွားပြီး ပိဿာချိန်သောင်းဂဏန်းခန့်သာ ကျန်ရှိတယ်လို့ သိရပါတယ်။ အဟောင်းဈေးကတော့ (လက်ခြား)ကျပ်၄၃၀၀၊ (ထူး-၁) ကျပ် ၄၅၀၀၊ (ထူး-၂) ကျပ် ၄၈၀၀၊ (ထူး- ၃)ကျပ် ၅၀၀၀၊ (ထူး-၄) ကျပ် ၅၂၀၀ နှင့်(ထူး- ၅)ကျပ်၅၄၀၀ဈေးရှိပါတယ်။ **(ဇေခိုင်၊ တောင်ကြီး)**

## နနွင်း

# မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၃၀၁၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၃၄တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ တန် ၅၀ ခွဲနဲ့ မြဝတီမှ ၂၄ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ နနွင်းတင်ပို့မှု လျော့နည်းခဲ့တာတွေ့ရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၅ ဇန်နဝါရီလက နနွင်းတက် တစ်တန်ဈေးမှာ (ငွေလဲနှုန်းအရ) ၅၈၈၀၀၀ကျပ်ရှိခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလမှာတော့ ၈၉၉၇၄၅-၉၀၁၇၄၀ ကျပ်ဈေးအထိ မြင့်တက်ခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။ **မော်မော်အောင်**

# ရှမ်းနနွင်းကို ပြည်တွင်းပြည်ပ ဝယ်လက်တို့ အဝယ်ရှိ

ရှမ်းနနွင်းအသစ်တွေကလည်းဈေးကွက်ကိုဝင်လာပါပြီ၊၂၀၁၆ ခုနှစ်မှာ နနွင်းက ချင်းထက်ပိုပြီးအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နနွင်းကိုပြည်တွင်းသုံးအပြင်၊ ပြည်ပဝယ်လက်တွေကပါ ဝယ်ယူလာတာကြောင့် တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်၊ ရှမ်းနနွင်းကို ပြည်ပဝယ်လက်တွေက စိတ်ဝင်စားပေမယ့် နနွင်းက မျိုးသန့်ဖို့လိုတယ်လို့ဆိုပါတယ်။ နနွင်းကို အရောင်အလိုက် ခွဲခြားပြီးရောင်းပါက ပိုပြီးဈေးကွက်ဝင်နိုင်တယ်လို့ ဆိုပါတယ်။ အခုလောလောဆယ်ရောင်းနေတဲ့နနွင်းတွေကရောရာဖြစ်နေလို့ ဈေးကွက်သိပ်ပြီးမဝင်လှပါဘူး။ နနွင်းမှာအနီရောင်က အကောင်းဆုံးလို့ပြောကြပြီး အနီရောင်စစ်စစ်ကတော့ ရှမ်းပြည်နယ် ကလောမြို့နယ် ဆင်တောင်ကျေးရွာကထွက်တဲ့ ဆင်တောင်နနွင်းနဲ့ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၊ ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ နနွင်းကိုသာတွေ့ရတယ်လို့လည်းဈေးကွက်မှသိရှိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းကထွက်ရှိတဲ့နနွင်းကိုတော့ အစိုဈေးအတိုင်းဝယ်နေပြီး၊ အနီသီးသန့်ဆိုရင် ကျပ် ၃၀၀ မှ ၄၀၀၊ အဝါ/အနီရောရင် ကျပ်၂၅၀ဈေးရှိပါတယ်။ ဈေးကွက်မှာတော့ လတ်တလော အဝင်နည်းနေပါသေးတယ်။ အစိုအတိုင်းအရောင်းအဝယ်ရှိနေသလို ပြုတ်ခြောက်လည်းပြုလုပ်နေကြပါတယ်။ အစိုအတိုင်းထားပါကခြောက်လခန့်သာအထားခံပြီး ပြုတ်ခြောက်ပြုလုပ်ထားပါက နှစ်ပေါက်အောင်ထားလို့ရတာကြောင့် ပြုတ်ခြောက်အဖြစ်ပြုလုပ်ကြတယ်လို့လည်း သိရပါတယ်။

ယခုတစ်ပတ်အောင်ပန်းဈေးကွက်မှာနနွင်းခြောက်ကဟိုပုံးနနွင်းဆိုရင် ကျပ် ၁၃၀၀၊ အောင်ပန်း(တောင်ပို့လ)ထိပ်စက ကျပ် ၁၅၀၀နဲ့ ဆင်တောင်နနွင်းက ကျပ် ၁၈၀၀ ဈေးရှိပါတယ်။ **ဇေခိုင် (တောင်ကြီး)**

# ရှမ်းချင်းအဝင်လှိုင်လာကာ အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ရှိလာ

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရှမ်းချင်းတွေ ဒေသအစုံက ထွက်ရှိလာပါပြီ။ ကလောမြို့နယ်ရှိ အောင်ပန်း၊ ပင်းတယ၊ ပင်လောင်း၊ ဟဲဟိုး စတဲ့မြို့တွေအပြင် တောင်ကြီးမြို့နယ်ရှိ ဟိုပုံး၊ ဆီဆိုင်၊ နမ့်ခုတ်၊ ဘန်းယဉ်၊ လွိုင်လင်မြို့နယ်ရှိ နမ့်စန် စတဲ့ မြို့တွေကထွက်ရှိလာတာကြောင့် ဈေးကွက်မှာ အဝင်လှိုင်လာပါတယ်။ ဟိုပုံးမြို့နယ်အတွင်းရှိဒေသ တွေကထွက်ရှိတဲ့ ချင်းတွေက ဟိုပုံးနဲ့ အောင်ပန်းဈေးကွက်ကို ဝင်သလို နမ့်စန်မြို့တွေက ထွက်တဲ့ ချင်းတွေကလည်း အောင်ပန်းကို ဝင်ပါတယ်။ ဒါကြောင့် အောင်ပန်းပွဲရုံမှာ ချင်းအဝင်က တစ်ရက်ကို ပိဿာချိန် သောင်းချီပြီး အဝင်ရှိတယ်လို့ သိရပါတယ်။ ရှမ်းချင်းကို တပ်ကုန်းက အချပ်ပြားလုပ်ဖို့ ဝယ်ယူမှုရှိသလို ချင်းထိုးသမားတွေကလည်း အလှူပွဲတွေအတွက် ရန်ကုန်၊ ပြည်၊ မုံရွာ စတဲ့ မြို့တွေက ကြိုတင်ဝယ်ယူထားတယ်လို့သိရပါတယ်။ တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြည်ပ ဝယ်လက်တွေကတော့ အော်ဂဲနစ်ချင်းတွေကို ပိုပြီး ဝယ်ယူလိုကြပါတယ်။ သဘာဝချင်းတွေကိုတော့ နောင်နှစ်တွေမှာ ပိုမို စိုက်ပျိုးလာနိုင်တယ်လို့လည်း ဈေးကွက်မှသိရှိရပါတယ်။

ယခုတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုက အရည်အသွေးပေါ် မူတည်ပြီး အရောင်းအဝယ် ပြုလုပ်ကြပါတယ်။ အညွှံ့စတွေက တစ်ပိဿာ ကျပ် ၃၀၀ရှိပြီး လတ်စတွေက ကျပ် ၃၆၀ ၊ ထိပ်စတွေက ကျပ် ၄၃၀ ဈေးရှိပါတယ်။ ဟိုပုံးချင်းတွေကတော့ တစ်ပိဿာ ကျပ် ၃၀၀ - ၃၂၀ ရှိပြီး နမ့်စန် ချင်းက ကျပ် ၂၈၀-၃၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကိုတော့ လှောင်လက်တွေဖြစ်တဲ့ ရန်ကုန်၊ ပြည်မြို့တွေက အဝယ်ရှိပြီး တစ်ပိဿာကို ကျပ် ၁၅၀၀ မှ ကျပ် ၁၈၀၀ အထိ ဈေးပေါက်ပါတယ်။ တစ်ပတ်အတွင်း ချင်းခြောက်ပိဿာချိန်ပေါင်း ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## ချင်း

# ပြည်ချင်းဈေးကွက် အဝင်များပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ်ပြည်ချင်းဈေးကွက် အတွင်းရှိ ပွဲရုံများမှာချင်းများ အရောင်းသွက်နေကြောင်းသိရပါတယ်။ တောင်ကြီး၊ အောင်ပန်းဘက်မှ ချင်းတက်အခက်ကြီးများ အဝင်များလာပါတယ်။ ယခုတစ်ပတ်ပြည်ဈေးကွက်သို့ ပိဿာ ၃၀ဝင် အိတ် ၂၀၀ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်များထက် အဝင်များလာတာတွေ့ရပါတယ်။အဝင်များပေမယ့် နယ်ဝယ်လက်အဆွဲများတာကြောင့် ဝင်သလောက် ရောင်းချရကြောင်း သိရပါတယ်။ ယခုအချိန်က ချင်းတက်အသစ်များ ကြာရှည်အထားခံတဲ့အတွက် မှာယူတင်သွင်းမှု ပိုမိုများပြားလာပါတယ်။ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းမပြောင်းလဲဘဲ ချင်းတက်တစ်ပိဿာကျပ် ၅၀၀ မှ ၇၀၀ဖြင့် လက်လီလက်ကား ရောင်းဝယ်နေသူများမှ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှုအပါအဝင် ပွဲရုံများ၌ ပိဿာချိန် ၉၀၀ ခန့်အရောင်းအဝယ်ဖြစ်ပြီး ယခင်ကာလများထက် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ **ဝင်းဝင်းခိုင်**

# စစ်တွေမှ ချင်းစို လျော့နည်းတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၁၆၀ တန်ဖိုးရှိ ချင်းစို ၁၆ တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က တန် ၂၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းလျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခင်သီတင်းပတ်က ချင်းစို တစ်တန်ကို (မိမိဘက်ပေါက်ဈေး) မှာ ငွေလဲနှုန်းအရ ၁၀၃၉၃၀၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၁၀၂၉၈၀၀ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ပါတယ်။

**မော်မော်အောင်**





# မျက်မှောက်ခေတ် ကုန်သွယ်ရေး ကိုလိုနီစနစ်သစ် (သဘောတရားနှင့် နမူနာဖြစ်ရပ်များ)

| သိန်းမြင့်ဝေ |

## ကိုလိုနီလက်သစ်ဝါဒ၏ သဘော

မျက်မှောက်ခေတ် နိုင်ငံတကာ ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်ဆိုသည်မှာ ကိုလိုနီပြုလုပ်လိုသည့် နိုင်ငံသည် အခြားနိုင်ငံတစ်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးရန် အရင်းရှင်ဝါဒ၊ စီးပွားရေး ကမ္ဘာဆန်ခြင်း (Business globalization) နှင့် ယဉ်ကျေးမှုကိစ္စရပ်များကို အသုံးချ၍ ပထဝီဝင်နိုင်ငံရေး ကျင့်သုံးခြင်း ဖြစ်သည်။

ယခင်က နိုင်ငံတကာ ကုန်သွယ်မှုကို ကိုလိုနီပြုရာတွင် စစ်တပ်က တိုက်ရိုက်ထိန်းချုပ်သည့် နည်းလမ်း (Direct military control ) နှင့် နိုင်ငံရေးကို သွယ်ဝိုက်အသုံးပြုထိန်းချုပ်သည့် နည်းလမ်း (Indirect political control) တို့ကို ကျင့်သုံးခဲ့သည်။ ယနေ့မျက်မှောက်ခေတ်တွင် အဆိုပါ နည်းလမ်းနှစ်မျိုးအစား အထက်ပါ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များကို အသုံးပြု၍ ကိုလိုနီပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ကိုလိုနီပြုလုပ်လိုသည့် စီးပွားရေး အင်အားကြီးမားသော ဖွံ့ဖြိုးပြီးနိုင်ငံများက လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များ (Free trade agreements) ထားရှိခြင်း၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ အခြေခံမူ၊ စည်းမျဉ်းစည်းကမ်းနှင့် ကန့်သတ်ချက် များထားရှိခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးလာသည်။ စီးပွားရေး အင်အားကြီးမားသော ချမ်းသာသည့် နိုင်ငံများက စီးပွားရေးအင်အားနည်းသော ဆင်းရဲသည့် နိုင်ငံများအပေါ် ဩဇာလွှမ်းမိုးထိန်းချုပ်လိုသည့် မူဝါဒများကို ကျင့်သုံးလာသည်။

စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများ (Developed countries) က ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing countries) ၏ ပြည်တွင်း ရေးရာကိစ္စရပ်များဖြစ်သော လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများတွင် ဝင်ရောက်စွက်ဖက်ပြီး ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိပါသည်။ ၁၉၃၉ ခုနှစ် မှ ၁၉၄၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်၏ နောက်ပိုင်းကာလများတွင် ပိုမိုကျင့်သုံးခဲ့သည်။

ကုန်သွယ်ရေးကိုလိုနီစနစ်သစ်တွင် နယ်ချဲ့သမား သို့မဟုတ် တိုင်းတစ်ပါး၏ ပြည်တွင်းစီးပွားရေးကို ဝင်ရောက် ခြယ်လှယ် ကြိုးကိုင်လိုသူများ ပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ၏ စီးပွားရေးတွင် ခေတ်သစ် အရင်းရှင်စီးပွားရေးလုပ်ငန်း (Modern capitalist business) ၏ ပါဝင်မှုမှာ အချိုးအစားများနေခြင်းမျိုး ဖြစ်သည်။ ထို့ပြင် နိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းကြီးများ (Multinational corporations) က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သဘာဝ သယံဇာတများကို ထုတ်ယူသုံးစွဲ ခေါင်းပုံဖြတ်လျက်ရှိသည်။ ထိုကဲ့သို့ စီးပွားရေးကို ထိန်းချုပ်ထားသည့် စနစ်အား ကိုလိုနီလက်သစ်ဝါဒဟူ၍ ခေါ်ဆိုသည်။

ကိုလိုနီစနစ်သစ်သဘောတရားအရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွက် ပြည်ပ အရင်းအနှီးများ (Foreign capital) ကို သုံးစွဲပါသည်။ ထိုကဲ့သို့ သုံးစွဲခြင်းသည် ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သုံးစွဲခြင်းထက် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ရည်ရွယ် သုံးစွဲခြင်း ဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်၏ လက်အောက်တွင် ရင်းနှီးမြှုပ်နှံ မှုသည် ချမ်းသာသော နိုင်ငံများအား ပိုမိုချမ်းသာ စေပြီး ဆင်းရဲသောနိုင်ငံများအား ပိုမိုဆင်းရဲစေ ပါသည်။ ကမ္ဘာ့နိုင်ငံများကြားရှိ ဆင်းရဲချမ်းသာ ကွာဟချက်ကို မကျဉ်းမြောင်းစေဘဲ ပိုမိုကြီးထွားစေသည်။ ဤဝါဒသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုအတွက် အဓိကကျသော ဘုံရန်သူ (Collective enemy) ဖြစ်သည်။

> **ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်၏ လက်အောက်တွင် ရင်းနှီးမြှုပ်နှံမှုသည် ချမ်းသာသော နိုင်ငံများအား ပိုမိုချမ်းသာစေပြီး ဆင်းရဲသောနိုင်ငံများအား ပိုမိုဆင်းရဲစေပါသည်။**

## ကိုလိုနီစနစ်သစ် စီးပွားရေးလွှမ်းမိုးမှု

၁၉၆၁ ခုနှစ်တွင် ကိုလိုနီစနစ်သစ်၏ စီးပွားရေးယန္တရားနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ပြုထား သည်ကို တွေ့ရှိရသည်-

ကျွန်တော်တို့ဟာ ကိုလိုနီအပြုခံရတဲ့ နိုင်ငံတွေ (Colonial countries) ဖြစ်ပါတယ်။ တစ်ဝက်တစ်ပျက် ကိုလိုနီ အပြုခံရတဲ့နိုင်ငံတွေ (Semi-colonial countries) ဖြစ်ပါတယ်။ အခြားနိုင်ငံကို မှီခိုနေရတဲ့နိုင်ငံတွေ (Dependent countries) ဖြစ်ပါတယ်။ ဒါကို ယဉ်ယဉ်ကျေးကျေးသုံးနှုန်း ပြောမယ်ဆိုရင် ကျွန်တော်တို့ဟာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျတဲ့ နိုင်ငံတွေ (Underdeveloped countries) ဖြစ်ပါတယ်။ ကိုလိုနီ နယ်ချဲ့ဝါဒကြောင့် ကျွန်တော်တို့ နိုင်ငံတွေရဲ့ စီးပွားရေးဟာ ပျက်စီးနေပါပြီ။ နယ်ချဲ့ဝါဒ ကျင့်သုံးတဲ့ နိုင်ငံတွေကတော့ စည်းကမ်းနည်းလမ်းအတိုင်း မဟုတ်ဘဲ ချမ်းသာလာတဲ့ နိုင်ငံတွေ (Abnormally developed countries) ဖြစ်ပါတယ်။ တိုးတက် ရှုပ်ထွေးတဲ့ သူတို့နိုင်ငံရဲ့ စီးပွားရေး အတွက် စက်မှုလုပ်ငန်း ဒါမှမဟုတ် စိုက်ပျိုးရေး လုပ်ငန်းကနေ ဖြည့်ဆည်းပေးဖို့ လိုအပ်နေတာ တွေ့ရပါတယ်။ အဲဒီအတွက် ဖွံ့ဖြိုးမှုနောက်ကျတဲ့၊ စီးပွားရေး ယိုယွင်းနေတဲ့ ကျွန်တော်တို့က ကုန်ကြမ်းပစ္စည်းတွေကို ဇောက်ချ ထုတ်လုပ်ပြီး သူတို့အတွက် ဖြည့်ဆည်းနေရပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အန္တရာယ်ရှိတဲ့ ဇောက်ချ ထုတ်လုပ်မှု (Dangerous specialization) ပါပဲ။ အကျိုးဆက်ကတော့ ကျွန်တော်တို့ ပြည်သူအားလုံး ငတ်မွတ်မှုဒဏ်ကို ခံရတာဖြစ်ပါတယ်။ ကျွန်တော်တို့လို Underdeveloped countries တွေဟာ သီးနှံ တစ်မျိုးတည်း (Single crop)၊ ထုတ်ကုန်တစ်မျိုးတည်း (Single product)၊ ဈေးကွက်တစ်ခုတည်း (Single market)ကို မှီခိုအားထားရလေ့ ရှိပါတယ်။ ထုတ်ကုန်တစ်မျိုးတည်းထုတ်လုပ်ပြီး ဈေးကွက်တစ်ခုတည်းကိုပဲ ရောင်းချရတော့ မသေချာမရေရာမှုတွေနဲ့ ရင်ဆိုင်ရပါတယ်။ ဝယ်ယူသူရဲ့အလိုကျ ဈေးနှိမ်တာ အပါအဝင် လုပ်သမျှခံရတော့တာပါပဲ။ ဒါဟာ စီးပွားရေး လွှမ်းမိုးမှုရဖို့အတွက် ကိုလိုနီတွေ အသုံးပြုတဲ့ မဟာပုံသေနည်းကြီး (Great formula) ဖြစ်ပါတယ်။

## ကိုလိုနီစီးပွားရေးမှီခိုမှုသီအိုရီ

စီးပွားရေးမှီခိုမှုသီအိုရီသည် စီးပွားရေးနယ်ချဲ့လိုသော ကိုလိုနီစနစ်သစ်၏ အခြေခံသဘောတရား ဖြစ်ပါသည်။ ဤသဘောတရားအရ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ် (Global economic system) တွင် ချမ်းသာသော နိုင်ငံများ (Wealthy countries) သည် အဓိကအချက်အချာနေရာ သို့မဟုတ် ဗဟိုတွင် (At the center) တည်ရှိပြီး ဆင်းရဲသောနိုင်ငံများ (Poor countries) သည် အရေးမပါသည့်နေရာ သို့မဟုတ် ဗဟိုနှင့် ဝေးကွာသည့် နေရာတွင် (At the periphery) ဆက်လက်ပါဝင်တည်ရှိနေပါမည်။ စီးပွားရေးနှင့် ကုန်သွယ်ရေး ကိုလိုနီစနစ်ဝါဒသည် ဆင်းရဲသောနိုင်ငံ၏ လူသားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို ချမ်းသာ သောနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများဆီသို့ ရောက်ရှိစီးဆင်းစေပါသည်။ ထို့ကြောင့် ဆင်းရဲသော နိုင်ငံများ ၏ ဆင်းရဲမှု (Poverty) သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်နှင့် ပေါင်းစည်းသောကြောင့် ဖြစ်ပေါ်လာကြောင်း တွေ့မြင်နိုင်သည်။

ကိုလိုနီစီးပွားရေး မှီခိုမှုသီအိုရီသည် ကမ္ဘာ့စီးပွားရေးစနစ်များအတွင်းရှိ စီးပွားရေး မညီမျှမှုများ (Economic inequlities) ကို ဆန်းစစ်သည့် Marxist လေ့လာမှုမှ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် တောင်ကမ္ဘာခြမ်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းသည် မြောက်ကမ္ဘာခြမ်းအတွင်း စီးပွားရေး တိုးတက်မှု၏ တိုက်ရိုက်ရလဒ် ဖြစ်သည်။ ကမ္ဘာ့တောင်ဘက်ခြမ်း ရှိနိုင်ငံများ ဆင်းရဲရခြင်းမှာ ကမ္ဘာ့မြောက်ခြမ်းရှိနိုင်ငံများ ချမ်းသာသောကြောင့်ဖြစ်သည်ဟူ၍ ဆိုလိုပါသည်။

Marxist ၏ ကိုလိုနီမှီခိုမှုသီအိုရီသည် အရင်းရှင်များ၏ လွတ်လပ်သောဈေးကွက် (Free market) သဘောတရားနှင့် မတူညီပေ။ အရင်းရှင်များသည် ဈေးကွက်များကို လွတ်လပ်ခွင့်ပြုရမည်ဟူသော Free trade နှင့် Free market သဘောတရားကို လက်ခံကျင့်သုံးစေပြီး စီးပွားရေးအရ ကိုလိုနီပြုလုပ် လာခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲမှု သည် ထိုဆင်းရဲသော နိုင်ငံအတွက် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစနစ်နှင့် အပြည့်အဝ ပေါင်းစည်းရန်အတွက် ဖွံ့ဖြိုးမှုအဆင့်တစ်ခုဖြစ်ကြောင်း Marxist သီအိုရီက ထောက်ပြထားသည်။ လက်ရှိဆင်းရဲမှုသည် ချမ်းသာရန်အတွက် ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟူ၍ ဆိုလိုပါသည်။

## နိုင်ငံစုံစီးပွားရေးကော်ပိုရေးရှင်းကြီးများ

နိုင်ငံစုံ စီးပွားရေးကော်ပိုရေး ရှင်းကြီးများ (Multinational corporations) ၏ ရင်းနှီးမြှုပ်နှံမှုသည် ဆင်းရဲသောနိုင်ငံ များအတွက် ကောင်းကျိုးအနည်းငယ်သာ ဖြစ်ထွန်းစေသည်။ ထို့ပြင် ယင်းကော်ပိုရေးရှင်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုက ဆင်းရဲသောနိုင်ငံရှိ ပြည်သူ လူထုအတွက် လူ့အခွင့်အရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ဂေဟ စနစ်ဆိုင်ရာ ပျက်စီးပြုန်းတီးမှု ကို ဖြစ်စေပါသည်။ မျက်မှောက်ခေတ်တွင် ဆင်းရဲသော နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု သည် နိုင်ငံခြားဈေးကွက်နှင့်ကုန်သွယ်ရေး သဘောတူညီချက်များ (Trade agreements) အပေါ် အမှီပြုနေရသည်။ ဤအချက်က ဆင်းရဲသော နိုင်ငံများအား ရေရှည်မဟုတ်သော ဖွံ့ဖြိုးတိုးတက်မှု (Unsustainable development) နှင့် ဆင်းရဲမြဲဆင်းရဲနေမှု (Perpetual underdevelo pment) တို့ကိုဖြစ်စေပါသည်။

ထိုမျှသာမက နိုင်ငံစုံစီးပွားရေးကော်ပိုရေးရှင်းကြီးများအပေါ် မှီခိုမှုက ဆင်းရဲသောနိုင်ငံအား ယင်းလုပ်ငန်းကြီးများတွင် အသုံး ပြုရန်အတွက် ဈေးနှုန်းသက်သာသော လုပ်အားနှင့် ကုန်ကြမ်းပစ္စည်းများကို စုဆောင်းပေးရသည့်နိုင်ငံအဖြစ် ရောက်ရှိစေသည်။ အဘယ်ကြောင့် ဆိုသော် အဆိုပါ ကော်ပိုရေးရှင်းကြီးများက ဆင်းရဲသော နိုင်ငံများကိုယ်တိုင် တိုးတက်တီထွင်လုပ်နိုင်မည့် ခေတ်မီထုတ်လုပ်မှု နည်းလမ်းများ (Advanced production techniques) ကို လက်ဆင့်ကမ်း မျှဝေမပေးဘဲ ကန့်သတ်ထားသောကြောင့် ဖြစ်သည်။

➲ ဆက်လက်ဖော်ပြပါမည်

## ခာတ်ဆီ/ဒီဇယ်

# ဒီဇယ်၊ ဓာတ်ဆီ တန်ချိန် တစ်သိန်းလေးသောင်းကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၄၃၆၉၈၇၇ တန်ဖိုးရှိ ဒီဇယ်၁၁၈၇၄၃ ဒသမ ၈၄၅တန်နဲ့ ကန်ဒေါ်လာ၂၀၉၉၄၂၇၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၄၈၇၇ ဒသမ ၉၆၈တန်၊စုစုပေါင်း ၁၄၃၆၂၁ ဒသမ ၈၁၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်တင်သွင်းတန်ချိန် ၃၉၉၃၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၇၈၈၀၀ကျော်အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်ဓာတ်ဆီ တင်သွင်းတန်ချိန် ၁၁၅၆၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၃၃၀၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၉၆၀၀ တန်ဖိုးရှိ ဒီဇယ်၃၆ဒသမ၀၃၆တန်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၁၅၁၇၂၀တန်ဖိုးရှိဒီဇယ် ၂၂၅၁တန်၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၂၈၇၀ တန်ဖိုးရှိဓာတ်ဆီ ၂၁ တန်နဲ့ ကန်ဒေါ်လာ၃၁၉၈ တန်ဖိုးရှိ ဒီဇယ် ၇တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့ (95)မှာ ဈေးငြိမ်နေသော်လည်း (92)ဈေး အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၀၀၊ အောက်တိန်း(92) ကျပ် ၇၁၀ ၊ အောက်တိန်း (95)ကျပ် ၇၅၀၊ အဆင့်မြင့်ဒီဇယ် ၇၂၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၂၃ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၀၀၀၀ ၊ ရောင်းဈေး ကျပ်၁၄၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂၃ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၃၀၀၀၀ ၊ ရောင်းဈေး ကျပ်၁၃၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၅ ရက်နေ့တွင် ဝယ်ဈေး ကျပ်၁၃၃၀၀၀၊ ရောင်းဈေး ကျပ် ၁၃၅၀၀၀နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင် တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးအပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံကျပ်၃၀၀၀ ၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၂၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီ ဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ ၆၄၅ကျပ်၊ ဒီဇယ် ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း (92) ၇၅၅ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇန်နဝါရီ ၂၃ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ်၁၄၆၀၀၀၊ ရောင်းဈေး ကျပ် ၁၄၉၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇန်နဝါရီ ၂၃ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေးကျပ် ၁၃၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၅ ရက်နေ့တွင်ဝယ်ဈေး ကျပ်၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၂၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ ဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ ဆိုင်များတွင် တစ်ဂါလံ ဈေးမှာ ဒီဇယ် ကျပ်၃၁၀၀၊ ဓာတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီ ကျပ်၃၂၀၀၊ ဒီဇယ်ကျပ် ၃၃၃၀၊ အောက်တိန်း ၃၃၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ်၃၄၀၀၊ အောက်တိန်း တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# တရုတ်နှစ်သစ်ကူးကာလကြောင့် ငွေလဲနှုန်းများ ငြိမ်သက်လျက်ရှိ

ယခုရက်သတ္တပတ်အတွင်းတရုတ် နှစ်သစ်ကူးပွဲတော်များ ကျင်းပနေသဖြင့် ငွေလဲနှုန်းများသည် အတက် အကျအနည်းငယ်သာရှိခဲ့ကာ အများအားဖြင့် ဈေးငြိမ်သက်နေခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ သိရသည်။

“ဒီတစ်ပတ်ထဲမှာ ငွေဈေးက အတက်အကျနည်းနည်းပဲရှိတယ်။ တစ်ကျပ်နှစ်ကျပ်လောက်ပဲ အတက်အကျ ရှိတယ်ဆိုတော့ ခြုံပြီးပြောရရင် ဈေးငြိမ်နေတယ်လို့ ပြောလို့ရပါတယ်။ ဈေးငြိမ်နေသလို ဈေးကွက်ထဲမှာလည်း အရောင်းအဝယ်အေးနေတယ်။ တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပနေတဲ့ကာလဖြစ်နေလို့ ဈေးအေးနေတာပါ။ ဒီပွဲတော် ပြီးသွားရင်တော့ ဈေးပြန်တက်လာမယ်ထင်တယ်”ဟု ငွေလဲဈေးကွက်အတွင်း မှ ရောင်းဝယ်နေသူတစ်ဦးက ပြော ကြားခဲ့သည်။

ထို့ပြင်ဈေးကွက်အတွင်း အရောင်းအဝယ်များ ပါးသွားသဖြင့် ဈေးနှုန်းများ အတက်အကျ အနည်းငယ်သာရှိနေခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်ကြောင်း၊ ပွဲတော်ပြီးသွားပါက ပြန်လည် မြင့်တက်လာနိုင်သဖြင့် ယင်းကိစ္စကို အတတ်နိုင်ဆုံး ထိန်းပေးစေလိုကြောင်း၊ သို့မဟုတ်ပါက ဈေးမြင့်တက်လာနိုင်သဖြင့် ဈေးကွက်အတွင်း ငွေလဲနှုန်းများ ကမောက်ကမဖြစ်လာနိုင်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၃ ရက်တွင် ငွေလဲကောင်တာများ၌ အမေရိကန် တစ်ဒေါ်လာ လျှင်ရောင်းဈေး ၁၃၅၇ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့ပြီး ဇန်နဝါရီလ ၂၅ ရက်တွင် ရောင်းဈေး ၁၃၅၉ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ရှိခဲ့သည်။ ဇန်နဝါရီ ၂၈ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေးများ တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ တရုတ်နှစ်သစ်ကူးပွဲတော်များကို ကမ္ဘာ့နေရာအနှံ့အပြားတွင် ကျင်းပလျက်ရှိသဖြင့် ကမ္ဘာ့ရွှေဈေးများပါ ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများလည်း ကျဆင်းလာကြောင်း၊ ထို့ပြင် ပြည်တွင်း၌ငွေလဲနှုန်းများလည်း ကျဆင်းလာသဖြင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာရခြင်းဖြစ်သည်ဟု ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

“ဒီတစ်ပတ်ထဲမှာ တရုတ်နှစ်သစ်ကူးပွဲတော်တွေ ကျင်းပနေတာကြောင့် ကမ္ဘာ့ရွှေဈေးရော၊ မြန်မာ့ရွှေဈေးပါကျဆင်းနေတယ်။ ကမ္ဘာ့ရွှေဈေးက ၂၅ဒေါ်လာလောက်ကျဆင်းသွားသလို မြန်မာ့ရွှေဈေးကလည်း ကျပ် ၁၂၀၀၀ လောက်ကျဆင်းသွားတယ်။ ဈေးကျသွားသလို ဈေးကွက်ထဲမှာလည်း အရောင်းအဝယ်က အေးနေတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ဇန်နဝါရီ ၂၃ ရက်က ကျပ် ၈၇၆၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ၈၆၄၀၀၀ သို့ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်တစ်အောင်စလျှင် ဇန်နဝါရီလ ၂၃ ရက်က အမေရိကန်ဒေါ်လာ ၁၂၁၇ ရှိခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၀၀ သို့လည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၉၂ သို့လည်းကောင်း ကျဆင်းခဲ့သည်။

**မယ်သီတာ**

# ပထမပုဂ္ဂလိကဘဏ်၏အစုရှယ်ယာများ စတင်ရောင်းချသည့်နေ့တွင် ရှယ်ယာနစ်သောင်းကျော် ရောင်းချခဲ့ရ

ယခုတစ်ပတ်အတွင်း YSX ဈေးကွက်တွင် ပထမပုဂ္ဂလိကဘဏ် (FPB) ၏ရှယ်ယာများသည် စတင်ရောင်းချခဲ့သည့် ဇန်နဝါရီ ၂၃ ရက် တစ်ရက်တည်းတွင်ပင် အစုရှယ်ယာပေါင်း နှစ်သောင်းကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

သို့သော် ရက်သတ္တပတ်၏နောက်ဆုံးရက်ဖြစ်သည့် ဇန်နဝါရီ ၂၇ ရက်တွင်မူ အနည်းငယ်သာရောင်းချခဲ့ရပြီး ထိုနေ့တွင် အစုတစ်ထောင်နီးပါးသာ ရောင်းချခဲ့ရသည်။

FPB ၏ အစုရှယ်ယာဈေးများသည် ဈေးစတင်ဖွင့်သည့် ဇန်နဝါရီ ၂၃ ရက်က ကျပ် ၃၄၀၀၀ ရှိခဲ့သော်လည်း နောက်ပိုင်းရက်များတွင်တဖြည်းဖြည်းကျဆင်းလာခဲ့ကာ ဇန်နဝါရီ ၂၇ ရက်တွင် ကျပ် ၃၃၀၀၀ သို့ ကျဆင်းခဲ့သည်။

ထို့ပြင် YSX တွင် ရောင်းဝယ်လျက်ရှိသည့် အခြားသောအစုရှယ်ယာကုမ္ပဏီများဖြစ်သည့် FMI, MTSH နှင့် MCB တို့၏ အစုရှယ်ယာဈေးနှုန်းများမှာလည်း အတက်အကျများ ရှိခဲ့ကြောင်း သိရသည်။

တရုတ်နှစ်သစ်ကူးကာလ ဖြစ်သည့်အတွက် ယခုကဲ့သို့ ဈေးများကျဆင်းရခြင်းဖြစ်သည်ဟု ဈေးကွက်အတွင်း သုံးသပ်လျက်ရှိသည်။

**မယ်သီတာ**

## Currency Exchange Rate

January 27, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 79.50 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.94 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 68.19 |
| I DR | Indonesia Rupiahs | 13370.07 |
| JPY | Japan Yen | 115.18 |
| MYR | Malaysia | 4.43 |
| PKR | Pakistan Rupees | 104.82 |
| PHP | Philippines Pesos | 49.89 |
| RUB | Russia Rubles | 60.42 |
| SGD | Singapore Dollars | 1.43 |
| KRW | South Korea Won | 1170.80 |
| LKR | Sri Lanka Rupe | 151.11 |
| THB | Thailand Baht | 35.31 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22588.70 |

Source:xe.com

## World Gold Price

January, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 23 | 1210 | 1212 | 1213 |
| 24 | 1212 | 1214 | 1213 |
| 25 | 1201 | 1203 | 1202 |
| 26 | 1193 | 1196 | 1197 |
| 27 | 1180 | 1180 | 1181 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 23-1-2017 | 877.00 | 877.30 |
| 24-1-2017 | 877.50 | 877.00 |
| 25-1-2017 | 872.00 | 871.20 |
| 26-1-2017 | 869.00 | 868.50 |
| 27-1-2017 | 862.00 | 860.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 23 | 6 .85 | 35.29 | 78.99 | 68.10 |
| 24 | 6. 86 | 35.22 | 79.27 | 68.14 |
| 25 | 6 88 | 35.27 | 78.99 | 68.17 |
| 26 | 6 .88 | 35.22 | 79.45 | 67.99 |
| 27 | 6.89 | 35.31 | 79.50 | 68.19 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 23- January | 17.06 | 2828.22 | 1899.52 | 5868.13 | 978.00 |
| 24- January | 17.10 | 2817.47 | 1886.08 | 5870.37 | 980.00 |
| 25- January | 16.96 | 2833.38 | 1902.66 | 5962.43 | 989.00 |
| 26- January | 16.85 | 2841.66 | 1882.05 | 6017.09 | 981.00 |
| 27- January | 16.66 | 2789.70 | 1856.74 | 5888.06 | 968.00 |

Source:kitco.com

## Energy NYMEX 27-1-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.76 | -0.02 | -0.04 |
| Brent Crude Futr (USD/bbl) | 56.16 | -0.08 | -0.14 |
| Gasoline Rbob Fut (Cent/gal) | 154.15 | -0.12 | -0.08 |
| Natural Gas Futr (USD/MMBtu) | 3.28 | -0.10 | -2.93 |
| Heating Oil Futr (Cent/gal) | 164.13 | 0.04 | 0.02 |

## ဘိလပ်မြေ



### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို

ဇန်နဝါရီ ၁၅ ရက်မှ ၂၁ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၄၁၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၀၀၄ ဒသမ ၇၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ ၄ဒသမ ၇၅ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၀၀၀ နဲ့ထိုင်းနိုင်ငံမှ စိန်တံဆိပ် ဘိလပ်မြေ တန်ချိန် ၇၀၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၈၂၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၇၀၀ကျော်တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းသွက်

ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၅၀၀၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၈၂၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၆၇၀၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၅၉၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၈၄၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ရေး လုပ်ငန်းများကြောင့် ဈေးကွက်ထဲ ဘိလပ်မြေအရောင်းအဝယ်က သွက်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဈေးအပြောင်းအလဲမရှိဘဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၈၀၀၊ မော်လမြိုင် ဆင် ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်က ပုံမှန်ပဲဖြစ်တယ်။ ကြံ့(မြိုင်ကလေး)က ဈေးငြိမ်၊ ဆင်က ၇၅ကျပ်ဈေးမြင့်ပြီး စိန်က ၇၅ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၅၃၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်း အဝင်အထွက်မျှတယ်။ ဒါကြောင့်လည်း ဈေးအတက်အကျမရှိငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ်၄၄၀၀၊ မြန်မာဆင်ကျပ်၄၁၀၀၊ ဆင်(ထိုင်း)ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်းကျပ်၄၂၀၀၊ ကျားခေါင်းကျပ်၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန်တစ်သောင်းကျော်ဝင်

ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက် အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၁၈၄၉၃၄ တန်ဖိုးရှိ မြေဩဇာ၁၁၁၉၇ ဒသမ ၉၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ တန်ချိန် ၈၅၉၀၊ အိန္ဒိယနိုင်ငံမှ ၄၅တန်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၂၀၀၊ မလေးရှားနိုင်ငံမှ ၁၀ ဒသမ၃၉၂ တန်၊ ရုရှားနိုင်ငံမှ ၉၉၈ ဒသမ ၈၇၇တန်၊ ထိုင်းနိုင်ငံမှ တန်ချိန်၇၂၀၊ တောင်အာဖရိကနိုင်ငံမှ တန်ချိန်၄၈၀၊ ယူကေနိုင်ငံမှ ၇ ဒသမ ၆၆၁တန် နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၄၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ပိုတက်ဆီယမ်၊ ပိုတက်၊ အာမို ၊ ကွန်ပေါင်း တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင် တန်ချိန် ၉၉၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၂၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မကွေးနဲ့ မော်လမြိုင်မှာ မြေဩဇာအရောင်းအေး

ဇန်နဝါရီ ၁၅ ရက်မှ ၂၁ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၁၁၉၀ ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန် ၉၉၂၀ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၇၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်း မှ ယခု တစ်ပတ် မြေဩဇာအဝင်မှာ တန်ချိန် ၁၆၂၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၁၇၆၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၃၀ ကျော် အဝင်လျော့ကျခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းလည်းအေးသလို ဈေးလည်းနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ပုလဲ-အသေးနဲ့ကွန်ပေါင်း ၁၅ပတ်လည်က ကျပ် ၃၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈က ကျပ် ၅၀၀ဈေးကျခဲ့ပြီး တီစူပါ၄၆%က ကျပ် ၅၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတိုး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၂၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၄၀၀၊ ပိုတက် (အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှစုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၂၂၇၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၄၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၁၉၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၅၈၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်က အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ-တရုတ် ၁၂း၁၃ ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၁၅၇၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့် အဝင်ပို

ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက် အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၃၀၄၄၄၀ တန်ဖိုးရှိနို့ဆီ ၂၁၈ ဒသမ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၂၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်ကို အိုင်ယာလန်နိုင်ငံမှ တန်ချိန်၁၀၀၊ နယူးဇီလန်နိုင်ငံမှ ၅၇၁ဒသမ ၃၅ တန်၊ ဖိလစ်ပိုင်နိုင်ငံမှ ၁၁ ဒသမ ၉၂၇ တန်၊ ပိုလန်နိုင်ငံမှ ၁၀၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၁၁ ဒသမ ဝ၆၄ တန်၊ စုစုပေါင်း ၇၉၆ ဒသမ ၃၄၁ တန် တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၇၆၀ ကျော်ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၅၄၁ တန်ဖိုးရှိနို့ဆီ/နို့စိမ်း ၄ ဒသမ ၉၂ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄၂၈၆ တန်ဖိုးရှိ နို့ဆီ/နို့စိမ်း ၄ ဒသမ ၅၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁ မှ ၂၀/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁ မှ ၁၃/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၅၉.၀၀ | ၂၇၂.၈၀ | (+) | ၃၈၆.၂၀ |
| ၂။ | လွယ်ဂျယ် | ၄၀၇.၅၀ | ၆၉၀.၀၀ | (-) | ၂၈၂.၅၀ |
| ၃။ | ချင်းရွှေဟော် | ၃၂၇.၀၀ | ၁၈၀.၀၀ | (+) | ၁၄၇.၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၁၃၅.၀၀ | ၅၂၆၆.၀၀ | (-) | ၁၃၁.၀၀ |
| ၅။ | တာချီလိတ် | ၅၆၀၀.၀၀ | ၁၀၀၀.၀၀ | (+) | ၄၆၀၀.၀၀ |
| ၆။ | မြဝတီ | ၉၇၈.၁၀ | ၉၆၅.၄၈ | (+) | ၁၂.၆၂ |
| ၇။ | ကော့သောင်း | ၁၂၀၆၆.၄၀ | ၁၀၁၁၆.၅၀ | (+) | ၁၉၄၉.၉၀ |
| ၈။ | မြိတ် | ၈၅.၀၀ | - | (+) | ၈၅.၀၀ |
| | စုစုပေါင်း | ၂၅၉၉၈.၀၀ | ၁၈၄၉၀.၇၈ | (+) | ၇၅၀၇.၂၂ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၄/၁ မှ ၂၀/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁ မှ ၁၃/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၀၈၀.၅၀၀ | ၁၃၅၆၁.၀၀၀ | (-) | ၂၄၈၀.၅၀၀ |
| ၂။ | လွယ်ဂျယ် | ၁၃၀.၀၀၀ | ၁၄၆.၃၀၀ | (-) | ၁၆.၃၀ |
| ၃။ | ချင်းရွှေဟော် | ၁၂၄၄.၂၅၀ | ၁၁၄၁.၂၅၀ | (+) | ၁၀၃.၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၅၅၄.၈၄၂ | ၁၇၉၃.၀၀၀ | (-) | ၂၃၈.၁၅၈ |
| ၆။ | ကော့သောင်း | - | ၁၀၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၂၀၀.၀၀၀ | ၉၀၀.၀၀၀ | (+) | ၁၃၀၀.၀၀၀ |
| | စုစုပေါင်း | ၁၆၂၀၉.၅၉၂ | ၁၇၆၄၁.၅၅ | (-) | ၁၄၃၁.၉၅၈ |

ခင်မိုးသူ

## နှမ်း / မြေပဲ

# ပြည်ဈေးကွက်တွင် နှမ်းနီနဲ့နှမ်းနက်ဈေးပြန်မြင့်ပြီး စမုံနက်နှမ်းဈေးကျနေ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနဲ့ နှမ်းနက်ဈေး ပြန်မြင့်ပြီး စမုံနက်နှမ်းဈေး အနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ ပေါင်းတည်နဲ့ မြန်အောင်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်သာ အဝင်ရှိတော့သဖြင့် နှမ်းဈေးအနည်းငယ်ပြန်တက်သွားတာ တွေ့ရပါတယ်။ အောင်လံဘက်မှ နှမ်းနက်ကိုအဝယ်ရှိခြင်း၊ နှမ်းနီကို ဆီစက်များကအဝယ်ရှိသဖြင့် နှမ်းနီနဲ့နှမ်းနက်ဈေးမြင့်လာတာ တွေ့ရပါတယ်။ စမုံနက်မှာယခုတစ်ပတ်အတွင်း ဝယ်လက်ပျောက်သဖြင့် ဈေးအနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ စမုံနက်နှမ်းဈေးမှာ ယခင်နှစ်က ဝယ်လက်များက အဝယ်လိုက်သဖြင့် တစ်တင်းလျှင် ကျပ် ၅၀၀၀၀ အထိ ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၆၆၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၃၃၀၀၀ ကျပ်နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဖြင့် တစ်နေ့လျှင် နှမ်းအိတ် ၅၀၀ ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

# ပြည်မြေပဲဆန် ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်တွင် မြေပဲဆန်ကို ပြည်၊ အောင်လံကြားရှိ ကျေးရွာများနဲ့ ဝက်ထီးကန်၊ ကံမနှင့်တောင်ကုတ်ဘက်မှ တစ်နေ့လျှင်အိတ် ၁၂၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ မြေပဲဆီဆန်ကို ဆီစက်များက အဝယ်ရှိနေသော်လည်း ဈေး အနည်းငယ် ကျလာတာတွေ့ရပါတယ်။ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေသော်လည်း ပုံမှန်ဈေးဖြစ်ပြီး၊ လုံးဆန်(အနီ)ကို မြေပဲလှော်ဖိုများက အဝယ်ရှိလို့ ဈေးမတက်ဘဲ ယခင်တစ်ပတ်ကထက် တစ် ပိဿာကို ကျပ် ၁၀၀ ဈေးကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင် ၁၆၂၅ကျပ်၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀နဲ့ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၃၅၀ ကျပ်ဖြင့် တစ်နေ့လျှင် အိတ် ၁၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ဖြင့်ဈေးတန့်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# တရုတ်နှစ်သစ်ကူးပွဲတော်မတိုင်မီ ပဲပုပ်ဆီဈေးနှုန်းကျဆင်းခြင်းနှင့်အတူ စားအုန်းဆီဈေးနှုန်းလည်း လိုက်ပါကျဆင်း



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးမှာ ဇန်နဝါရီ ၂၅ ရက်က ကျဆင်းလာသည်ကို တွေ့ရကြောင်း တရုတ်နှစ်သစ်ကူးပွဲတော် မတိုင်မီ ပဲပုပ်ဆီဈေးနှုန်းကျဆင်းခြင်းနှင့် ကုန်သည်များက လက်ကျန်လျှော့ချရန် ဆောင်ရွက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဘီရိုကော်ဒါ သတင်းတွင် ဖော်ပြသည်။ စားအုန်းဆီဈေးမှာ လေးရက်ဆက်တိုက် ကျဆင်းနေရာမှ ဇန်နဝါရီ ၂၄ ရက်နေ့တွင် မြင့်တက်ရာမှတစ်ဆင့် ယခုကဲ့သို့တစ်ဖန်ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်( Bursa Malaysia Derivatives Exchange) တွင် ဇန်နဝါရီ ၂၅ ရက်နေ့က ဧပြီအတွက် ချုပ်ဆိုသော စားအုန်းဆီ ကြိုရောင်းဈေးမှာ သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီတစ်တန်ကို ၃၁၂၅ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၇၀၄ ဒသမ ၃၀) နှုန်းရှိခဲ့သည်။ ထိုနေ့ညနေတွင် ရောင်းချရသည့်ပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၁၈၉၁ တွဲရှိခဲ့သည်။

“ထုတ်လုပ်မှုကျဆင်းပြီး ပို့ကုန်တွေက မြင့်တက်နေပါတယ်။ ဒါပေမဲ့ ဈေးနှုန်းကတော့ ကျဆင်းနေဆဲ ဖြစ်ပါတယ်။ ရက်ရှည်အားလပ်ရက်မတိုင်မီ ကုန်သည်တွေက ပစ္စည်းတွေကို ထုတ်ရောင်းနေတာကို တွေ့ရပါတယ်”ဟု ကွာလာလမ်ပူ အခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။ ဘာဆာမလေးရှားကုန်စည်ဒိုင်က ဇန်နဝါရီ ၂၇ ရက်မှာ နေ့တစ်ဝက်သာဖွင့်ပြီး ဇန်နဝါရီ ၃၀ ရက်မှာ တရုတ်နှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ပါတယ်။

စားသုံးဆီများက ဈေးကွက်ဝေစုရရှိရေးအတွက် တစ်ခုနှင့်တစ်ခု ယှဉ်ပြိုင်နေတာကြောင့် အခြားဆက်နွယ်နေသော စားသုံးဆီများ၏ ဈေးကွက်အခြေအနေကလည်း စားအုန်းဆီအပေါ်မှာ ဂယက်ရိုက်ခတ်မှုရှိတတ်သည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (CBOT) တွင် မတ်အတွက် ကြိုတင်ချုပ်ဆိုသော ပဲပုပ်ဈေးမှာ သုညဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) တွင် မေအတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးက သုညဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ သို့သော် စားအုန်းဆီ၏ ရောင်းလိုအားနှင့်ဝယ်လိုအား အနေအထားအရဆိုပါက တက်ရိပ်ပြနေဆဲဖြစ်ကြောင်း ပို့ကုန်မြင့်တက်နေချိန်တွင် ဇန်နဝါရီတွင် ထုတ်လုပ်မှုကျဆင်းမည်ဟု ခန့်မှန်းထားသည့်အတွက် ကုန်သည်တို့က ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ မလေးရှားစားအုန်းဆီ တင်ပို့မှုသည် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ဇန်နဝါရီ ၁ ရက်မှ ၂၅ ရက်အတွင်း ၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services ၏ ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ရိုက်တာသတင်းဌာနမှ ကုန်စည်နှင့် စွမ်းအင်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်း၏ ဆန်းစစ်ချက်အရ စားအုန်းဆီဈေးသည် တစ်တန်ကို ၃၀၈၉ ရင်းဂစ်နှင့် ၃၁၆၉ ရင်းဂစ်နှုန်းအကြား အတက်အကျရှိမည်ဟု သိရသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၁-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၁၀၀ | ၂၂၀၀ | △ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၂၀၀ | ၃၃၀၀ | △ | ၁၉၃၅ | ၁၉၆၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | △ | ၂၀၃၀ | ၂၀၃၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | △ | ၂၀၀၀ | ၂၁၃၀ | △ |
| မကွေး | ၃၇၀၀ | ၄၃၀၀ | △ | ၃၅၀၀ | ၃၀၀၀ | △ | ၂၁၅၀ | ၂၁၅၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၅၀ | ၂၀၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၆၀၀၀ | △ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၁-၂၀၁၇ US$/Ton

| အမျိုးအစား | ဇန်နဝါရီဒုတိယပတ် | ဇန်နဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၅၀.၀၀ | ၇၅၂.၅၀ | △ |
| RBD P.Olein | ၇၅၀.၅၀ | ၇၅၆.၀၀ | △ |
| RBD P.Stearin | ၇၄၇.၀၀ | ၇၅၆.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၇- ၁ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၉၁.၁၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၉၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၈၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၆.၈၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၆.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၆၀.၂၁၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၇-၁-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၈၁၅ ဒေါ်လာနှင့် USD ဈေး ၁၃၄၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၇-၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၄၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာသန်း ၈၈၄၀ သို့ရောက်ရှိပြီး

# ယခင်နှစ်ထက် အမေရိကန်ဒေါ်လာသန်း ၅၅၀ ပိုမို ရရှိ

| ရှင်မင်းအုံ့(တန့်ဆည်) |



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်"ဆိုတဲ့အချက်ကို ဝန်ကြီးဌာနရဲ့ VISION အဖြစ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံရဲ့ကုန်သွယ်မှုဟာ ယခုနှစ် ဇန်နဝါရီလ တတိယပတ်အထိ ပို့ကုန်အမေရိကန်ဒေါ်လာသန်း၈၈၄၀ခန့်၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂၇၉၅ သန်း ကုန်သွယ်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၆၃၅ သန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ယခုနှစ်ဇန်နဝါရီလအတွင်းဆောင် ရွက်ခဲ့တဲ့ကုန်သွယ်မှုပမာဏကို ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၅၂၆ သန်း ပိုမိုတင်ပို့နိုင်ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၄၈၂သန်း လျော့နည်းတင်သွင်းခဲ့တဲ့အတွက်ကုန်သွယ်မှုပမာဏအနေနဲ့ အမေရိကန် ဒေါ်လာ ၄၄ သန်း ပိုမိုဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ဒ့ါအပြင်ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၈၈၄၀ အနက် နိုင်ငံပိုင်ကဏ္ဍမှာ အမေရိကန်ဒေါ်လာ သန်း ၂၇၆၀၊ ပုဂ္ဂလိကကဏ္ဍမှာ အမေရိကန်ဒေါ်လာသန်း ၆၀၈၀ တင်ပို့နိုင်တာကိုကြည့်ခြင်းအားဖြင့် နိုင်ငံပိုင်နဲ့ပုဂ္ဂလိကကဏ္ဍဟာ ၃၁ အချိုး ၆၉ ဖြစ်နေတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒ၁၂ ချက်အနက် အချက်(၇)ဖြစ်တဲ့"ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းမိမိလုပ်ကိုင်လိုတဲ့ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်"ဆိုတဲ့ အချက်နဲ့ကိုက်ညီနေတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ကြည့်လျှင်ပို့ကုန်တင်ပို့မှုမှာ နိုင်ငံပိုင်ကဏ္ဍက အမေရိကန်ဒေါ်လာ ၁၂၇၅ သန်း လျော့နည်းတင်ပို့ပြီး ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၁၈၀၁ သန်း ပိုမိုတင်ပို့နိုင်တာကို တွေ့ရပါတယ်။

ပြည်ပသွင်းကုန်တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ၁၂၇၉၆ သန်းအနက် နိုင်ငံပိုင်ကဏ္ဍမှာအမေရိကန်ဒေါ်လာ ၄၇၂သန်း၊ပုဂ္ဂလိက ကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၂၃၂၄သန်း တင်သွင်းခဲ့တဲ့အတွက် ၄ အချိုး ၉၆ ရှိခဲ့ရာ သွင်းကုန်တင်သွင်းမှုမှာ ပုဂ္ဂလိကကဏ္ဍက ပိုမို ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့အဓိကတင်ပို့တဲ့ ပစ္စည်းတွေအနက် သဘာဝဓာတ်ငွေ့၊ သစ်ပါးလွှာနဲ့အထပ်သား၊ ငါးကလွဲရင် ကျန်တဲ့ကုန်ပစ္စည်းတွေဟာ လယ်ယာထွက်ကုန်ပစ္စည်းတွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ ပြောင်းတို့ကို အဓိကထားပြီး အများဆုံး စိုက်ပျိုးထုတ်လုပ်တဲ့အတွက် ပြည်ပကို တင်ပို့တဲ့အခါမှာလည်း အများဆုံးတင်ပို့ နိုင်ခဲ့ပါတယ်။

နိုင်ငံပေါင်း ၅၂ နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၃၆၀ တန်ဖိုးရှိတဲ့ ဆန်တန်ချိန် ၁၀၉၂၃၀ တန် တင်ပို့ နိုင်ခဲ့ပေမယ့်တရုတ်နိုင်ငံကို အဓိက တင်ပို့နေတာဖြစ်ပါတယ်။ ဆန်နဲ့ဆန်ကွဲတင်ပို့မှုပမာဏစုစုပေါင်းရဲ့ ၇၂ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာသန်း ၂၆၀)ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။

အဲဒီလိုတင်ပို့ရောင်းချရာမှာ ပင်လယ်ရေကြောင်းက တင်ပို့တာဟာ အမေရိကန်ဒေါ်လာ ၁၃သန်း(တရုတ် နိုင်ငံသို့ တင်ပို့ခဲ့တဲ့ပမာဏရဲ့ငါးရာခိုင်နှုန်း)သာတင်ပို့နိုင်ခဲ့ပြီး ကျန်တဲ့ ၉၅ ရာ ခိုင်နှုန်းကတော့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့တာဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်မှုတွင်လည်း ယခင့်ယခင်နှစ်များက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှသာ အဓိကတင်ပို့ရပေမယ့် ဒီနှစ်မှာတော့လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း တင်ပို့လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ဆန်ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နဲ့ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး HE Mr. K.W.N.D Karunaratne တို့ ဇန်နဝါရီလ ၂၃ ရက်က တွေ့ဆုံခဲ့ရာမှာသီရိလင်္ကာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်များကြောင့် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ငါးသောင်းကို ဝယ်ယူလိုကြောင်း ကမ်းလှမ်းလာခဲ့ပါတယ်။ အဲဒီလိုဝယ်ယူဖို့အတွက်ကိုလည်း မြန်မာနိုင်ငံနဲ့သီရိလင်္ကာနှစ်နိုင်ငံ ကြား နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးမှာဖြစ်တယ်လို့ဆိုပါတယ်။

သီရိလင်္ကာနိုင်ငံက လိုအပ်နေတဲ့ ဆန်တန်ချိန် ငါးသောင်းကို တင်ပို့နိုင်ဖို့အတွက် သက်ဆိုင်ရာအသင်းအဖွဲ့ များ၊ ဆန်စပါးလုပ်ငန်းရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ နှစ်နိုင်ငံမှ တာဝန်ရှိ သူအသီးသီးက ဆွေးနွေးခဲ့ကြပါတယ်။



မြန်မာနိုင်ငံမှာ စိုက်ပျိုးလျက်ရှိတဲ့ ပဲမျိုးစုံတွေအနက် မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံတို့ကို ပြည်ပနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိပါတယ်။ မတ်ပဲကို နိုင်ငံပေါင်း ၄၆ နိုင်ငံကို တင်ပို့ခဲ့ရာ အများဆုံးတင်ပို့တဲ့နိုင်ငံတွေကတော့ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ပါကစ္စတန်၊ စင်္ကာပူ၊ အာရပ်နိုင်ငံတွေ ဖြစ်ပါတယ်။ ပဲတီစိမ်းကို နိုင်ငံပေါင်း ၅၁ နိုင်ငံသို့ တင်ပို့ခဲ့ပြီး အများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေး ရှားနဲ့ စင်္ကာပူနိုင်ငံတွေ ဖြစ်ပါတယ်။ ပဲစင်းငုံကို နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ တင်ပို့ ပြီး အများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ စင်္ကာပူ၊ အင်ဒိုနီးရှား နိုင်ငံတွေပဲ ဖြစ်ပါတယ်။

ပြောင်းတင်ပို့မှုများအနက် အမေ ရိကန်ဒေါ်လာ ၁၇၆သန်း တန်ဖိုးရှိတဲ့ ပြောင်းတန်ချိန် ၈၃၆၄၉၉ တန်ကို နိုင်ငံ ကိုးနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။စုစုပေါင်းတင်ပို့မှုရဲ့ ၉၈ ရာခိုင်နှုန်း ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တဲ့ပြောင်းတန်ချိန်အားလုံးဟာ နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ဇုန်များဖြစ်တဲ့ မူဆယ်နဲ့ ချင်းရွှေဟော်စခန်းတို့မှ တင်ပို့ခဲ့တာဖြစ်ပါတယ်။

နှမ်းတင်ပို့မှုများအနက် အမေရိကန်ဒေါ်လာ ၁၂၅သန်းတန်ဖိုးရှိတဲ့ နှမ်းတန်ချိန် ၉၁၃၂၁ တန်ကို နိုင်ငံ ပေါင်း ၁၂ နိုင်ငံသို့ တင်ပို့ခဲ့သော်လည်း အမေရိကန်ဒေါ်လာ ၁၀၃ သန်းတန်ဖိုးရှိတဲ့ပြောင်းများကိုတရုတ်နိုင်ငံသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၂ သန်းတန်ဖိုးရှိတဲ့ ပြောင်းများကို ဂျပန်နိုင်ငံသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၆သန်းတန်ဖိုးရှိတဲ့ ပြောင်းများကို စင်ကာပူနိုင်ငံသို့လည်းကောင်း အဓိကတင်ပို့ခဲ့ပါတယ်။

ယင်းကဲ့သို့ ပြောင်းတင်ပို့မှုများအနက် တရုတ်နိုင်ငံသို့တင်ပို့ရာမှာ နယ်စပ်ကုန်သွယ်မှုမှ ၉၆ ရာခိုင်နှုန်းတင်ပို့ ခဲ့ရာမှာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

ပို့ကုန်ကဏ္ဍများအနက် သဘာဝဓာတ်ငွေ့တင်ပို့မှုမှအမေရိကန်ဒေါ်လာ ၁ ဒသမ ၂ဘီလီယံ လျော့နည်းတင်ပို့ခဲ့ပေမယ့်လယ်ယာထွက်ကုန်များကို ပိုမိုတင်ပို့နိုင်ခဲ့တဲ့အပြင် Re-export စနစ်နဲ့ သကြားတင်ပို့မှုကိုပါ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာသန်း ၅၅၀ ခန့်ပိုမို ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ပြည်ပသို့ အမေရိကန်ဒေါ်လာ သန်း ၈၈၄၀ ခန့်တန်ဖိုးရှိတဲ့ပို့ကုန်တင်ပို့မှုများအနက် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာသန်း ၃၄၅၀ ဆောင်ရွက်နိုင်ခဲ့ပြီးပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာသန်း ၅၃၉၀ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ပို့ကုန်ကဏ္ဍမှာ နယ်စပ်ကုန်သွယ်မှုရဲ့ပါဝင်မှုဟာ ၃၉ ရာခိုင်နှုန်းရှိတဲ့အတွက်နယ်စပ်ဒေသတစ်လျှောက် နယ်မြေအေးချမ်းလုံခြုံမှုရှိမှသာ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှာ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ကုန်သွယ်မှုတိုးတက်မှသာလျှင် နိုင်ငံတော်ရဲ့ဝင်ငွေများ တိုးတက်လာမှာဖြစ်ပါတယ်။ဒ့ါအပြင် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်နေတဲ့နိုင်ငံတော်ရဲ့ရည်မှန်းချက်ကို အောင်မြင်စေဖို့အတွက် အပြည့်အဝအထောက်အကူ ပြုနိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်သူလယ်သမား ၃၄ သန်းအတွက် RuPay ကတ်များ ထုတ်ပေးရန် အိန္ဒိယနိုင်ငံရှိ Nabard ဘဏ် စီစဉ်

အိန္ဒိယအစိုးရသည် ကျေးလက်ဒေသများနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်ပါ ဒစ်ဂျစ်တယ်စနစ် ငွေပေးချေမှုများ အသုံးပြုလာစေရန် တွန်းအားပေးလျက်ရှိရာ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအမျိုးသားဘဏ် (National Bank for Agriculture and Rural Development - Nabard) သည် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ကျေးရွာများမှ တောင်သူလယ်သမား ၃၄ သန်းကျော်အတွက် RuPay ကတ်များ စီစဉ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကတ်များအား အိန္ဒိယနိုင်ငံအတွင်းရှိ သမဝါယမဘဏ်များနှင့် တောင်သူလယ်သမားများ၏ ချေးငွေကို သမဝါယမအသင်းများမှတစ်ဆင့် စီစဉ်ပေးမည်ဖြစ်ကာ၊ တိုက်ရိုက်ဖြစ်စေ အားလုံးပါဝင်သည့် ဘဏ္ဍာရေးဝန်ဆောင်မှု အစီအစဉ်ဖြစ်သည့် Jan Dhan စီမံကိန်းအောက်တွင်ဖြစ်စေ စုဆောင်းငွေစာရင်းများ ဖွင့်လှစ်ရန်အတွက် Nabard ဘဏ်က သမဝါယမအသင်းများနှင့် သမဝါယမဘဏ်များသို့ တိုက်တွန်းထားကြောင်း၊ သမဝါယမအသင်းနှင့် ဘဏ်များမှတစ်ဆင့် ငွေစုဘဏ် စာရင်းဖွင့်လှစ်ပြီးသူ တောင်သူလယ်သမားအားလုံးအတွက် RuPay ကတ်များ ထုတ်ပေးမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် အခြားသော လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အား အဆိုပါကတ်များဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ RuPay ကတ်များ တွင်ကျယ်စွာဖြင့် အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် လူဦးရေ၁၀၀၀၀ အောက်ရှိသော ကျေးရွာပေါင်း ၁၀၀၀၀၀ ခန့်တွင် တစ်ရွာလျှင် စက်နှစ်လုံးနှုန်းဖြင့် point-of-sale (PoS) စက်ပေါင်း ၂၀၀၀၀၀ ခန့် တပ်ဆင်မည်ဖြစ်ကြောင်း၊ အဆိုပါစက်များ တပ်ဆင်ခြင်းနှင့် တောင်သူလယ်သမားများအတွက် RuPay ကတ်ထုတ်ပေးခြင်းများအား လာမည့်တစ်နှစ်အတွင်း အပြီး ဆောင်ရွက်မည်ဖြစ်ကာ ထိထိရောက်ရောက် အသုံးချသွားမည်ဖြစ်ကြောင်း၊ Nabard အနေဖြင့် အဆိုပါ PoS စက်များ တပ်ဆင်ရန်အတွက် ဘဏ္ဍာငွေ ရူပီးကုဋေ ၁၂၀ ခန့်အား အသုံးပြုသွားမည်ဖြစ်ကြောင်း၊ အဆိုပါစက်များအား ပုဂ္ဂလိကဘဏ်များတွင် တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များ အား PoS စက်များ ပိုမိုဝယ်ယူတပ်ဆင်လာစေရန် ဆွဲဆောင်သည့်အနေဖြင့် စက်တစ်လုံးစီအတွက် ရူပီးငွေ ၆၀၀၀ ကို Nabard က ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါစက်များအား အခြေခံ သမဝါယမအသင်းများ၊ နို့ထွက်ပစ္စည်း ထုတ်လုပ်သည့်အသင်းများနှင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ ရောင်းချသူများက တွင်ကျယ်စွာ အသုံးပြုလာခြင်းအားဖြင့် နိုင်ငံအတွင်း ငွေသားအသုံးမပြုဘဲ ငွေပေးချေမှုများ ပြုလုပ်သည့် ဝန်ဆောင်မှုများ တိုးတက်အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကိုကာကိုလာကုမ္ပဏီက မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ရူပီးကုဋေ ၇၅၀ ခန့်ကုန်ကျမည့် စက်ရုံတည်ဆောက်မည်

နိုင်ငံတကာ အဖျော်ယမကာကုမ္ပဏီကြီးဖြစ်သည့် ကိုကာကိုလာကုမ္ပဏီသည် ရေသယံဇာတ အရင်းအမြစ်များအား ထုတ်ယူအသုံးချမှုများအပေါ် အိန္ဒိယနိုင်ငံအတွင်းရှိ တက်ကြွလှုပ်ရှားသူများနှင့် ဒေသခံ ပြည်သူများက အပြင်းအထန် ကန့်ကွက်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ သို့ရာတွင် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်အစိုးရသည် အဆိုပါကုမ္ပဏီအတွက် စားသောက်ကုန်နှင့် ပုလင်းထုတ်လုပ်သည့်စက်ရုံတည်ဆောက်ရန် နာမဒါမြစ်ကမ်းတစ်လျှောက်တွင် မြေ ဧကပေါင်း ၁၁၀ ကို ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

ကိုကာကိုလာ ကုမ္ပဏီသည် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်၊ ဟိုရှန်ဂါဘတ်ခရိုင်အတွင်းရှိ အသစ် ဖော်ဆောင်နေသော Mohasa- Babai စက်မှုမြေကွက်၌ ပုလင်းနှင့် စားသောက်ကုန် ထုတ်လုပ်မည့် စက်ရုံတစ်ရုံအား ရူပီးကုဋေ ၇၅၀ ခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ် ကြောင်း၊ အဆိုပါစက်မှုဇုန်သည် နာမဒါမြစ်မှ ရှစ်ကီလိုမီတာ အကွာတွင် တည်ရှိကြောင်း၊ ယခုတည်ထောင်မည့် စက်ရုံသည် အိန္ဒိယနိုင်ငံအတွင်း ကိုကာကိုလာကုမ္ပဏီ၏ အကြီးဆုံးစက်ရုံကြီးဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာလည်း ကြီးမားပြီး အဆိုပါစက်ရုံသည် အိန္ဒိယနိုင်ငံအတွင်းရှိပြည်သူအမြောက်အများအား အလုပ်အကိုင်များ ဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုတည်ဆောက်မည့် ကိုကာကိုလာ အချိုရည်စက်ရုံအနေဖြင့်လုပ်ငန်းအပြည့်အဝ လည်ပတ်ပါက တစ်ရက်လျှင် ရေဂါလံ တစ်သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိုကာကိုလာကုမ္ပဏီအား ရေပေးဝေမှုမပြတ်တောက်စေရေးအတွက် အိန္ဒိယအစိုးရသည် တစ်ရက်လျှင် ရေဂါလံ ငါးသန်းခန့်အား သန့်စင်နိုင်သည့် ရေသန့်စင်စက်ရုံကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ မွေးထုတ်ရန် စီးပွားရေးအကယ်ဒမီတစ်ခုကို ၂၀၁၈ ခုနှစ်တွင် ဖွင့်လှစ်မည်

ထိုင်းအစိုးရသည် စွန့်ဦးတီထွင်လုပ်ငန်းသုံးသောင်းခန့်ကို မွေးထုတ်ရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ် နည်းပညာများကို လက်တွေ့အသုံးပြုသည့် ဘာသာရပ်များကို သင်ကြားပေးမည့် စီးပွားရေးအကယ်ဒမီကို ၂၀၁၈ ခုနှစ်တွင် ဖွင့်လှစ် မည်ဖြစ်ပါသည်။

ဒုတိယဝန်ကြီးချုပ် မစ္စတာဆွမ်ကစ်၏ တရုတ်နိုင်ငံခရီးစဉ်အပြီးတွင် ယင်းအကယ်ဒမီကို ဖွင့်လှစ်ရန် လမ်းညွှန်ခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယဝန်ကြီးချုပ်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ် အီးကောမတ်စ်လုပ်ငန်းကြီး အလီဘာဘာနှင့် ထိုင်း SMEs များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် သဘောတူညီချက်များလည်း ရရှိခဲ့သည်။ တရုတ်နိုင်ငံ၏ ကျေးလက်ဒေသများတွင် အလီဘာဘာ၏ Rural Tabao စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ဖြင့် တရုတ်နိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူ သန်းပေါင်းများစွာကို အီးကောမတ်စ် အခွင့်အလမ်းများအား လက်တွေ့အသုံးချ၍ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ယခုလက် ရှိတွင် Rural Tabao ဝန်ဆောင်မှုစင်တာ ၁၆၀၀၀ ကို ဖွင့်လှစ်ထားပြီး နောက်သုံးနှစ်ငါးနှစ်အတွင်း ကျေးရွာ တစ်သိန်းထိ တိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ အောင်မြင်မှုကို နမူနာယူ၍ ထိုင်းနိုင်ငံတွင် စီးပွားရေးအကယ်ဒမီကို ဖွင့်လှစ်ခြင်းဖြစ်ပြီး SMEs လုပ်ငန်းများနှင့် တစ်ဦးချင်းစွန့်ဦးတီထွင်လုပ်များအတွက် အီးကောမတ်စ် ဘာသာရပ် (e-commerce knowledge) ကို အဓိကထား၍ သင်ကြားပေးမည် ဖြစ်ပါသည်။ အီးကောမတ်စ် ဘာသာရပ်တွင် Online Marketing Trading via Social Media နှင့် Logistics Management စသည့်ပညာရပ်များ အဓိကပါဝင်ပါသည်။ သင်ကြားမှု စနစ်သည်လည်း အီလက်ထရောနစ် သင်ကြားမှုစနစ်နှင့် အခြားသော ဒစ်ဂျစ်တယ်သင်ကြားမှု နည်းစနစ်များကို အသုံးပြုမည်ဖြစ်ပါသည်။

နောက်ပိုင်းတွင် ပြည်နယ်အဆင့်အထိ တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပြီး အဓိကပါဝင်မည့် အစိုးရဝန်ကြီးဌာနနှင့် အခြားအဖွဲ့အစည်းများမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ထိုင်းကုန်သည်ကြီးများအသင်း စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များ ပါဝင်ပါသည်။ ထို့အပြင် ကျောင်းအတွက် လိုအပ်သော နည်းပညာများနှင့် လေ့ကျင့်ရေးသင်တန်းများကို အလီဘာဘာက ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘန်ကောက်မြို့**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်ရန် မူဝါဒအချို့ကို တရုတ်နိုင်ငံက ပြင်ဆင်

တရုတ်နိုင်ငံ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ပြည်တွင်းထုတ်လုပ်မှုစရိတ်ကြီးမား သည့် အချက်အပါအဝင် အခြား အကြောင်းအရင်း များစွာကြောင့် လွန်ခဲ့သည့်နှစ်အနည်းငယ်မှစတင်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး ပြန် လည်မြှင့်တင်ရန် လွတ်လပ်မျှတပြီး ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း စဉ်ဖြစ်အောင် ဆောင်ရွက်ပေးမည်ဟုနိုင်ငံတော်ကောင်စီက ယခင်နှစ် ဒီဇင်ဘာတွင် ကတိပြုခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်မည့်လုပ်ငန်းစဉ်တွင် နိုင်ငံခြားရင်းနှီးငွေ စီးဝင်မှုဝန်ဆောင်မှုကဏ္ဍများဖြစ် သည့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်း များ၊ ရှယ်ယာလုပ်ငန်း၊ တယ်လီ ကွန်မြူနီကေးရှင်း၊ ပညာရေးစသည့် လုပ်ငန်းများသို့ နိုင်ငံခြား ရင်းနှီးငွေစီးဝင်မှုကို ဈေးကွက်ဝင်ရောက်မှု လွယ်ကူအောင် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် ရထားပို့ဆောင်ရေးကဏ္ဍ၌ပါ ပြည်တွင်း ယှဉ်ပြိုင်မှု တိုးတက်စေရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုအခါ အစိုးရဝယ်ယူဖြည့်တင်းမှု (Govenment Procurement) ကိစ္စရပ်များတွင် နိုင်ငံခြား ကုမ္ပဏီများကိုပါ ဆောင်ရွက်ခွင့် ပေးမည်ဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးက ဇန်နဝါရီလ ၆ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော် အဆိုပါကုမ္ပဏီများ၏ ထုတ်ကုန်များမှာ " Made in China " ဖြစ်ရမည့် ကန့်သတ်ချက်တစ်ခု ထုတ်ပြန်ထားပါသည်။ ထို့အပြင် အကောက်ခွန်ရှင်းလင်းရေးနှင့် ဆိပ်ကမ်း၌ ကုန်စည်ထုတ်ယူမှုလုပ်ငန်းစဉ်များတွင်လည်း ပိုမိုလွယ်ကူထိရောက်ရန် ဖြေလျှော့ပေးမည်ဖြစ်ကြောင်း အကောက်ခွန်စီမံခန့်ခွဲမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ထို့အပြင် ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့ဒေသအသီးသီးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် မူဝါဒချမှတ်နိုင်ရန် ဗဟိုအစိုးရက ခွင့်ပြုပေးတော့မည်ဖြစ်သည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃၀–၁– ၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ တရုတ်နှစ်သစ်ကူးနီးလာပေမယ့် ပြောင်းဈေးငြိမ်နေပြီး ယခင်တစ်ပတ်ထက် အရောင်းအဝယ် ပိုလာကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်အတိုင်း ၅၀ ကီလိုတစ်အိတ်ကို ၆၇ ယွမ်မှ ၇၁ ယွမ် (တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၂၀ ယွမ်)ရှိခဲ့တာမို့ ဈေးနှုန်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှု အနေနဲ့ ယခင်တစ်ပတ်က တစ်ဖက်နိုင်ငံသို့ တန်ချိန် ၂၇၄၀၀ သာ တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၃၅၀၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ် ကားခမှာ ပြောင်းတစ် ပိဿာကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အထိ လားရှိုးမှ ၃၅ ကျပ်၊ ကျောက်မဲမှ ၄၂ ကျပ်၊ သီပေါမှ ၄၂ ကျပ်၊ နောင်ချိုမှ ၅၅ ကျပ်ရှိကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်လာခဲ့သလို အရောင်းအဝယ်လည်း ကောင်းလာခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေးတစ်ပိဿာ ၂၈၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၀ ကျပ်အထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးတက်ခဲ့သလို အရောင်းအဝယ်လည်း ကောင်းခဲ့ပြီး တစ်ပတ်အတွင်းမှာ ပိဿာချိန် ၂၀၉၄၆၈၅ ပိဿာကျော် အရောင်းအဝယ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် အရောင်းအဝယ်ပိုမိုခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၇၀ ကျပ် (တစ်တန် ၁၆၅၃၄၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဈေးငြိမ်နေပေမယ့် ယခင်တစ်ပတ်ထက် အရောင်းအဝယ်ကောင်းခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၅၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ (RC) အဟောင်း တစ်တန်ကို ၁၀၃၁၀၀၀ ကျပ်၊ မတ်ပဲ SQ (အသစ်) တစ်တန်ကို ၁၁၆၈၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီ (အသစ်)ကလည်း တစ်တန် ၈၀၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်က တစ်တန် ၈၅၀၀၀၀ ကျပ်နဲ့ နှိုင်းယှဉ်ပါက ဈေးကျခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟင်္သာတဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲဈေးကျ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးအတိုင်း အပြောင်းအလဲမရှိခဲ့ဘဲ ၁၄၅၀ ကျပ် (တစ်တန် ၈၈၇၉၆၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ အိတ် ၁၀၀၀ ခန့်ရှိကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၅၀ ကျပ် (တစ်တန် ၁၀၇၁၆၈၂ ကျပ်)ဖြစ်ခဲ့တဲ့ မတ်ပဲအသစ်က ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၇၀ ကျပ် (တစ်တန် ၁၀၂၂၆၉၁ ကျပ်)သာရှိတာမို့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ မတ်ပဲအသစ်ကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားကောင်းတာကြောင့် တစ်နေ့ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ အလားတူ ပဲလွန်းဖြူ၊ ပဲလွန်းနီ၊ ပဲပုပ်(ဆီတိုး)တို့ကလည်း ယခုတစ်ပတ်မှာ ဈေးကျခဲ့ပြီး ပဲလွန်းဖြူတစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန် ၈၂၆၇၂၆ ကျပ်)နဲ့ တစ်နေ့ အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းနီက တစ်ပိဿာ ၁၈၅၀ ကျပ် (တစ်တန် ၁၁၃၂၉၂ ကျပ်)နဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့်၊ ပဲပုပ်(ဆီတိုး)ကလည်း တစ်ပိဿာ ၁၀၆၀ ကျပ်(တစ်တန် ၆၄၉၁၃၃ ကျပ်)နဲ့ တစ်နေ့ကို အိတ် ၁၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းနီနဲ့ ပဲပုပ်(ဆီတိုး)ကို ရန်ကုန်တင်ပို့မယ့် ဝယ်လက်များက ဝယ်လိုအား ကောင်းခဲ့ကြောင်းလည်းသိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးကျ

ရန်ကုန်ဈေးကွက်မှာ ဈေးကျလာတာကြောင့် လှော်လက်များက ဈေးလျှော့ဝယ်ယူတဲ့အတွက် ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံ နီ(အသစ်) တစ်ပိဿာ ၁၂၇၅ ကျပ် (တစ်တန် ၇၈၀၇၉၇ ကျပ်) နဲ့ တစ်နေ့ အိတ် ၈၀၀ ခန့် ပဲစင်းငုံနီ(အဟောင်း) တစ်ပိဿာ ၁၂၂၅ ကျပ် (တစ်တန် ၇၅၀၁၇၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအသစ်ကလည်း တစ်ပိဿာ ၁၅၁၇ ကျပ် (တစ်တန် ၉၂၈၉၉၅ ကျပ်)နဲ့ တစ်နေ့ အိတ် ၈၀၀ ခန့်ကို ရန်ကုန်နဲ့ မန္တလေး ဝယ်လက်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ မန္တလေးဝယ်လက်များက အရည်အသွေးပေါ် မူတည်၍ ပဲတီစိမ်းကြီး ထိပ်စ(အသစ်) တစ်ပိဿာ ၁၅၂၆ ကျပ် (တစ်တန် ၉၃၄၅၀၇ ကျပ်)နဲ့ ပဲတီစိမ်းသေး(အသစ်) တစ်ပိဿာ ၁၂၈၉ ကျပ် (တစ်တန် ၇၈၉၃၇၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးကျခဲ့ပြီး နှမ်းနီနဲ့ သိပ္ပံနှမ်းနက် ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၄၀ ကျပ် (တစ်တန် ၈၂၀၆၀၂ ကျပ်)ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပဲစင်းငုံနီ တစ်ပိဿာ ၁၂၆၀ ကျပ် (တစ်တန် ၇၇၁၆၁၁ ကျပ်)နဲ့သာ ဈေးနိမ့်အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ပဲစင်းငုံနီ အိတ် ၅၅၀၀ ခန့် ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေခဲ့ပြီး တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန် ၉၁၈၅၈၅ ကျပ်)နဲ့ တစ်ပတ်အတွင်း အိတ် ၁၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနီနဲ့ သိပ္ပံနှမ်းနက်တို့ ဈေးငြိမ်ခဲ့ပြီး နှမ်းနက်ရိုးရိုးကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းနီ တစ်ပိဿာ ၁၇၈၀ ကျပ် (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၂၈၉၀ ကျပ် (တစ်တန် ၁၇၆၉၈၀၇ ကျပ်)နဲ့ နှမ်းနက်ရိုးရိုးကတော့ တစ်ပိဿာ ၂၃၃၅ ကျပ် (တစ်တန် ၁၄၂၉၉၃၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံ အရောင်းအဝယ်ဖြစ်မှုကတော့ တစ်ပတ်အတွင်း ၁၃၃၀ အိတ်ခန့်ရှိခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်း ဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ အရည်အသွေးကောင်းတာကြောင့် ပဲစင်းငုံနီ(အသစ်) ဝယ်လိုအားကောင်းခဲ့ပေမယ့် ယခင်တစ်ပတ်အောက် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၅၀ ကျပ် ဈေးအထိရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၆၅ ကျပ် (တစ်တန် ၇၇၄၆၇၃ ကျပ်) သာရှိခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ဈေးကွက်အတွင်း ပဲတီစိမ်း(အသစ်)များ အဝင်များလာတာကြောင့် ဝယ်လက်များက ဈေးလျှော့ဝယ်ယူတာကြောင့် ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က ပဲတီစိမ်းလုံးသေး (အသစ်) တစ်ပိဿာ ၁၂၇၀ ကျပ် (တစ်တန် ၇၇၇၇၃၅ ကျပ်)နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (အသစ်)ကတော့ မြို့ခံ ပဲခွဲစက်များက ဝယ်လိုအားရှိနေပေမယ့် ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးခဲ့တာကြောင့် အရောင်း အဝယ်နည်းပါးခဲ့ပြီး ဈေးနှုန်းအနေနဲ့ တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန် ၁၁၆၀၄၇၉ ကျပ်)နဲ့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီဈေးငြိမ်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ အရောင်းအဝယ်သွက်ခဲ့ပေမယ့် ဈေးနှုန်းကတော့ ယခင်တစ်ပတ်အောက် ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲအသစ် တစ်ပိဿာ ၁၆၅၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၁၇ ကျပ် (တစ်တန် ၉၉၀၂၃၄ ကျပ်)နဲ့ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်များက အဝယ်ဖွင့်ခဲ့ပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိခဲ့ဘဲ ပဲစင်းငုံနီ(အသစ်)တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)၊ ပဲစင်းငုံနီ(အဟောင်း) တစ်ပိဿာ ၁၂၁၇ ကျပ် (တစ်တန် ၇၄၅၂၈၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့တင်ပို့သူ ဝယ်လက်က အဝယ်နည်းခဲ့တဲ့ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပြီး ပဲတီစိမ်းအကြီးထိပ်စ တစ်ပိဿာ ၁၅၁၁ ကျပ် (တစ်တန် ၉၂၅၃၂၂ ကျပ်)၊ ပဲတီစိမ်းကြီး ပုံမှန်စ တစ်ပိဿာ ၁၂၄၄ ကျပ် (တစ်တန် ၇၆၁၈၁၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(ထိပ်စ) နဲ့ ပဲလွန်းအပြာ (ထိပ်စ)က ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိဘဲ ပဲလွန်းဖြူ(ထိပ်စ) တစ်ပိဿာ ၁၃၈၃ ကျပ် (တစ်တန် ၈၄၆၉၄၃၅ ကျပ်)၊ ပဲလွန်းပြာ (ထိပ်စ) တစ်ပိဿာ ၁၁၈၀ ကျပ် (တစ်တန် ၇၂၂၆၂၀ ကျပ်)နဲ့ ပဲလွန်းဖြူကို တရုတ်ဝယ်လက်နဲ့ လက်လီရောင်းချသူများ၊ ပဲလွန်းပြာကိုလက်လီ ရောင်းချသူများက ဝယ်ယူကြကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းနက်စမုံ ဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းနက်စမုံ ဈေးငြိမ်ခဲ့ပြီး ပဲစင်းငုံနီ ဈေးကျခဲ့ပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၈၄၅ ကျပ် (တစ်တန် ၁၇၄၂၂၄၉ ကျပ်)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၃၅ ကျပ် ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၅၅ ကျပ် (တစ်တန် ၇၆၈၅၄၉ ကျပ်)နဲ့ အရောင်းအဝယ် ဖွင့်ခဲ့ပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်နေပြီး တစ်ပိဿာ ၁၂၄၀ ကျပ် (တစ်တန် ၇၅၉၃၆၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# စက်သုံးဆီ Export မှသည် Re-export သို့

| ရွှေအိုးစည်(မူဆယ်) |



ယာဥ်ရပ်နားစခန်းတွင် စက်သုံးဆီယာဥ်များ စစ်ဆေးရန် တန်းစီနေပုံ

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်နေတဲ့အတွက် ပြောင်းလဲလာတဲ့ ဒီမိုကရေစီစနစ်နဲ့အတူ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို အားပေးတဲ့အစိုးရ (Political will) ရှိခြင်းကလည်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အပံ့ပေးရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိနေပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကုန်သွယ်ရေး မူဝါဒငါးရပ်၊ ရည်ရွယ်ချက်လေးရပ်နဲ့အညီ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကုန်သွယ်မှုကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ကုန်သွယ်မှုပမာဏအား လုံးရဲ့၇၀ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်လျက်ရှိတဲ့ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် Re-export စနစ်နဲ့ စက်သုံးဆီများကို တင်ပို့လျက်ရှိနေပြီဖြစ်ပါတယ်။

Re-export ကို ဆောင်ရွက်ရတဲ့ အခြေခံ အချက်က ကုန်သွယ်မှုပမာဏတိုးတက်ရေးပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်တဲ့ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရပါတယ်။ အဲဒီရေလွှမ်းမိုးမှုဒဏ်ကြောင့် မြန်မာနိုင်ငံရဲ့အဓိက ပို့ကုန်တွေဖြစ်တဲ့ လယ်ယာကဏ္ဍထွက်ကုန်တွေဟာ ယခင်ကလို တင်ပို့နိုင်မှာမဟုတ်တော့တာကို သိရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏတိုးတက်ဖို့အတွက် တောင်သူ လယ်သမားတွေ၊ ကုန်သည်တွေကိုမထိခိုက်စေတဲ့ Re-export စနစ်ကို ကျင့်သုံးဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါ တယ်။

ကမ္ဘာ့ပေါ်ရှိ နိုင်ငံအသီးသီးဟာလည်း ကုန်သွယ်မှုပမာဏကို မြှင့်တင်နိုင်ဖို့ Re-export စနစ်ကို အသုံးပြုပြီး ဈေးကွက်မှာ နေရာယူထားကြပါတယ်။

ဒါကြောင့်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Re-export စနစ်ကို အသုံးပြုနိုင်မယ့် ပို့ကုန်သီးနှံများ၊ ကုန်ပစ္စည်းများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီအမယ်များအနက် စက်သုံးဆီကိုလည်း ထည့်သွင်းခဲ့ပါတယ်။ စက်သုံးဆီဟာ မြန်မာနိုင်ငံတွင်းကို လက်ရှိသုံးစွဲနေတာထက် ပိုမိုများပြားစွာ ဝင်ရောက်နေတာမို့ စက်သုံးဆီ တရားမဝင် ဝင်ရောက်နေမှုများကိုလည်း ထိုက်သင့်သလောက် တားဆီးနိုင်မှာဖြစ်ပါတယ်။

## နိဒါန်းအစ Export က

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို ဖြတ်သန်းပြီး မူဆယ်မြို့တွင်းကို ဝင်ရောက်နေတဲ့ စက်သုံးဆီယာဉ်စီးရေဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားနေတာကို တွေ့ရပါတယ်။

အဲဒီစက်သုံးဆီယာဉ်တွေဟာ မူဆယ်မြို့တွင်းသုံးအတွက်သာမက မြို့တွင်းသုံး အယောင်ပြပြီး တစ်ဖက်နိုင်ငံကို တရားမဝင်သော နည်းလမ်းများဖြင့် တင်ပို့နေတာလည်း တွေ့မြင်သိရှိနေရပါတယ်။

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာဆိုရင် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို ဖြတ်သန်းပြီး မူဆယ်မြို့တွင်းသို့ စက်သုံးဆီ သယ်ဆောင်နေတဲ့ ယာဉ်စီးရေဟာ အစီး ၃၀ ရှိပါတယ်။ ဒါကြောင့် မူဆယ်မြို့တွင်းကို ရောက်ရှိနေတဲ့ စက်သုံးဆီ တန်ချိန်ဟာ တစ်နေ့ကို တန်ချိန် ၅၀၀ ဝန်းကျင် ရှိနေတယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

အဲဒီလိုအခြေအနေတွေကြောင့် ဒေသဆိုင် ရာအုပ်ချုပ်မှုအဖွဲ့နဲ့သက်ဆိုင်ရာ ဌာနအသီးသီးတို့ ပေါင်းစပ်ညှိနှိုင်းပြီး တရားဝင်ရောင်းချခွင့်ပြုထားတဲ့ ဆိုင်တွေရဲ့ နေ့စဉ်၊ လစဉ် ရောင်းချမှု နိုင်ငံတော်သို့ အခွန်အခပေးဆောင်မှုတွေနဲ့ တိုက်ဆိုင်စိစစ်တဲ့အခါမှာ မူဆယ်မြို့တွင်းသို့ စက်သုံးဆီ တင်သွင်းမှုတွေဟာ ဒေသရဲ့လိုအပ်ချက်ထက်ပိုလျှံနေတာကို တွေ့ရှိခဲ့ရပါတယ်။

အဲဒီအချက်တွေကြောင့် မူဆယ်မြို့မှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ နေ့စဉ် စက်သုံးဆီ တန်ချိန်ပေါင်းများစွာကို တရားမဝင် တင်ပို့နေတယ်လို့ သုံးသပ်ခဲ့ကြပါတယ်။

အဲဒီလို တရားမဝင် တင်ပို့မှုတွေကြောင့် နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တဲ့အခွန်တွေမရရှိဘဲ ဆုံးရှုံးမှုအများအပြား ဖြစ်ပေါ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ကုန်သွယ်ရေး ဦးစီးဌာနနဲ့ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူတွေဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ မူဆယ်ဒေသမှာရှိတဲ့ စက်သုံးဆီလုပ်ငန်းရှင်တွေ အရောင်း ဆိုင်ပိုင်ရှင်တွေနဲ့ တွေ့ဆုံပြီး နိုင်ငံတော်အတွက် ကုန်သွယ်မှုတိုးတက် ဖို့နဲ့ ရသင့်ရထိုက်တဲ့ အခွန်အခတွေ ရရှိဖို့အတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် Export လိုင်စင်နဲ့ စက်သုံးဆီများ တင်ပို့ခွင့်ပြုပေးနိုင်ဖို့ ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)ကို တင်ပြခဲ့တယ်လို့ သိရပါတယ်။

## Export နဲ့ ခွင့်ပြု

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ တင်ပြချက်အပေါ် ကုန်သွယ်ရေးဦးစီးဌာန ရုံးချုပ်အနေနဲ့လည်း နယ်စပ်ဒေသမှာ လုပ်ငန်းဆောင်ရွက်နေကြတဲ့ လုပ်ငန်းရှင်တွေ နည်းမှန်လမ်းမှန်နဲ့ ကုန် သွယ်မှုလုပ်ငန်းတွေ လုပ်ကိုင်အကျိုးဖြစ်ထွန်းစေရေး၊ ပို့ကုန်ကဏ္ဍမြင့်မားလာစေရေးနဲ့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်အခများရရှိရေးတို့ကို ဦးတည်ရည်ရွယ်လျက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှာ မူဆယ်ကုန်သွယ်ရေးစခန်းမှ စက်သုံးဆီ Export လိုင်စင်ကို ကနဦးတစ်ကြိမ် စတင်ထုတ်ပေးခွင့်ပြုခဲ့ရာမှာ ကုမ္ပဏီ ခုနစ်ခုကို စက်သုံးဆီလိုင်စင်တစ်စောင်စီ ထုတ်ပေးနိုင်ခဲ့ပါတယ်။

အဲဒီလို ခွင့်ပြုပေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ၁၀ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၄ သန်းတန်ဖိုးရှိစက်သုံးဆီတန်ချိန် ၃၈၅၂ (ယာဉ်စီးရေ ၁၄၀)ကို တင်ပို့နိုင်ခဲ့ပါတယ်။

## Exportမှ Re-Export သို့

Export နဲ့ တင်ပို့နိုင်မှုအခြေအနေကို လေ့လာသုံးသပ်ပြီး၊ ပြည်တွင်းစက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေး တစ်ဖက်နိုင်ငံရဲ့ ဈေးကွက်လိုအပ်မှု အခြေအနေ၊ Supply Chain တစ်ခုလုံး အကျိုးဖြစ်ထွန်းမယ့်အလားအလာတွေကို မျှော်တွေးပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ နိုင်ငံ အကျိုးဖြစ်ထွန်းစေဖို့အတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်မှာ နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ စက်သုံးဆီ တင်သွင်း/ တင်ပို့ နေမှုကို Export မှ Re-Export စနစ်နဲ့ ပြောင်းလဲတင်ပို့နိုင်ဖို့ ကုန်သွယ်ရေးဦးစီးဌာနရဲ့ စက်သုံးဆီ Re-Export နဲ့ဆောင်ရွက်မယ့် လုပ်ငန်းစဉ် ၁၂ ရပ် ကို သက်ဆိုင်တဲ့ ဌာနများအား ဖိတ်ကြားပြီး ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးညှိနှိုင်းချက်တွေအရ Re-Export လုပ်ငန်းကို စောင့်ကြည့်လေ့လာပြီး ထိန်းချုပ်မှုစနစ် (Monitoring and Controlling System) အရ ဆောင်ရွက်နိုင်ခြင်း၊ Import စနစ်အရ အခွန် ၁၃ ဒသမ ၅ ရာခိုင်နှုန်း ၊ Export စနစ်အရ အခွန် နှစ်ရာခိုင်နှုန်း၊ စုစုပေါင်း အခွန် ၁၅ ဒသမ ၅ ရာခိုင်နှုန်းရရှိနိုင်ခြင်း၊ ကုန်သည်လုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်ကို ထိခိုက်မှုမရှိဘဲ ဆောင်ရွက်နိုင် ခင်းများအပြင် Supply Chain တစ်လျှောက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေနိုင်တဲ့ အကြောင်းတရားများ ရှိနေတာကြောင့် စက်သုံးဆီ Export မှ Re-Export စနစ်ကို ပြောင်းပြီးခွင့်ပြုဆောင်ရွက် ပေးခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ဒီဇင်ဘာလမှာ စတင်ခဲ့တဲ့ Export စနစ်နဲ့ စက်သုံးဆီတင်ပို့မှုမှာ ဖေဖော် ဝါရီလအထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၀၆ သန်း တန်ဖိုးရှိ စက်သုံးဆီ တန်ချိန် ၈၉၂၂၅ ဒသမ ၁၅ တန် (ယာဉ်စီးရေ-၃၄၄စီး)ကို တင်ပို့နိုင်ခဲ့ပြီး Re-export စနစ်စတင်ခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇန်နဝါရီလမှ မတ်လအထိ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉၃၄ သန်းတန်ဖိုးရှိ စက်သုံးဆီတန်ချိန် ၃၅၃၂၉ ဒသမ ၅၀ တန် (ယာဉ် စီးရေ ၁၄၃၄စီး) ကို တင်ပို့နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ Re-export စနစ်နဲ့ အမေရိကန် ဒေါ်လာ ၄၃ ဒသမ ၂၇၀ တန်ဖိုးရှိ စက်သုံးဆီတန်ချိန် ၈၆၆၉၃ ဒသမ ၅၀ တန် (ယာဉ်စီးရေ ၂၉၉၄ စီး)တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင် ဘာလထိ စုစုပေါင်းပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၅၀ ဒသမ ဝ၄၃ သန်း ရှိခဲ့ပါတယ်။ Re-export စနစ်နဲ့ စက်သုံးဆီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၇၀ သန်း ရရှိခဲ့တဲ့အတွက် စုစုပေါင်းပို့ကုန်ပမာဏရဲ့ ၁ ဒသမ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလထိ Export စနစ်နဲ့ စက်သုံးဆီတင်ပို့မှု၊ ဇန်နဝါရီ မှမတ်လအထိ Re-export စနစ်နဲ့ စက်သုံးဆီ တင်ပို့မှု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဒီဇင်ဘာလထိ Re-export စနစ် ဖြင့် စက်သုံးဆီတင်ပို့မှုအခြေအနေကို ဂရပ်များနဲ့ ဖော်ပြလိုက်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်သုံးဆီ Export , Re-export တင်ပို့မှုအခြေအနေပြ ဂရပ်




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စက်သုံးဆီ Re-export တင်ပို့မှုအခြေအနေပြ ဂရပ်




စာမျက်နှာ (၂၀) သို့

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ စခန်းများမှ သကြားပိုမိုတင်ပို့ပြီး ထိုင်းနယ်စပ်မှ သကြားလျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၇၂၀ သန်း တန်ဖိုးရှိ သကြား ၄၉၉၁၀ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား၄၉၄၆၆ တန်ကျော်၊ ချင်းရွှေဟော်မှ သကြားဖြူ တန် ၂၇၀ ကျော်နဲ့ Re-export သကြား ၁၇၃ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းနှစ်ခုမှ ၄၅၃၉၆ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ သကြားတန် ၄၅၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက် သီတင်းပတ်က သကြားတစ်တန်လျှင် ၉၉၅၈၈၀ ကျပ်ရှိရာမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ရက် သီတင်းပတ်တွင် ၉၇၀၀၀၀ ကျပ်သို့ ဈေးကျဆင်းခဲ့ပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၄၈-၂၅၀ ယွမ်ဈေး ရရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်တွင် ယခုတစ်ပတ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၄၅ သန်း တန်ဖိုးရှိ Re-export သကြား တန်ချိန် ၅၉၀၀ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၄၉၆ တန်ခွဲ တင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ ၂၅၉၆ တန်ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း ၇၄ တန် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၉၄ သန်း တန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့လာနိုင်တာ တွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝ၃၄ သန်း တန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ချင်းအစို၊ ဆီးဖတ်၊ ပြောင်းဖူးစေ့၊ ငါးနီတူခြောက် (ခေါင်းပါ) နဲ့ ငါးစုံလေးခြောက် ၁၄၃ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၆၅ သန်း တန်ဖိုးရှိ ငါးနီတူခြောက်နဲ့ ငါးစုံ လေးခြောက် ၂၂၂ တန်ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မုံရွာ၊ ယင်းမာပင်နဲ့ ပုလဲမြို့နယ်တို့တွင် တရုတ်ဝယ်လက်ရှိတဲ့ ငွေးငယ်နက်(ခေါ်) ခွေးလျှာယား (အယဉ်) များ အများအပြားစိုက်ပျိုးလျက်ရှိ

မုံရွာ၊ ယင်းမာပင်နဲ့ ပုလဲမြို့နယ်တို့မှာ တရုတ်ဝယ်လက်ရှိတဲ့ ငွေးငယ်နက်(ခေါ်) ခွေးလျှာယား(အယဉ်)များကို အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါတယ်။

တရုတ်ဝယ်လက်များဟာ ငွေးငယ်နက်ကို ပရဆေးအဖြစ် အသုံးပြုရန်အတွက် တစ်ပြည်ကိုကျပ် ၈၀၀၀၊ တစ်တင်းကို ကျပ် ၁၂၀၀၀၀ နဲ့ ဝယ်ယူနေကြောင်း သိရပါတယ်။

ငွေးငယ်နက်ကို အိမ်ခြံအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ ယာကွက်များမှာပါ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများက ပြောကြားခဲ့ပါတယ်။ ငွေးငယ်နက်ကို မေ၊ ဇွန်လတို့မှာ စတင်စိုက်ပျိုးပြီး နိုဝင်ဘာ/ဒီဇင်ဘာလတို့မှာ အပွင့်/အသီးဖြစ်ပေါ်ကာ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလတို့မှာ အသီးရင့်မှည့်ပါတယ်။

ငွေးငယ်နက်ကို အချို့ဒေသတွေမှာ ခွေးလျှာယား (အယဉ်) လို့ခေါ်ဝေါ်ကြပြီး အမှုန့်ပြုလုပ်ကာ ပျားရည်နဲ့ ရောစပ်ပြီး အဆိပ်ဖြေဆေး၊ နှလုံးသွေးကြောကျဉ်းရောဂါ ပျောက်ဆေးအဖြစ် မှီဝဲလျက်ရှိကြောင်း သိရပါတယ်။



**အောင်မင်း(တန့်ဆည်)**

## ပြည်ပမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အိမ်နီးချင်းနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ဝ၈၆ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၂၆၈၇၄ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆိုင်ကယ် ၂၁၃၄၉ စီးသာ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၅၂၅ စီး ပိုမိုတင်သွင်းနိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တရုတ်၊ ထိုင်း၊ အိန္ဒိယနယ်စပ် သုံးခုစလုံးမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၂၂ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၅၃၀၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၅၄၂ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ဝ၁၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၈ စီး၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ဝ၂၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၀ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တင်ပို့မှု တန်ချိန်လျော့နည်းပြီး တန်ဖိုးပိုမို

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၂၀၇၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၇ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၂၁၃၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၉ သန်း ပိုမိုခဲ့ပြီး တန်ချိန်အားဖြင့် ၆၇ တန်ခန့် လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ကဏန်း၊ ငါးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်နဲ့ ငါးစီဖောင်း ပိုမိုတင်ပို့ခဲ့သလို ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးမှုန့်၊ ငါးကြင်းစီဖောင်း၊ ငါးပူတင်း အရေခွံခြောက်နဲ့ ငါးလိပ်ကျောက်အရေခွံခြောက်တို့ တင်ပို့ခဲ့ပါတယ်။ ငါးဆားနယ်၊ ငါးလေးခြောက်၊ ငါးမျိုးစုံနဲ့ ပုစွန်ဖွဲ တင်ပို့မှုတွင် တန်ဖိုးအနေနဲ့ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံယွမ်ဈေးအနေဖြင့် ငါးရှဉ့်တစ်တန်ဈေးကယွမ် ၃၁၀၀၀ နဲ့ ပြောင်းလဲမှုမရှိဘဲ ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ၅၃၉၃၄ ယွမ်ရှိရာမှ ၅၃၆၅၆ ယွမ်သို့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်း ရရှိပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၅၀၂ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၁၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀၆ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၂ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ ရိဒ်နယ်စပ်တစ်ခုတည်းမှ တင်ပို့ခဲ့ပေမယ့်လည်း ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၀၂ သန်း တန်ဖိုးရှိ ကွမ်းသီး ၆၁၈ တန် တင်ပို့နိုင်တာ တွေ့ရပါတယ်။

ရိဒ်နယ်စပ်မှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ဝ၃၆ သန်း တန်ဖိုးရှိ မုန့်မျိုးစုံ၊ စောင်၊ မဝတ်တီရှပ်၊ မစီးဖိနပ် တို့ကိုလည်း တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## (၁၁)ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

ဧရာ ဝတီတိုင်းဒေသကြီး တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁၁)ကြိမ်မြောက် အစည်းအဝေးကို ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေးခန်းမ (၂)တွင် ဇန်နဝါရီလ ၂၅ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းမြွေး၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် မိတ်ဖက်အဖွဲ့များမှ တာဝန်ရှိသူများ၊ ARCCI အသင်းဥက္ကဋ္ဌနှင့် ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူးများ၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ပါတယ်။



အဆိုပါ အခမ်းအနားတွင် လျှပ်စစ်စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြွေးက စားသုံးသူအခွင့်အရေး၊ စားသုံးသူအကျိုးစီးပွား ကာကွယ်ရေးနှင့် ဆက်စပ်၍ ဈေးကွက်လေ့လာခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ စောင့်ကြည့်လေ့လာခြင်းများအပြင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် နောင်တွင် စားသုံးသူရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အငြင်းပွားမှု ဖြစ်ပွားလာပါက တိုင်ကြားလက်ခံဆောင်ရွက်ရာတွင် ထုတ်လုပ်သည့်နေရာမှ ကုန်စည်များအား မှတ်တမ်းတင်ခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး သတင်းအချက်အလက်များ ကြိုတင်စုဆောင်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများနှင့် အထက်ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်း၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများတွင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ အကြံပြုချက်များကိုလည်း အစည်းအဝေးတွင် မှတ်တမ်းတင်ထားရှိ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး**



## အာရှစွန့်ဦး စီးပွားပရဟိတကွန်ရက်၏ Myanmar Social Impact Forum ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည်

စက်ာပူအခြေစိုက် ပြိုင်ဘက်ကင်း ထောက်ပံ့သူများကွန်ရက်တစ်ခုဖြစ် သည့် Asian Venture Philanthropy Network - AVPN (အာရှစွန့်ဦးစီးပွား ပရဟိတကွန်ရက်)မှ ဦးစီးကာ Myanmar Social Impact Forum 2017 ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တစ်ရက်တာကျင်းပမည့် အဆိုပါဆွေးနွေးပွဲဖိုရမ်တွင် YOMA Strategic Holdings, Parami Energy နှင့် GIVO တို့မှ အဓိကဟောပြောဆွေးနွေးသူများအဖြစ် ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အာရှပစိဖိတ်ဒေသတို့မှ များပြားလှသော အလှူစုံစီးပွားရေး လုပ်ငန်းနယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ယခုဆွေးနွေးပွဲ ဖိုရမ်သည် မြန်မာနိုင်ငံရှိ အပြန်အလှန်အကျိုးပြု ရင်းနှီးမြှုပ်နှံမှုများ၊ ပရဟိတလုပ်ငန်းများနှင့် လူမှုစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ အတွေးအမြင် ဖလှယ်ခြင်းများပြုလုပ်နိုင်မည့် တန်ဖိုးရှိသော ရပ်ဝန်းတစ်ခုဖြစ်လာနိုင်သည်ဟု ဆိုသည်။

ဆွေးနွေးပွဲတွင် မြန်မာ့လူမှုရင်းနှီး မြှုပ်နှံမှု၏ မီးမောင်းထိုးပြစရာဒေသတွင်း အောင်မြင်မှုများ၊ မြန်မာနိုင်ငံအတွင်း ကောင်းမွန်သော လူမှုအပြောင်းအလဲများ ဖန်တီးမှုအပေါ် အလားအလာကောင်းများ၊ မြန်မာ့အစပျိုး စွမ်းအင်လုပ်ငန်းများ၏ လူမှုရင်းနှီးမြှုပ်နှံခြင်းနှင့် ငွေကြေးအထောက်အပံ့၊ အပြန်အလှန်အကျိုးပြု ရင်းနှီးမြှုပ်နှံမှုနှင့် ပရဟိတလုပ်ငန်းများရှာဖွေခြင်း စသည့် အကြောင်းအရာများ အဓိကပါဝင်မည်ဖြစ်သည်။

YOMA Strategic Holdings ၏ Head of CSR ဖြစ်သူ Mr.Martin Pun က မြန်မာနိုင်ငံ၏ ပရဟိတနှင့် နိုင်ငံတည်ဆောက်ခြင်းဆိုင်ရာ ဆွေးနွေးမှုဖြင့်ဖိုရမ်ကို စတင်ဖွင့်လှစ်မည်ဖြစ်ပြီး လျှုတန်းမှုဆိုင်ရာ လူမှုကွန်ရက် GIVO ၏ ပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Alvin Li က"အမွေအနှစ်တစ်ခုတည်ဆောက်ခြင်းတွင် မြန်မာပြည်၏အနေအထား"ကို မျိုးဆက်သစ်တစ်ဦးအနေဖြင့် ဆန်းစစ်လေ့လာမည်ဖြစ်သည်။

**မယ်သီတာ**

## ကမ္ဘာ့နိုင်ငံအသီးသီးရှိအရောင်းဆိုင်ပေါင်း သန်း ၄၀ ကျော်တွင် ကမ္ဘောဇဘဏ်၏ KBZ Visa Credit Card ဖြင့် ငွေပေးချေမှုများ ပြုလုပ်နိုင်ပြီ




ကမ္ဘာ့နိုင်ငံအသီးသီးရှိ အရောင်းဆိုင်ပေါင်း သန်း ၄၀ ကျော်နှင့်မြန်မာနိုင်ငံရှိ အရောင်းဆိုင်ပေါင်း ၇၀၀၀ ကျော်တို့တွင် ကမ္ဘောဇမှ အသစ်ထုတ်လုပ်လိုက်သည့် KBZ Visa Credit Card ကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း ကမ္ဘောဇဘဏ်က တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် Visa နှင့်ပူးပေါင်း၍ အကြွေးဝယ်ကတ်ကို ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ အဆိုပါအကြွေးဝယ်ကတ်တွင် Classic Card နှင့် Platinum ဟူ၍ နှစ်မျိုးထုတ်လုပ်ထားပြီး ကတ်နှစ်မျိုးစလုံးအား Visa ၏ဆန်းသစ်သော PayWave နည်းပညာဖြင့် ချိတ်ဆက်လုပ်ဆောင်သွားမည်ဖြစ်သည်။

KBZ Visa Credit Card ကို ကိုင်ဆောင် အသုံးပြုသူတစ်ဦးသည် အနည်းဆုံး ကျပ်သုံးသိန်းမှ ကျပ်သိန်း ၅၀ အထိ အသုံးပြုနိုင်မည်ဖြစ်ပြီး သုံးစွဲနိုင်မည့်အချိန်ကာလမှာ ၄၅ ရက်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်ထားသည့် ၄၅ ရက်အတွင်း မိမိအသုံးပြုထားသည့် ငွေပမာဏအား ပြန်လည်ပေးဆပ်ပါက အတိုးပေးချေရမည်မဟုတ်ဘဲ ထိုကာလ ကျော်လွန်သွားပါက အတိုးအဖြစ် ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းပေးချေရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်နှင့် Visa တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဆိုပါ KZB Visa Credit Card ကို ကိုင်ဆောင်သုံးစွဲသူသည် နိုင်ငံပေါင်း ၂၀၀ ရှိ Visa ကတ်ကို အသုံးပြု၍ ငွေပေးချေနိုင်သည့် နေရာပေါင်း သန်း ၄၀ နှင့် မြန်မာနိုင်ငံရှိ Visa ကတ်ကို အသုံးပြု၍ ငွေပေးချေနိုင်သည့်နေရာပေါင်း ၇၀၀၀ ကျော်တို့တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကတ်ဖြင့် ငွေသားထုတ်ယူခြင်း၊ စားသောက်ဆိုင်များ၊ ကုန်ပစ္စည်းဝယ်ယူခြင်းများကို ပြုလုပ်နိုင်သကဲ့သို့ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတို့ရှိ ATM စက်များတွင်လည်း ငွေသားကို ထုတ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

"KBZ Visa Credit Card ကို ကိုင်ဆောင် အသုံးပြုသူတွေအနေနဲ့ စားသောက်ဆိုင်တွေ၊ ကုန်ပစ္စည်းအရောင်းဆိုင်တွေကပေးတဲ့ အထူးလျှော့ဈေး အခွင့်အရေးတွေကိုလည်း ခံစားနိုင်မှာဖြစ်သလို နိုင်ငံတကာလေဆိပ်တွေရဲ့ စားသောက်ဆိုင်တွေမှာ ၅၀ ရာခိုင်နှုန်း အထူး Discount ရမှာဖြစ်သလို မြန်မာနိုင်ငံက လေဆိပ်တွေမှာလည်း ၁၀ ရာခိုင်နှုန်း Discount တွေရရှိမှာ ဖြစ်ပါတယ်။ ပြည်ပခရီးသွားတွေအတွက် ခရီးသွားအာမခံရရှိနိုင်မှာဖြစ်ပါတယ်။ ဆူးလေရှန်ဂရီလာမှာရှိတဲ့ စားသောက်ဆိုင်တွေမှာ တစ်ကြိမ်စားသုံးရင် ၂၀ ရာခိုင်နှုန်း Discount ရရှိမှာဖြစ်တာကြောင့် ငါးကြိမ်စားသုံးတာနဲ့ အခမဲ့စားသုံးခွင့် တစ်ကြိမ်ရရှိမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံက သုံးစွဲသူတွေကို အကောင်းဆုံး အကြွေးဝယ်ကတ်တွေနဲ့ ဝန်ဆောင်မှုပေးဖို့ အရေးပါသလို အကြွေးဝယ်ကတ်တွေကို အသုံးပြုတဲ့အခါမှာ တာဝန်ယူမှုရှိရှိနဲ့ အသုံးပြုသင့်ပါတယ်"ဟု ကမ္ဘောဇဘဏ်၏ ကတ်ဌာနမှ အထွေထွေမန်နေဂျာ ဒေါ်ဆွေဇင်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါကတ်တွင်Visa PayWave နည်းပညာကို အသုံးပြုထားသဖြင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်မြင့်ငွေပေးချေမှု၊ အွန်လိုင်းမှ ဈေးဝယ်ခြင်းများနှင့် များစွာသော ဝန်ဆောင်မှုများကို ရယူနိုင်ပြီဖြစ်သည့်အပြင် Platinum ကတ်ကို အသုံးပြုသူများအနေဖြင့် နိုင်ငံတကာမှ အရေးပေါ်အကူအညီများကိုလည်း ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကတ်သည် နိုင်ငံတကာတွင်ပါ အသုံးပြုနိုင်သည့် ကတ်အမျိုးအစားဖြစ်သော်လည်း မြန်မာကျပ်ငွေဖြင့် အသုံးပြုနိုင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအတွင်း ငွေထုတ်ယူမှုများတွင် ငွေလဲနှုန်းနှင့်ပတ်သက်၍ စိုးရိမ်စရာမလိုကြောင်း သိရသည်။

**မယ်သီတာ**

## MPT ဆင်းမ်ကတ်မှတ်ပုံတင် ထားခြင်းရှိမရှိ မိုဘိုင်းလ်ဖုန်းများပေါ်မှ လွယ်လင့်တကူ စစ်ဆေးနိုင်ပြီ

MPT သုံးစွဲသူများအနေဖြင့် ကုတ်နံပါတ်အသစ်တစ်ခုဖြစ်သည့် *601# သို့ခေါ်ဆိုခြင်းဖြင့် မိမိတို့၏ MPT ဆင်းမ်ကတ်များ မှတ်ပုံတင်ထားခြင်းရှိ၊ မရှိ လွယ်ကူလျင်မြန်စွာ စစ်ဆေးကြည့်ရှုနိုင်ပြီဖြစ်သည်။

အဆိုပါကုတ်နံပါတ်အား ခေါ်ဆိုပြီးနောက် သုံးစွဲသူ၏ဖုန်းမျက်နှာပြင်ပေါ်တွင် ဆင်းမ်ကတ်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ စာတန်းပေါ်လာမည်ဖြစ်ပါသည်။ ဆင်းမ်ကတ်မှတ်ပုံတင်ထားခြင်းမရှိပါက MPT ဝက်ဘ်ဆိုက်၏ Self-Care စာမျက်နှာသို့ တိုက်ရိုက်ဝင်ရောက်ကာ ဆင်းမ်ကတ်ကို မှတ်ပုံတင်နိုင်မည့် လင့်ခ်တစ်ခုကို MPT က စာတိုဖြင့် ပေးပို့သွားမည်ဖြစ်သည်။ ယခုအစီအစဉ်သည် မတ် ၃၁ရက်မတိုင်မီ MPT သုံးစွဲသူများအားလုံး ဆင်းမ်ကတ်မှတ်ပုံတင်ပြီးစီးရေးအတွက် MPT-KSGM Joint Operations က ဆောင်ရွက်ပေးလျက်ရှိသော နည်းလမ်းများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

MPT ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဝန်ဆောင်မှုများကို ဆိုင်များ၊ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း အထူးပွဲတော်များ၊ စာတိုက်ရုံးများ၊ ဘဏ်များ၊ အိတ်ချိန်းရုံးများ အစရှိသည့်နေရာပေါင်းများစွာတို့တွင် အလွယ်တကူ ဆောင်ရွက်နိုင်ပြီဖြစ်ပြီး မကြာသေးမီကလည်း MPT ၏ Self-Care အက်ပလီကေးရှင်း MPT4U ကို အသစ်မွမ်းမံကာ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုကို ထပ်မံထည့်သွင်းထားပါသည်။

ဆင်းမ်ကတ်မှတ်ပုံတင်ထားခြင်း မရှိသေးသူများကိုလည်း MPT က SMS များပေးပို့ကာ အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။ စာတိုလက်ခံရရှိခြင်းနှင့် USSD ကုတ်အသုံးပြုမှုများမှာ အခမဲ့ဖြစ်ကြောင်း သိရ သည်။ MPT ရုံးများနှင့် MPT အမှတ်တံဆိပ်ဆိုင်များတွင် မှတ်ပုံတင်ထားပါက ၁၀ ရက်ခန့်စောင့်ဆိုင်းပြီးမှ စစ်ဆေးနိုင်မည်ဖြစ်သည်။ *601# သို့ခေါ်ဆိုမှုကို CDMA သုံးစွဲသူများမှအပ MPT သုံးစွဲသူများအားလုံး အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် https://care.mpt.com.mm/ မှတစ်ဆင့်ဝင်ရောက်ကာ Self-Care စာမျက်နှာတွင် ဆင်းမ် ကတ်မှတ်ပုံတင်သူများနှင့် MPT4U အပလီကေးရှင်းမှတစ်ဆင့် မှတ်ပုံတင်သူများအတွက် ဒေတာအပိုဆု 400MB ကိုလည်း ပေးအပ်သွားမည်ဖြစ်သည်။ **မယ်သီတာ**

## elephant mall အမည်ရှိ အွန်လိုင်းဈေးဝယ်စင်တာ စတင်

elephant mall အမည်ရှိ အွန်လိုင်းဈေးဝယ်စင်တာတစ်ခုကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ elephant mall သည် ကုန်ပစ္စည်းများကို ရောင်းသူနှင့် ဝယ်ယူသူများအကြား ပစ္စည်းမျိုးစုံကို အများထက်သက်သာသောဈေးနှုန်းများဖြင့် လွယ်ကူချောမွေ့စွာရောင်းချပေးမည့် အွန်လိုင်းဈေးဝယ်စင်တာတစ်ခုဖြစ် သည်။

ထို့ပြင် အဆိုပါ elephant mall တွင် လာရောက်ရောင်းချသူများအနေဖြင့်လည်း ခြောက်လအထိ ကုန်ပစ္စည်းရောင်းချမှုများအတွက် ဝန်ဆောင်ခပေးချေရန်မလိုဘဲ အခမဲ့ရောင်းချခွင့် ရှိကြောင်း သိရသည်။

"Customer တွေအနေနဲ့ အွန်လိုင်းရှော့ပင်းသုံးရတဲ့ ရည်ရွယ်ချက်အတိုင်း အပြင်သွားစရာမလိုဘဲ အချိန်ကုန်သက်သာပြီး အိမ်မှာနေရင်း ကိုယ့်စိတ်ကြိုက် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ elephant mall အနေနဲ့ ဝယ်ယူသူများရဲ့စိတ်ကျေနပ်မှုကိုရရှိဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အင်တာနက်ကနေတစ်ဆင့် ဝယ်ယူရတယ်ဆိုပေမယ့် စစ်မှန်တဲ့အရည်အသွေး၊ မှန်ကန်တဲ့ဈေးနှုန်းတွေရရှိအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ဒ့ါအပြင် elephant mall မှာ လာရောက်ရောင်းချတဲ့ဆိုင်ရှင်တွေရဲ့ကုန်ပစ္စည်းတွေကို ရောင်းအားတက်လာစေဖို့လည်း ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု elephant mall မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံရှိ Capital Sports (CS)နှင့် Capital Knowledge(CK) တို့ ပူးတွဲ၍ Capital Knowledge Myanmar Company (CKM) ကို ထူထောင်ခဲ့ကာ မြန်မာနိုင်ငံတွင် အွန်လိုင်းရှော့ပင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ elephant mallကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ elephant mall သည် ဂျပန်နိုင်ငံတွင် အခြေစိုက်သော်လည်း မြန်မာနိုင်ငံတွင်မူ မြန်မာနိုင်ငံသားအများစု အလုပ်လုပ်ကိုင်လျက်ရှိသော အွန်လိုင်းရှော့ပင်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**




# Royal Black Sea Logistics



## OUR SERVICES



- PROJECT CARGO HANDLING SERVICES
- WORLD WIDE FREIGHT SERVICES
- MULTIMODAL TRANSPORT SERVICES (BORDER TRADE)
- CUSTOMS BROKERAGE SERVICES
- INLAND TRANSPORT SERVICES
- DOCUMENTS APPLICATION SERVICES ( MIC )





**Adress : No 141/143,Room No.1A,1st Floor,Botahtaung Pagoda Road,Botahtaung Tsp, Yangon,Myanmar.**
**Phone : (+ 959) 428023072, 5196494, 968838818~28,969915511~33**
**E-mail : bod@royalblacksea.com, zinmoeaung007@gmail.com.**


ATT Security Solutions
By Ayeyarwaddy Treasure Trading Co.,Ltd.
SECURITY SYSTEM
Astrophysics inc
Tomorrow's Technology for Today's Security
AUTHORIZED AGENT
: X-Ray Machine
- Check Bagage
- Hand Carry
: Walk-Trough
(Metal Detector)
: Hand Held Detector
( Rental Available )
AS&E
Detect the difference.
UVI Scan
Under Vehicle Inspection System
Barrier Access
Control System
HOTEL SYSTEM
AUTHORIZED AGENT
DSPPA
PUBLIC ADDRESS SYSTEM
AXIS COMMUNICATIONS
alhua
AUTHORIZED PARTNER
orena
Fire Alarm System
AUTHORIZED DISTRIBUTOR
orbita
TECHNOLOGY CO.,LTD
AUTHORIZED DISTRIBUTOR
at-visions
Advanced Technologies
AUTHORIZED PARTNER
INTERACTIVE HOTEL IPTV SYSTEM
CATV
SYSTEM
BELDEN ( U.S.A )
SENDING ALL THE RIGHT SIGNALS
AUTHORIZED RESELLER
Yangon office - SHB-3(#7), Malikha Garden Housing, Yadanar Road, Thingangyun Township, Yangon, Myanmar.
Ph : +95-9 43098901, +95-1 8562911 Email : info@ayeyarwaddy-treasure.com Website : www.ayeyarwaddy-treasure.com
Naypyitaw office - No.(Pa-204), Thapyay Gone Market, Naypyitaw, Myanmar. Ph : +95-9 452418373


STRENGTH COMPANY LIMITED.
SWIMMING POOL & WATER TECHNOLOGY
Eco Select
Zodiac TRi
saltwater chlorinator
PENTAIR
ECOSEPT
SEPTIC TANK
EMAUX
Water Technology
Certikin
QUALITY PRODUCT FOR EXCLUSIVE DESIGN
SINCE 1996
SWIMMING POOL EQUIPMENTS, CONSTRUCTION,
SWIMMING POOL MAINTENANCE SERVICES
FILTRATION
PUMPS
LIGHTING
POOL FITTINGS
SURROUNDING EQUIPMENTS
DISINFECTION SYSTEM
CLEANING EQUIPMENT
HEATING
SPA EQUIPMENT
SAUNA
JACUZZI
COMPETITION EQUIPMENTS
SWIMMING POOL TILES &
DECKING ACCESSORIES
SWIMMING POOL EQUIPMENTS
No.19(A), Airport Avenue Rd., 10th Mile, Insein Tsp., Yangon, Myanmar.
Tel: 01-663386, 666235, 666925, 09-5129283
E-mail: strength@yangon.net.mm, strength.company@gmail.com

## ဝါ

### မှုဆယ်မှဝါဂွမ်း ပြန်လည်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၆၃၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၁၆၆ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ဝါဂွမ်းတင်ပို့မှုမရှိခဲ့ဘဲ ယခုတစ်ပတ်မှာ ပြန်လည်တင်ပို့ခဲ့တာဖြစ် ပါတယ်။

ချည်မျှင်ရှည် ဝါဂွမ်း-၆- ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နဲ့ ပခုက္ကူခရိုင်တွေမှာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတွေက လစဉ်သရုပ်ပြပွဲများ၊ဝါအကြောင်းသိကောင်းစရာများ၊ စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### မြန်မာ-တရုတ်နယ်စပ်လမ်းကြောင်းမှ ရော်ဘာတင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆၃ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၉၅၉ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS1 ၁၀၂ တန်ကျော်၊ RSS3 ၁၇၉၄ တန်ကျော်၊ RSS5 ၆၅ တန်၊ MSR 20 ၂၅၆ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၅၀၆ တန်ကျော်၊ MSR 50 ၁၉ တန်ကျော်နဲ့ RSS5 ၂၁၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၃၁၈၄ တန်ကျော် တင်ပို့ခဲ့ တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာပေါက်စျေးမှာ RSS 3 တစ်တန်ကို ကျပ် ၂၁ ဒသမ ၃၄ သိန်း၊ RSS5 တစ်တန်ကို ကျပ် ၂၀ ဒသမ ၃၇၇ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၁၁၀၀၀ စီ စျေးတက်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၈ သန်းဖိုးရှိ ရော်ဘာ ၁၁၉၆ တန်ခန့်တင် ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS3 တန် ၆၄၀၊ စင်ကာပူနိုင်ငံသို့ MSR 20 (TSR 20) ၁၀၅ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 ၄၅၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၃၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၆၂ တန် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်ရဲ့ နိုင်ငံတကာ ရော်ဘာစျေးမှာ အတက် အကျအနည်းငယ်သာ ရှိခဲ့တဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ ရော်ဘာစျေးကိုလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ်အတိုင်း စျေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၂၂၅၀-၂၃၅၀၊ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၂၂၀၀-၂၃၀၀၊ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၂၁၅၀-၂၂၅၀၊ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၂၁၀၀-၂၂၀၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၂၀၅၀-၂၁၅၀၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၂၄၀၀-၂၅၀၀၊ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၂၁၅၀-၂၂၅၀၊ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၂၁၀၀-၂၂၀၀၊ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၂၀၀၀-၂၁၀၀၊ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |

**ယဉ်ယဉ်အေး**

စာမျက်နှာ (၁၅) ➢➢➢ စက်သုံးဆီ Export • • • • မှ အဆက်

အာဆီယံစီးပွားရေးအသိုက်အဝန်းဟာ လာမယ့် ၂၀၁၈ ခုနှစ်မှာ စတင်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း စျေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိနေပြီး ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန် ချောမွေ့စေရေးအတွက် ဘက်ပေါင်းစုံမှ First Wave , Second Wave, Third Wave များနဲ့ ဖြေလျော့ပေးလျက်ရှိနေတာကို တွေ့ရပါတယ်။

ဒါကြောင့် လုပ်ငန်းရှင်များအနေနဲ့ ပို့ကုန်ပိုမိုတိုးတက်စေရေးအတွက် အသင်းအဖွဲ့များနဲ့ ပြည်သူများပါဝင်တဲ့ Public Private Partnership ကို ဆောင်ရွက်ဖို့ လိုအပ်သလို ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာကြောင့် ပို့ကုန်ဦးဆောင် တဲ့ တိုးတက်မှုပုံစံ Export Led Economic Growth Model နဲ့ ပို့ကုန်လုပ်ငန်းများ ပိုမို ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။

## စားသောက်ကုန် ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် အောင်မြင်စွာ ကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောဝန်ကြီး ဌာန၊ Nomura Research Institute (NRI) တို့ ပူးပေါင်း၍ စားသောက်ကုန် ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို ဇန်နဝါရီ ၂၆ ရက်က နေပြည်တော် Grand Amara Hotel ၌ ကျင်းပခဲ့ပါသည်။

အဆိုပါဖိုရမ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အဖွင့်အမှာစကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ ပြီး NRI ၏ သုတေသနပညာရှင်က မြန်မာနိုင်ငံရှိ စားသောက်ကုန်ထုတ် လုပ်ရောင်းချမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သုတေသနပြု လေ့လာတွေ့ရှိမှု အခြေအနေများ၊ ဂျပန် နိုင်ငံ၏ ၁၉၅၀-၁၉၈၀ ခုနှစ်များတွင် အသုံးပြုခဲ့သည့် အစားအသောက် ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ နည်းလမ်းနှင့် အတွေ့အကြုံများအပြင် ဂျပန်စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်ပြီး လုပ်ငန်းစတင်ရာတွင် အဓိက တွေ့ကြုံရသည့် စိန်ခေါ်မှု အခက်အခဲများ၊ နည်းပညာနှင့် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေးက ဌာန၏ မျှော်မှန်းချက်၊ ဦးတည်ချက်များ၊ လက်ရှိဆောင်ရွက်နေမှုများနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ပြီး မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးရဲမြင့်မောင်က မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ Food Supply Chain တစ်လျှောက် တွေ့ကြုံနေရသည့် အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

စားသောက်ကုန် ထုတ်လုပ်ရောင်းချသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု ဖိုရမ်သို့ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းလုပ်ကိုင်နေသည့် ဂျပန်ကုမ္ပဏီများနှင့် နောက်ထပ်လာရောက် ရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်ရန် စိတ်ဝင်စားသည့် ဂျပန်စားသောက်ကုန်ကုမ္ပဏီများ၏ အရေးပါသော တာဝန်ခံကိုယ်စားလှယ်များ တက်ရောက်ကြသည့်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများ နှင့် တွေ့ဆုံဆွေးနွေးရာမှတစ်ဆင့် Food Supply Chain ဆိုင်ရာ နည်းလမ်းကောင်းများကို တိုးတက်ဆောင်ရွက်နိုင်စေပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းကောင်း များကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ အဆိုပါဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်ပါ သည်။

ဖိုရမ်သို့ စားသောက်ကုန်ထုတ် လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်ပါဝင်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ လက်လီဖြန့်ဖြူး ရောင်းချသူများအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်းနှင့် City Mart Holding ကုမ္ပဏီများအပါအဝင် မြန်မာကိုယ်စားလှယ် ၄၄ ဦး၊ ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောဝန်ကြီးဌာန၊ Nomura Research Institute (NRI) နှင့် ဂျပန်စားသောက်ကုန်ကုမ္ပဏီ များမှ တာဝန်ခံများအပါအဝင် ဂျပန်ကိုယ်စားလှယ် ၃၁ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

### စျေးနှုန်းမှန်နဲ့ ဒေသတွင်းအဆွဲသန်တာကြောင့် ပြည်ကြက်သွန်ဖြူအရောင်းအဝယ်ဖြစ်

၂၀၁၇ ခုနှစ်အစ စားဖိုဆောင်သီးနှံစျေးကွက် စျေးနှုန်းတွေ မြင့်တက်နေချိန်မှာ ပြည်ပွဲရုံကြက်သွန်ဖြူစျေးပုံမှန်ဖြစ်နေပြီး၊ ဒေသတွင်းလက်လီသမားများက အိတ်လိုက်အဆွဲများတာကြောင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရပါတယ်။ ရှမ်းစကလည်း စျေးအမြင့်နှင့်ငြိမ်နေပြီး ကြူကုတ်စစျေးအကျဘက်နှင့် ငြိမ်နေတာကြောင့် အရောင်းအဝယ်မှာ ပိုမိုသွက်နေတာတွေ့ရပါတယ်။ တရုတ်နဲ့ ရှမ်းတောင်မှ ရက်ခြားအဝင်မှန်နေတယ်လို့လည်း သိရပါတယ်။ ယခုတစ်ပတ် ပြည်(ပွဲရုံ)ကြက်သွန်ဖြူစျေးကတော့ တစ်ပိဿာလျှင် (ရှမ်း) ၅၅၀၀ ကျပ်နှင့် (ကြူကုတ်) ၄၆၀၀ ကျပ် စျေးဖြင့် စျေးနှုန်းငြိမ်နေပြီး၊ ဒေသတွင်း လက်လီအရောင်းသမားများမှာ (ရှမ်း) ကျပ် ၆၀၀၀၊ (ကြူကုတ်) ၅၁၀၀ ကျပ်စျေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ (ကြူကုတ်စ) အရည်အသွေး၊ အမွှာအတက်များကြီးပြီးချောလာကာ စျေးနှုန်းအတက်မရှိတာကြောင့် တစ်ဆင့်ခံရောင်းချသူများ အရောင်းပိုသွက်ကြောင်းလည်း သိရပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၃၀၀ ခန့် ပွဲရုံများတွင် အရောင်းတက်လာတာလည်း သိရပါတယ်။ **နီနီဝင်း**

## ပြည်မန်ကျည်းမှည့်အသစ် စျေးမြင့်

နှစ်ဟောင်းမန်ကျည်းမှည့်လက်ကျန်ပြတ်ခဲ့တာကြောင့် အသစ်ဝင်ရောက်လာတဲ့ မန်ကျည်းမှည့်အသစ်များ အဆွဲသန်တာကြောင့် ယခုတစ်ပတ် မန်ကျည်းမှည့် အသစ်စျေးမြောက်လာတာ တွေ့ရပါတယ်။ စျေးကွက်ဝင်ရောက်မှုနည်းနေသေးတာရယ် နယ်စုံ၊ ဒေသစုံမဟုတ်သေးတာရယ်ကြောင့် အရောင်းအဝယ်သမားများရဲ့ ဝယ်လိုအားများပြီး ကုန်ပစ္စည်းမလုံလောက်သေးတာကြောင့် ဒေသတွင်းစျေးကွက်မြင့်လာတာဖြစ်ပါတယ်။ ဒေသတွင်းထွက်ရှိတဲ့ မန်ကျည်းမှည့်သစ်များကို ပွဲရုံ၊ ဒိုင်များသို့ မပို့သေးဘဲ ကိုယ်တိုင်စျေးကွက်ချရောင်းတာကြောင့် ကြိုက်စျေးရောင်းနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် (လက်ကားစျေး) တစ်ပိဿာလျှင် (အစေ့မပါ) ကျပ် ၃၀၀၀ မှ ၃၅၀၀ ကျပ်အထိဖြစ်ပြီး (အစေ့ပါ) ကျပ် ၂၀၀၀ ဖြစ်ပါတယ်။ (လက်လီစျေး) ဒေသတွင်းမှာတော့ ကျပ် ၃၅၀၀ မှ ၄၀၀၀ ကျပ်အထိ ရောင်းချနေတာတွေ့ရပါတယ်။ ပွဲရုံဝင်ရောက်မှု လုံးဝနည်းပြီး လက်ကျန်မရှိကြောင်း သိရပါတယ်။ ယခင်နှစ် မန်ကျည်းမှည့်စျေးနှင့် နှိုင်းယှဉ်ပါက စျေးအမြင့်မှာ ရှိနေတာသိရပါတယ်။

**နီနီဝင်း**

ယခင်တစ်ပတ်မှအဆက်

# မုံရွာမြို့အနီး ကျောက္ကာရွာမှ ယွန်းထည်လုပ်ငန်း



ခဲ လင်းသူ

ခဲစားထားသည့်အပေါ်မှ ထပ်ပြီးချောမွေ့မှု ရှိစေရန် သွားပွတ်တံကို အသုံးပြုပွတ်ပေးရသည်။ အချောကိုင်သည့် အဆင့်မှာ ပဥ္စမအဆင့်ရောက်ပြီ ဖြစ်သည်။ ချောမွတ်သွားသည့် အထည်ပေါ်တွင် သစ်စေးကိုရေဖျော်ထားသည့် အရည်ဖြင့် မံပေးရသည်။ သားရိုးကိုင်သည်ဟုပင် ခေါ်ကြသည်။ ဆဋ္ဌမအဆင့် သရိုးကိုင်ပြီးသည်နှင့် ခြောက်သွေ့မှု ရှိစေရန် မြေတိုက်သို့ ထည့်ရသည်။ ငါးရက်ခန့် မြေတိုက်အတွင်း ထည့်ပြီးသည်နှင့်ပြန်ဖော်ရပြီး ကော်ပတ်စားပေးရသည်။ ကော်ပတ်မပေါ်သေးသည့်ကာလက ဒဟတ်ရွက်နှင့် တိုက်ခဲ့ကြသည်။ ယနေ့ခေတ်တွင် ကော်ပတ်အနုစားကို ဒဟတ်ရွက်အစား အသုံးပြုကြသည်။ ကော်ပတ်အနု စားနှင့် တိုက်စားလိုက်ခြင်းသည် သတ္တမ အဆင့်ဖြစ်ပြီး နောက်တစ်ဆင့်မှာ ဆေးရေးခြင်းဖြစ်သည်။ ယွန်းထည်ကို ဆေးရောင်တင်ရသည့်အဆင့်ကို ဆေးရေးခြင်းဟုခေါ်ပြီး ခြောက်သွေ့မှုရှိစေရန် မြေတိုက်သို့သွင်းရသည်။ မြေတိုက်သွင်းရသည်မှာ အဆင့်တိုင်းလိုလိုဖြစ်သည်။ မြေတိုက်ကောင်းရန် လုံခြုံမှုရှိစေရန် လိုအပ်သည်။ မြေတိုက်သွင်းခြင်း ဆိုသည်မှာ နေရောင်အောက်တွင် အခြောက်ခံ၍မရသောကြောင့် အခန်းတွင်းအပူချိန်ဖြင့် နွေးထွေးခြောက်သွေ့သွားစေရန် မြေအောက်ခန်းတွင် အပူပေးခြင်းဖြစ်သည်။ ယွန်းထည်လုပ်ငန်း အားလုံး မြေတိုက်ကို အသုံးပြုကြရသည်။ ကျိုင်းတုံယွန်း တစ်ခုတည်းကသာ ဂျပန်နည်းပညာကို အသုံးပြုထားသဖြင့် ရေတိုက်ကိုသုံးသည်။ ရေတိုက်ဆိုသည်မှာ မြေအောက်ခန်းကိုမသုံးဘဲ မြေပြင်တွင် လုံခြုံမှုရှိသည့် အုတ်တိုက်ငယ်တစ်ခုဆောက်ကာ ထိုအပေါ်မှ ရေအပြည့်ထည့်ထားသည့် ရေစည်ကို တင်ထားခြင်းဖြစ်သည်။ ရေအလေးချိန်ဖြင့် အတွင်းတွင် ထည့်ထားသော ယွန်းထည်ကို အပူပေးသည့် စနစ်ဖြစ်သည်။ မြေအောက်ခန်းထက် ပိုမိုကောင်းမွန်ပြီး စနစ်ကျသည်ဟု ရှမ်းယွန်းထည် လုပ်ငန်းရှင်က ပြောဖူးသည်။ သို့သော် မည်သူမျှ သူ့ကဲ့သို့လိုက်မလုပ်ဘဲ ယခင် မိရိုးဖလာ မြေတိုက်ထားသိုသည့်နည်းကိုသာ ဆက်လက် သုံးစွဲနေကြသည်။

ယွန်းထည်လုပ်ရာတွင် ပန်းချီ ပညာရပ်တတ်မြောက်ရန် လိုအပ်သည်ကို တွေ့ရသည်။ ထို့အတွက် ပန်းနှစ်မျိုးပညာရှင်ရှိမှသာ လုပ်ငန်းတစ်ခုအစအဆုံး ပြီးမြောက်နိုင်သည်။ ပန်းချီကို မထည့်လျှင်လည်း ယွန်းထည် ဖြစ်သော ကြောင့် အလိုရှိသလို အသုံးပြုနိုင်ပေသည်။ သို့သော်လှပသေသပ်သည့် လက်ရာကောင်းနှင့် မျက်စိပသာဒ ဖြစ်စေရန် ပန်းနွယ်ပန်းခက်ကလေးများ၊ မြတ်နိုးဖွယ်ရာအရုပ်ကလေးများ၊ သဘာဝအလှအပများကို ထည့်သွင်းရေးဆွဲထားကြခြင်း ဖြစ်သည်။ ပန်းချီတွင် ရွှေရေးပန်းချီနှင့် ရိုးရိုးဆေးရေးခြင်းဟူ၍နှစ်မျိုးရှိပြန်သည်။ လှသည်ထက် လှစေရန် မှန်စီရွှေချနိုင်သည်။ အများ အားဖြင့်ဆေးဖြင့်သာ အရုပ်ဆွဲခြင်း၊ စာရေးခြင်းတို့ ပြုလုပ်ကြသည်။ ပန်းချီ ရေးကြရာတွင် ဆေးရောင်ခိုင်ခံ့ပြီး အသုံးပြုရလွယ်ခြင်းကြောင့် သဘော်ာ ဆေးကိုသုံးကြသည်။ ယွန်းထည် အတွင်းအပြင်ကို စုပ်တံအသုံးပြုရပြီး ပုံဆွဲရာတွင် သံကညစ်ဖြင့် ရေးရသည်။ ပန်းချီရေးဆွဲပြီးသည်နှင့်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်သည်။

အကြမ်းထည်ပြုလုပ်ရာတွင် အဓိက ကုန်ကြမ်းမှာ ဝါးဖြစ်သလို အချောထည်ကိုင်ရာတွင် အဓိကကျသည်မှာ သစ်စေးဖြစ်သည်။ စစ်စီးဟုလည်းအသံထွက်ကြသည်။ ဘုရားရွှေချရာတွင် ရွှေမြဲစေရန် သုတ်လိမ်းရသည့် အစေးတစ်မျိုးဖြစ်သည်။ ဈေးကောင်းသည်။ သစ်စေးကို ရေဦးမြို့နယ်ဘက်မှ ဝယ်ယူရရှိသည်။ ရေဦးမြို့နယ် တောပိုင်းရွာများတွင် သစ်စေးထုတ်လုပ်သည့် လုပ်ငန်းများရှိသည်။ ဆယ်ပိဿာဝင်တစ်ပုံးကို နှစ်သိန်းတစ်သောင်း ဈေးရှိသည်။ ဈေးကြီးခြင်းကြောင့် သစ်စေးကို လှောင်မထားနိုင်သည့်အတွက် လိုအပ်သလောက်သာ မှာယူကြသည်။ လုပ်ငန်းကြီးသမား အတွက်ဆိုလျှင်တစ်နှစ်ပတ်လုံး အသုံးပြုသည့် သစ်စေးပိဿာမှာ အချိန် သုံးရာဝန်းကျင်ရှိသည်။ သစ်စေး ၁၀ ပိဿာ တစ်ပုံး အသုံးပြုသည်တွင် ၁၂ လက်မ ဆွမ်းအုပ် ခုနစ်ဆယ်ခန့် ရရှိသည်။ သစ်စေးဈေးနှုန်း၊ လုပ်သားခ၊ အကြမ်းထည်ဈေးတို့ကို ချိန်ပြီး အချော ထည်ကို တွက်ဆ ရောင်းချရသည်။ သစ်စေးကို အတုလုပ်သူများလည်း ရှိသေးသည်။ အလေးချိန်ခိုးသည့် ကုန်သည်အချို့ကြောင့် သစ်စေးဝယ်ရာတွင် သေချာဂရုစိုက်ကြရသည်။ သစ်စေး မကောင်းလျှင် ယွန်းထည်လက်ရာ ညံ့တတ်သကဲ့သို့ သစ်စေးကောင်းသော်လည်း လိုအပ်သည့် အချိုးအဆအတိုင်းမထည့်ဘဲ ခိုပြီးလုပ်သည့် လုပ်ငန်းရှင်များကြောင့် ယွန်းထည်ပျက်တတ်သည်။ သစ်စေးကောင်း အသုံးပြုရန်လိုအပ်သကဲ့သို့ ကုန်ပစ္စည်းကောင်းသည်ထက် ကောင်းစေရန် ဟသ်ပဒါး သုတ်ရန်လိုအပ်သည်။ သစ်စေးသုံးကျပ်သားတွင် ဟသ်ပဒါးတစ်ကျပ်သား ရောထည့်သုံးခြင်းဖြစ်သည်။ သို့သော် ဟသ်ပဒါးကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့မှ ထုတ်လုပ်သော ရှမ်းယွန်းလုပ်ငန်းတွင်သာအသုံးပြုတော့သည်။ ဈေးကြီးလွန်းခြင်းကြောင့် ရောင်းတန်းဝင် လုပ်ငန်းများက မသုံးတော့ဘဲ ရှမ်းယွန်းကဲ့သို့ ရွှေအစစ်ကို ထည့်သွင်းအသုံးပြုသည့် လုပ်ငန်းမျိုးနှင့် ပုဂံယွန်းလုပ်ငန်းများမှ အရည်အသွေးကို အဓိက ထားသော လုပ်ငန်းအချို့ကသာ အကုန်အကျခံ ထည့်သွင်း လုပ်ကိုင်နေကြသည်။ ကျောက္ကာရွာတွင် မည်သည့်လုပ်ငန်းကမှ ဟသ်ပဒါးကိုအသုံးပြုခြင်းမရှိတော့ဟု သိရသည်။

အချောထည်အဆင့်တွင် ကုန်ပစ္စည်းတစ်ခုပြီးမြောက်ရန် တစ်လခွဲ နီးပါး ကြာမြင့်တတ်သည်။ တစ်မျိုးတည်းပြုလုပ်၍ အစအဆုံးပြီးစီးရန် စောင့်ဆိုင်းလုပ်ကိုင်နေမည်ဆိုပါက အလျှင်မီမည်မဟုတ်ပေ။ ပထမအသုတ် မြေတိုက်သွင်း နေချိန်တွင် နောက်အကြမ်းထည်ကို ဆက်ကိုင်နေရသည်။ ထိုမှသာ ရှေ့နောက်တဆက်တည်း အလုပ်ပြီး မြောက်နိုင်မည်ဖြစ်သည်။ ရာသီချိန်နှင့် လိုက်၍ ယွန်းထည်လုပ်ငန်း အရောင်းသွက်လေ့ရှိသည်ဆိုသော်လည်း နွေမိုးဆောင်းမပြတ် လုပ်ကိုင်ကြရသည်။ အကြောင်းမှာ ရာသီချိန်နီးမှသာ လုပ်ငန်း ထလုပ်မည်ဆိုပါက ဈေးကွက်ကို ပစ္စည်းမပြတ်တမ်း ပို့နိုင်တော့မည် မဟုတ်ပေ။ ထို့အတွက် အချိန်တိုင်း လုပ်ငန်းကို မရပ်တမ်းဆက်နေရသည်။ ရာသီချိန်နီးလာလျှင် လုပ်သားပိုမိုရှာ ဖွေပြီး ဈေးကွက်လိုအပ်ချက်ကို ပြည့်မီရန်ဖြည့်ရသည်။ မုံရွာဒေသတွင် ဘုရားပွဲကြီးများရှိသည်။ အထူးသဖြင့် အလောင်းတော်ကဿပပွဲ၊ ဗောဓိတစ်ထောင်ပွဲ၊ ဖိုလ်ဝင်းတောင်ပွဲ၊ ရပ်တော်မူဘုရားပွဲနှင့် ရွှေဂူနီဘုရားပွဲတို့ကို တစ်နိုင်ငံလုံးမှ ဧည့်သည်များ လာရောက်လေ့ရှိကြသည်။ တပေါင်း၊ တန်ခူး၊ ကဆုန်၊ တော်သလင်း၊ သီတင်းကျွတ်တို့တွင် နိုင်ငံအနှံ့ ပွဲတော်များရှိခြင်းကြောင့် ယွန်းထည်များ အမှာရှိသည်။ ပြာသို၊ တပို့တွဲရောက်လျှင် ဒေသတွင်း ဘုရားပွဲများရှိသည်။ ဘုရားပွဲရှိသည့် လများအနေဖြင့် ယွန်းထည် အမှာရလေ့ရှိသည်။ ကျန်ကာလများတွင် ပုံမှန်အတိုင်းသာ ဖြစ်သည်။ အသေအချာလေ့လာကြည့်မည်ဆိုပါကကျောက္ကာ ယွန်းလုပ်ငန်းသည်လုပ်ငန်းရှင်များအတွက် တိုးတက်မှု နေ့ကွေးလွန်းလှသလို နေ့စား၊ ပုတ်ပြတ်လုပ်ကိုင်သည့် ပညာရှင်များအတွက် မည်သို့မှ တက်လမ်းမရှိသည့် အိမ်တွင်းမှုလုပ်ငန်းသာသာ ဖြစ်သည်။ ကျောက္ကာရွာတွင် ၁၄ နှစ် သမီးအရွယ်မှ ယွန်းထည်လုပ်လာပြီး ယခုအသက် ၅၄နှစ်ရှိနေ သော်လည်း ဘဝအာမခံချက် မည်သည့်အရာ တစ်ခုမျှမရှိသည့် အမျိုးသမီးကြီးတစ်ဦးကို တွေ့ခဲ့ သည်။ သူကဲ့သို့ပင် အခြားသော လုပ်သားကြီးများ ကိုလည်း အိုမင်းမစွမ်းချိန်အထိ တကုတ်ကုတ်နှင့် ယွန်းထည်လုပ်ရင်း သက်တမ်းကုန်ခဲ့သည်ဟု သိရသည်။ ဘဝတစ် လျှောက်လုံး ဆင်းရဲနွမ်းပါးစွာ ဖြတ်သန်းသွားကြသည့် လုပ်သားကြီးများကို ကြည့်ရင်း နောင်လာမည့် မျိုးဆက်လူငယ်များက ကျောက္ကာယွန်းအား ကျောခိုင်းလာကြသည်။ ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်မျိုးဆက်ကလည်း တအိအိဖြင့် သွားနေသည့် လုပ်ငန်းကို စိတ်မပါဘဲ ငွေအမြန်ပေါ်မည့် အခြား ကုန်သည်စီးပွားလုပ်ငန်းများကို ဦးတည်လာကြသည်။ ကာယလုပ်သားများအနေဖြင့် ပညာရပ်တစ်ခုကို အရင်းအနှီးပြုပြီး လုပ်ကိုင်ရသည့်တိုင် ခံစားခွင့် နည်းပါးလွန်းလှခြင်းကြောင့် ယွန်းထည်ကို သင်ယူခြင်း ဝင်ရောက် လုပ်ကိုင်ခြင်းကို ရှောင်ကြဉ်လာကြသည်။ တစ်ရက်ပန်းရံလုပ်ပါက ငါးထောင်မှ တစ်သောင်းအတွင်း ရနိုင်သည်။ ယွန်းထည်အလုပ်ကို တစ်ရက်လုံးလုပ်ပါမှ ငွေကျပ် လေးထောင်ထက် မပိုသည်ကို မည်သို့မျှစိတ်မရှည် ဖြစ်လာသည်။

လွန်ခဲ့သည့် ၂၀၁၀ ဝန်းကျင်က ကျောက္ကာမြောက်ရွာတွင် ယွန်းထည် လုပ်ငန်းရှင် ၄၀ ကျော် ရှိခဲ့သည်။ ယခု ၂၀ဦးပင် မပြည့်တော့ဟု လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။ နောင်လာမည့် ငါးနှစ်သို့မဟုတ် ဆယ်နှစ်တွင် ဆယ်ဦးပြည့်ရန်မှာ မသေချာဟုလည်း ထပ်မံ ပြောဆိုပါသေးသည်။ စာရေးသူ လေ့လာဖြစ်ခဲ့သည့် လုပ်ငန်းတွင် အသက် ၅၀ ကျော် ညီအစ်မနှစ်ဦးက လုပ်ငန်းကို ကိုယ်တိုင်ဦးစီးနေပြီး သူတို့လွန်ပြီးနောက်တွင် ယခုလုပ်ငန်းကို ဝါသနာအရ၊ ပညာအရဆက်၍ လက်ဆင့်ကမ်းရမည့် သူတစ်ဦးမျှ မရှိကြောင်း သိရသည်။ မည်သူက မှလည်း ယွန်းပညာ အမွေယူမည့်သူ မရှိသည့်အတွက် ယဉ်ကျေးမှုတာဝန်ကို ဆက်ထမ်းမည့် ပြဿနာဖြစ်ပေါ်နေသည်ဟု သိရသည်။ အခြားလုပ်ငန်းရှင်များ အနေဖြင့်လည်း လုပ်သားရှားပါးမှု ပြဿနာ၊ ကုန်ကြမ်းဈေးနှုန်း ကြီးမြင့်မှု အခြေအနေတို့နှင့် ကြုံနေရပေသည်။

ထို့အတွက် ကျောက္ကာယွန်းထည် လုပ်ငန်းကို အားပေးချီးမြှောက်ရန်၊ အကူအညီများပေးရန်၊ လုပ်ခလစာများ တိုးမြှင့်ပေးနိုင်ရန်၊ ယွန်းထည်နှင့် ပတ်သက်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်၊ ပြည်တွင်းပြည်ပခရီးသွားများ လေ့လာစရာ ကျေးရွာအဖြစ်သို့ ရောက်ရှိစေရေး ပံ့ပိုးပေးရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ယွန်းထည် လုပ်ငန်းရှင်များနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် ချစ်မြတ်နိုးသူများအား လေးစားစွာတိုက်တွန်း လိုက်ရပေသည်။

❑



ENCHANT
YOUR EXPERIENCE IN LIFE
LUXURY
FRUNITURE
No. 753/754 | Pinlon Road 30 Quarter
North Dagon Township | Yangon | Myanmar
Office Phone
01 581185, 09 780171544, 09 780171545
Email
info@goldenenchant.com




ခန်းဆီး၊ လိုက်ကာ၊
မွေ့ရာ နှင့် ခြင်ထောင်အမျိုးမျိုး
အမှတ် (၁၇၃)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်(အ.ထ.က - ၄)အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း (၀၁) - ၅၃၂၃၇၆
၀၉ - ၅၁၉၇၄၂၀၊ ၀၉ - ၇၃၀၈၆၃၆၄၊ ၀၉၄၅၅၄၁၉၈၂၈၂




Top Home-made Foodstuff
Trading Co., Ltd.
FRESH FROZEN CHICKEN
SUN FOOD
No. 350, Mingalar Street, Sawbwagyi Gone, Insein Township,
Yangon. Tel : 01 641457, 01 646655
Email : sonnythwin@gmail.com

# ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနဖွင့်ပွဲနှင့် ကုန်စည်ပြပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီလ ၂၁ ရက်က ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနဖွင့်ပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ဦးစီးမှူး ဦးမြသန်းက မိမိတို့ဌာနသည် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသကဲ့သို့ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားသံရုံးများမှာလည်းစီးပွားရေးသံမှူးများ ထားရှိပြီး ဆောင်ရွက်လျက်ရှိရာကုန်သည်များ ရောင်းလိုသော ပစ္စည်း၊ ကုန်သည်များ လိုချင်သော ပစ္စည်းများကိုသတင်း အချက်အလက်ပေးပါရန်နှင့် ဆက်သွယ် ဆောင်ရွက် ပေးရန်အသင့်ရှိပါကြောင်းနှင့် ကုန်သည်များ၏အခက်အခဲများကို တင်ပြပေးမှသာ မိမိတို့ဌာနကသိရှိပြီး အကူအညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနတွင် ကုန်စည်ပြပွဲကို သုံးရက်ပြသသွားမည်ဖြစ်ရာ ပြည်နယ်အတွင်းမှ ကုန်သည်အသင်းအဖွဲ့များ အနေဖြင့်ပြည်နယ်၏ ဂုဏ်ကိုဆောင်သောအားဖြင့် မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပြသနိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသောကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ ကုန်စည်ပြပွဲတွင် ဆန်စပါး အသင်းပြခန်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကြက်သွန်ဖြူပြခန်း၊ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ပြခန်း၊ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ပြခန်း၊ တိုင်းရင်းဆေးဝါးပြခန်း၊ အေးသာယာဝိုင်ပြခန်း၊ ရွှင်ကော်ဖီပြခန်း၊ လက်ဖက်အစုအဖွဲ့ပြခန်း၊ ရွှေပုစွန်ကုမ္ပဏီပြခန်း၊ ဟဲဟိုးအခြောက်ခံစက်ပြခန်း၊ ဩဘာ စိုက်ပျိုးရေးပစ္စည်းပြခန်း၊ အိမ်ခြံမြေပြခန်း၊ အင်းလေးရိုးရာ အထည်ပြခန်း၊ ရှမ်းရိုးရာ အထည်ပြခန်းစသည်ဖြင့် ပြခန်းပေါင်း ၂၀ ခန့်ကို ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **စောမောင် (တောင်ကြီး)**



## ဂငယ်ရာစေ့ခေါ် ဂျုံးသခေါက်စေ့ကို တရုတ်ဝယ်လက်ရှိ

ဂငယ်ရာစေ့လို့ခေါ်တဲ့ ဂျုံးသခေါက်စေ့ပင်ဟာ ဆောင်းရာသီကာလမှာ အလေ့ကျပေါက်တဲ့ အပင်မျိုးဖြစ်ပါတယ်။ အဲ့ဒီ ဂငယ်ရာစေ့ပင်ဟာ မုံရွာ၊ ယင်းမာပင်နဲ့ ဆားလင်းကြီးမြို့နယ် နေရာအနှံ့မှာ အလေ့ကျပေါက်ပင်တွေ အဖြစ်မြင်တွေ့ရတတ်ပါတယ်။

ဂငယ်ရာစေ့ အခြောက်များကို တရုတ်ဝယ်လက်များက ပရဆေးအဖြစ် အသုံးပြုရန် လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကတည်းက ဝယ်ယူနေတာဖြစ်ပါတယ်။

အဲ့ဒီဂငယ်ရာစေ့ပင်ရဲ့ အမြင့်ဟာ သုံးပေခန့်ရှိပြီး ခရမ်းရောင်အပွင့်များပွင့်ပါတယ်။ အခိုင်လိုက်သီးတဲ့ပုံစံမျိုးဖြစ်ပြီး အစေ့ရဲ့ ပုံသဏ္ဌာန်ကတော့ ချဉ်ပေါင်စေ့နဲ့ ဆင်တူပါတယ်။

“ဂငယ်ရာစေ့တစ်ပြည်ကို ကျပ် ၁၀၀၀/၁၂၀၀ နဲ့ ရွာမှာရှိတဲ့ ပွဲစားတွေက ဝယ်ယူပြီး တရုတ်ဝယ်လက်တွေကို ပြန်လည်ရောင်းချပါတယ်”လို့ ဇလုပ်ရွာမှ ဦးလေးဆူးက ပြောကြားခဲ့ပါတယ်။

ဂငယ်ရာစေ့ပင်ဟာ တနယ်မြေများမှာ အလေ့ကျ ပေါက်လေ့ရှိပြီး နေ့တစ်ဝက်ခန့် ဆွတ်ခူးပါက အစိုလေးပြည် အခြောက်နှစ်ပြည်ခန့် ရရှိတဲ့အတွက် တစ်ရက်ကို အပိုဝင်ငွေ ကျပ် ၂၀၀၀ ခန့် ရရှိနေတယ်လို့ ဆိုပါတယ်။ **အောင်မင်း(တန့်ဆည်)**

# ပုသိမ်မြို့တွင် ဥရောပနိုင်ငံများမှ တင်သွင်းလာသည့် ဆည်မြောင်းသုံးနှင့် လယ်ယာသုံး စက်ပစ္စည်း အရောင်းဆိုင်အား စတင်ဖွင့်လှစ်ရောင်းချ




ပုသိမ်မြို့တွင် Myan Shwe Pyi Tractors Ltd, မှ တင်သွင်းလာသည့် အီတလီနိုင်ငံထုတ် Lanborghini အမျိုးအစား လယ်ထွန်စက် အသေး၊ အလတ်၊ အကြီးနှင့် သဘော်အင်ဂျင်စက်ကြီးများ၊ ကျောက်ခွဲစက်၊ ဘိလပ်မြေဖျော်စက်များအပြင် ပြည်ပမှထုတ်လုပ်သော မီးစက်အမျိုးမျိုး၊ CAT အမှတ်တံဆိပ် မြေတူးစက်၊ မြေသယ်စက်၊ မြေညှိစက်နှင့် စက်ယန္တရားအမျိုးမျိုးတို့ကို Myan Shwe Pyi Ltd က အရောင်းဆိုင်ဖွင့်လှစ်၍ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ စက်ယန္တရားများအား စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့် ကုမ္ပဏီရုံးခွဲတည်ရှိရာ ပုသိမ်မြို့၊ မြတ်တိုရပ်ကွက်၊ ပုသိမ်-မုံရွာ-ရေဦး လမ်း အမှတ် ၅၁ တွင် လာရောက် ဆက်သွယ် မေးမြန်း၍ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ပုသိမ်ရုံးခွဲ မန်နေဂျာ ဦးပြည့်စုံမြင့်နိုင်က ပြောကြားခဲ့သည်။

ယခင်က အရည်အသွေးမြင့် လယ်ယာသုံးနှင့် စက်ယန္တရားများ ဝယ်ယူလိုပါက ရန်ကုန်မြို့သို့ သွားရောက်ဝယ်ယူရသဖြင့် အချိန်ကုန်၊ ငွေကြေးကုန် ကုန်ကျမှု ပို၍များပြီး ယခုအခါ မိမိတို့ ပုသိမ်မြို့နှင့် တိုင်းအတွင်း မြို့နယ်များမှ ကုမ္ပဏီသို့ လာရောက်ဝယ်ယူနိုင်သောကြောင့် အချိန်ကုန်သက်သာသလို၊ ကုန်ကျစရိတ်လည်း လျော့ကျမှာဖြစ်ကြောင်း၊ စက်ယန္တရား ကိုင်တွယ်မောင်းနှင်ရာတွင် လိုအပ်သောဝန်ဆောင်မှုနှင့် စက်အပိုပစ္စည်းများကိုလည်း အလွယ်တကူ ဝယ် ယူနိုင်ပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **မင်းမင်းဦး (ပုသိမ်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန့်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၃၀-၁-၂၀၁၇ မှ ၅-၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်များတွင် ဝေခွဲမရတွေဝေမှုများရှိနေတတ်သည်။ ဝန်ထမ်းဖြစ်လျှင် တာဝန်ကျေပွန်မှုတို့အတွက် နာမည်ကောင်းရခြင်းရှိမည်။ စီးပွားရေး တစ်ဖက်နှင့်ပညာရေးကိုကြိုးစားရသောကြောင့် အခက်အခဲအနည်းငယ်ရှိတတ်ပါသည်။ ကျန်းမာရေးတွင် လည်ချောင်းနာခြင်း၊ ရောင်ခြင်း၊ ဝမ်းချုပ်တတ်ခြင်းတို့ စသောရောဂါသတိထားသင့်ပါသည်။ အချစ်ရေးကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။လမ်းများတွင် ချိုင့်ခွက်ဖြစ်နေပါက သဲခင်းပေးပါ။**



**တနင်္လာသားသမီးများအတွက်** ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် စားသောက်ကုန်များ အကျိုးပေးပါသည်။ အချိန်ဇယားဆွဲ၍ စနစ်တကျပညာသင်ယူပါက အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် အစာမကြေ၊ လေနာရောဂါနှင့်အူကျခြင်း၊ သွေးချုပ်ခြင်း စသောရောဂါတို့ကို သတိထားသင့်ပါသည်။ အပေါင်းအသင်းထဲမှသူငယ်ချင်းလို လူမျိုး၊ မိမိအားနားလည်ပေးသောသူကို ချစ်မိနေတတ်ပါသည်။

**ယတြာ။ ။ကျောင်း၊ ကန်၊ ဇရပ်တို့တွင် ရေတွင်း၊ ရေကန်လှူဒါန်းမှုပြုပါ။**



**အင်္ဂါသားသမီးများအတွက်** ပညာသင်ကြားရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ကွန်ပျူတာ၊ စာရင်းကိုင်စသည်တို့နှင့် အကျိုးပေးပါသည်။ ကျန်းမာရေးတွင် သွားရောဂါဖြစ် တတ်ပါသည်။ အချစ်ရေးတွင် ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဆိုသလို ပြုမူပြောဆိုပေါင်းသင်းနိုင်လျှင် အောင်မြင်ခြင်းရရှိလိမ့်မည်။

**ယတြာ။ ။ ရဟန္တာကို အာရုံပြုပြီး ဆီလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိုဘိုင်းဖုန်းများနှင့် လျှပ်စစ်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် အတွေးအခေါ် ဉာဏ်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးတွင် အအေးမိရောဂါ သတိထားသင့်ပါသည်။ အချစ်ရေးနှင့်ပတ်သက်၍လည်း အေးချမ်းတည်ငြိမ်၍ ရိုးသားမှုရှိသော ရုပ်လက္ခဏာပိုင်ရှင်တို့ကို နှစ်သက်သဘောကျတတ်ပါသည်။

**ယတြာ။ ။ မိတ်ဆွေအပေါင်းအသင်းတို့အား လက်ဖက်ထမင်းကျွေး၍ လက်ဖက်ရည်တိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးကိစ္စများတွင် မိသားစုချင်းစကားများရတတ်သည်။ လူမျိုးခြားများနှင့် သဟဇာတဖြစ်မည်။ နိုင်ငံခြားနှင့်ဆက်စပ်၍ အကျိုးအမြတ်ရတတ်သည်။ ငွေကြေးဥစ္စာရရှိတတ်ပါသည်။ ပညာရေးတွင် ဇီဝဗေဒ၊ ဓာတုဗေဒ အားကောင်း နေမည်။ ကျန်းမာရေးကောင်းမွန်နေမည်။ အချစ်ရေးတွင် ရုပ်ရှင် ဂီတအနုပညာ သမားများနှင့် ကြုံရတတ်သောသဘောရှိနေတတ်ပါသည်။

**ယတြာ။ ။သံဃာတော်နှင့်သီလရှင်တို့ကို ဝိနည်းစာအုပ်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်ပြီး အသိုင်းအဝိုင်းကျယ်ပြန့်လာပြီး စီးပွားရေးအခြေအနေပို၍ တိုးတက်လာမည်။ ကျောက်မျက်ရတနာများနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်း အထူးအောင်မြင်လိမ့်မည်။ လုပ်ငန်းရှင်သူဌေး၊ သူကြွယ်များနှင့်လည်း ပေါင်းသင်းဆက်ဆံရတတ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများ သင့်တင့်ကောင်းမွန်နေသော ကာလဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် သစ္စာပန်းလှူ၍ ဂုဏ်တော်ကိုးပါးရွတ်ဆိုပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အဆင်ပြေဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ယခုကာလအတွင်း အရည်ရွှမ်းသော အသီးအနှံများ၊အဖျော်ယမကာ လုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးတွင် စိုက်ပျိုးရေး၊ စီမံခန့်ခွဲမှုပညာရပ်များ ထူးချွန်နေလိမ့်မည်။ ကျန်းမာရေးတွင် လေ၊ အကြောဆိုင်ရာ ဝေဒနာခံစားရတတ်သောကြောင့် သတိရှိသင့်သောကာလဖြစ်သည်။ အချစ်ရေးတွင် ဘဝသမားနှင့်ဆုံတွေ့ရတတ်သည်။

**ယတြာ။ ။ဘုရားတွင်စွယ်တော်ပန်းသုံးခက်လှူ၍ ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**

# တောင်တွင်းကြီးမြို့ မြို့မဈေးနှင့် အောင်လံမြို့ မြို့မဈေးတို့တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၁ ရက်တွင် တောင်တွင်းကြီးမြို့၊ မြို့မဈေးနှင့် ဇန်နဝါရီ ၁၇ ရက်တွင် အောင်လံမြို့၊ မြို့မဈေးတို့၌ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်တွင်းကြီးမြို့နှင့် အောင်လံမြို့တို့မှ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်လျက် ဈေးအသီးသီးရှိ ဆေးဆိုင်များ၊ ငါးပိ၊ ငါးခြောက်ကုန်စုံဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များတွင် ရောင်းချနေသော ကုန်ပစ္စည်းများသည် စားသုံးသူပြည်သူများအတွက် လုံခြုံစိတ် ချရမှုရှိ/မရှိကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့၊ မြို့မဈေးအတွင်းရှိ ဆေးဆိုင်များ၊ တိုင်းရင်းဆေး မျိုးစုံဆိုင်များ၊ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ငါးပိငါးခြောက်ဆိုင်များ၊ စားသုံးဆီဆိုင်များတွင် ရောင်းချ လျက်ရှိသည့် ဆေးအမျိုးမျိုး၊ စားသောက်ကုန်များနှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် အရောင်းဆိုင်များတွင် ရောင်းချနေသည့် ကုန်ပစ္စည်းများတွင် သက်မှတ်ထားသည့် အချက်အလက်များ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များ စသည့် သတ်မှတ်ထားသည့်အချက်အလက်များ မပါရှိပါက စီမံခန့်ခွဲမှုနည်းဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

စားသုံးဆီအရောင်းဆိုင်များတွင်လည်း စားသုံးသူပြည်သူများအတွက် အန္တရာယ်ကင်းသော ဆီများကိုသာ အဓိကထား ရောင်းချရန်နှင့် ရောင်းချရာတွင်လည်း ဆီအမျိုးအစားအလိုက် တံဆိပ်ကပ်၍ ရောင်းချရန်၊ စားအုံးဆီများ ဝယ်ယူရောင်းချ ရာတွင်လည်း ကုမ္ပဏီအမည်၊ စားသုံးရန်သင့်/မသင့် Test Result များ မိတ္တူ ရယူထားပြီးမှသာ ရောင်းချရန်၊ စားသုံးဆီအရောင်းဆိုင်များတွင် စားသုံးဆီများရောင်းချသည့်အခါ အထူးသဖြင့် ရောဆီများကို မရောင်းချစေလိုကြောင်း၊ မကွေးတိုင်းဒေသကြီးမှာ စားသုံးဆီများထွက်ရှိရာ ဆီအိုးကြီးဖြစ်သည့်အတွက် မိမိတို့တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဆီများသည် ဆီကောင်းဆီသန့်များဖြစ်စေရန် လိုအပ်ကြောင်း၊ ရောဆီများ ရောင်းချနေမှုကို ပပျောက်စေလိုကြောင်း၊ ရောင်းချသည့်ဆီများတွင်လည်း စားသုံးသူပြည်သူများ မှန်ကန်စွာ ရွေးချယ်ဝယ်ယူနိုင်ရန် ဆီအမျိုးအစားအလိုက် နှမ်းဆီ၊ ပဲဆီ၊ စားအုန်းဆီ အစရှိသည်ဖြင့် တံဆိပ်များကပ်၍ ရောင်းချစေလိုကြောင်း စသည်ဖြင့် အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် တောင်တွင်းကြီးမြို့နှင့် အောင်လံမြို့တို့ရှိ မြို့မဈေးများတွင် ပြုလုပ်ခဲ့သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၁၂) | ယာယီ | ၁၃၅ သိန်း | 1.2 ဓာတ်ဆီ/နယ်လိုင်စင် |
| ၂။ | နီဆန်းဝင်းရုဒ် (၂၀၁၁) | ယာယီ | ၁၈၀ သိန်း | 1.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၃။ | ဆွစ်ဖ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၄။ | ကာလ်ဒီးနား (၂၀၀၃) | 5J | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၆။ | ဝှရ် (၂၀၀၄) | 7F | ၂၀၀ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | ပါဆို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၈။ | ဟွန်ဒါ/ပတ်တနာ (၂၀၁၀) | ယာယီ | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၉။ | အပ်ကား/ဆလွန်း | 1B | ၉၅ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | ၃၅×၃၅ ပေ | RC (၁)ထပ် | ၂၅၀၀ သိန်း | အသင့်နေ | ၀၁/၅၆၃၀၇၀ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၃၅၀ သိန်း | လမ်းသန့် မြေပိုပါရှိ | ၀၁/၅၆၃၀၇၀ |
| ၃။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ စံပြဈေးလမ်းဆုံအနီး၊ သံသုမာလမ်း(ဂုတ်) | ၆၅၀၀ စ/ပေ (၃)လွှာ | ၃ လွှာ ဟောလ် | ၃၅၀ သိန်း | ကညနအနီး | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | သယ်န်းကျွန်း၊ လေးထောင့်ကန်လမ်း၊ (ဂုတ်) (၂)လမ်း | ၉၅၀ စ/ပေ | မြေညီ၊ ဟောလ် | ၁၀၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်း၊ သုမင်္ဂလာအိမ်ရာ အပိုင်း (၁) | ခြံ ၆၄၀၀ စ/ပေ ၊ အိမ် ၂၄၀၀ စ/ပေ | MB (၃)ခန်း | ၂၃ သိန်း | ၁ လအငှားနှုန်း မီး (၂) ရေ(၂) | ၀၉/၅၁၁၇၂၆၂ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်၊ ဖဆပလရပ်ကွက် | ၁၃ ◦၅×၅၈ ပေ | (ပ)ထပ် | ၆၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇)လွှာ၊ ဓာတ်လှေခါးပါ | ၁၂ သိန်း | ၁ လ အငှားနှုန်း (ပရိဘောဂစုံပါပြီး) | ၀၉/၅၁၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီကျေးရွာ | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၁၈၀ သိန်း | အုတ်ခတ်ပြီး | ၀၉/၄၅၂၁၉၄၄၃၉ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် လမ်းမကြီး ဂုတ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | |

# မြို့ကြီးများ၏ ၃၀-၁-၂၀၁၇ မှ ၃-၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၃၀-၁-၂၀၁၇) | အင်္ဂါ(၃၁-၁-၂၀၁၇) | ဗုဒ္ဓဟူး(၁-၂-၂၀၁၇) | ကြာသပတေး(၂-၂-၂၀၁၇) | သောကြာ(၃-၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၃°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| လွိုင်ကော် | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F |
| တောင်ကြီး | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| တောင်ငူ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မုံရွာ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F |
| ပုသိမ် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မြိတ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မကွေး | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ဖလမ်း | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၀°F | နေသာ ၂၂°C/၇၀°F | နေသာ ၂၂°C/၇၀°F |



## ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ပြည်နယ်ခုနစ်ခုတွင် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ သေဆုံးသူအရေအတွက် မြင့်တက်လာ

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုသည် ယခုရက်သတ္တပတ်အထိ ဖြစ်ပေါ်လျက်ရှိနေကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ် ၁၂ခုတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ ယခုတစ်ပတ်တွင် ပြည်နယ်ခုနစ်ခု၌ ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေသေးပြီး လူပေါင်း ၉၀ ခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရာရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ အနိမ့်ပိုင်း ဒေသများတွင် မိုးဆက်လက်ရွာသွန်းမှု နှင့်အတူ ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေကြောင်း၊ ရေလွှမ်းမိုးသည့်ဒေသများအား ဒေသဆိုင်ရာအာဏာပိုင်များက အထူးသတိပေးချက်များ ထုတ်ပြန်ထားသည်။ ပြည်နယ်ခုနစ်ခုအနက် နာရာသီဝပ်ပြည်နယ်အတွင်းရှိ ခရိုင်၁၃ ခုအနက် ရှစ်ခရိုင်မှာ ရေအောက်သို့ ရောက်ရှိသွားခဲ့ပြီး ငါးခရိုင်သာ ကျန်ရှိတော့ကြောင်း၊ အလားတူ ဆုန်ခလာပြည်နယ်တွင်လည်းခရိုင်သုံးခုမှာ ရေအောက်သို့ ကျရောက်လျက်ရှိနေပြီး ကျန်ခရိုင်များမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရဆဲပင်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်သာလောင်းပြည်နယ်ရှိ ခရိုင်ငါးခုမှာ ရေလွှမ်းမိုးဆဲပင်ဖြစ်ကြောင်း၊ ပတ္တာနီပြည်နယ်တွင်လည်း သာယန်းခရိုင်မှလွဲ၍ ကျန်ခရိုင်များအားလုံးမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရဆဲဖြစ်ကြောင်း၊ နာခွန်စီသာမာရတ်တွင် ခရိုင်လေးခု၊ ဆူရတ်ဌာနီတွင် ခရိုင်သုံးခုတို့မှာ ရေလွှမ်းမိုးလျက်ရှိဆဲပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံပြည်သူများအနေဖြင့် မိုးလေဝသမှ ထုတ်ပြန်မည့်သတင်းများကို ဂရုစိုက်ရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းရှိ ထိုင်းပင်လယ်ကွေ့မှ ဝင်ရောက်လာနိုင်သည့် ပြင်းထန်သည့် အရှေ့မြောက်မုတ်သုံလေစီးကြောင်းများကြောင့် လေဖိအားများရပ်ဝန်းများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို အစဉ်နားစွင့်ထားရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက တိုက်တွန်းပြောကြားထားသည်။

**မယ်သီတာ**

## ချီလီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက သုံးသိန်းကျော်နှင့် အိမ်ခြေ ၁၅၀၀ ကျော် မီးလောင်ကျွမ်း ပျက်စီးဆုံးရှုံး

ချီလီနိုင်ငံ၏ မြို့တစ်မြို့ဖြစ်သည့် ဆန်တာအိုလ်ဂါမြို့တွင် ဇန်နဝါရီ ၂၅ ရက်က တောမီးလောင်ကျွမ်းလျက်ရှိရာ နေအိမ်ပေါင်း ၁၅၀၀ ကျော် မီးလောင်ကျွမ်းခံခဲ့ရကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက သုံးသိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ချီလီအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုသည် ဆန်တာအိုလ်ဂါမြို့၏တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ အဆိုပါဒေသသည် သမိုင်းဝင်အဆောက်အအုံများ အများအပြားရှိသည့်ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် တောမီးငြိမ်းသတ်ရေးအတွက် ဝိုင်းဝန်းကူညီကြစေလိုကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်များကို စွန့်ခွာထွက်ပြေးသူပေါင်းမှာ ၆၀၀၀ မှ ၇၀၀၀ ကြားရှိနေပြီး ၎င်းတို့အနက် အချို့သောသူများ၏ နေအိမ်များမှာ မီးလောင်ခံခဲ့ရပြီဖြစ်သည်ဟု ဆိုသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဇန်နဝါရီ ၂၆ ရက်အထိ လူခုနစ်ဦး သေဆုံးခဲ့ပြီး ၂၉၈ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း စီအန်န်အန်သတင်းတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုအား အကူအညီပေးရန် ပြင်သစ်၊ အမေရိကန်၊ မက္ကဆီကို၊ ပီရူးနိုင်ငံတို့မှ နိုင်ငံတကာ အကူအညီများ ရောက်ရှိနေကြောင်း၊ အဆိုပါအဖွဲ့များသည် အနီးပတ်ဝန်းကျင်သို့ မီးမကူးစက်စေရန် ကူညီပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘာ့အကောင်းဆုံးစပျစ်သီးစိုက်ခင်းများနှင့် စပျစ်ဝိုင်ထုတ်လုပ်သည့် စက်ရုံအား မီးမကူးစက်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းသည့်နေရာသည် ချီလီနိုင်ငံ၏မြို့တော် ဆန်တီယေဂိုမြို့နှင့် မိုင် ၂၂၀ သာ ကွာဝေးသဖြင့် ချီလီမီးသတ်သမားများနှင့်နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များက ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

ချီလီနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများကလည်း မီးသတ်ကိရိယာများ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# တရားမဝင် ကုန်သွယ်မှုများ အခြေအနေ

|ကျော်ဆန်းထွန်း|



**ယခင်တစ်ပတ်မှအဆက်**

ကျွဲ၊ နွားများကို မကွေးတိုင်းဒေသကြီးအတွင်း အများဆုံးမွေးမြူကြပြီး တောင်တွင်းကြီး၊ နတ်မောက် (လေးအိမ်ရွာ)၊ လားရှိုး(နိုးကွတ်ရွာ၊ နန့်လန်ရွာ)၊ နောင်ချိုမြို့ (နောင်ပိန်ရွာ၊ စံမဆယ်ရွာ) တို့ရှိ နွားပွဲဈေးများမှဝယ်ယူကြပြီး နောင်ချိုမြို့သို့ ၁၀ ဘီး၊ ၁၂ ဘီးကားများဖြင့် လည်းကောင်း၊ လူမောင်း၍လည်းကောင်း သယ်ယူစုဆောင်းကြပြီး ကွတ်ခိုင်မြို့သို့ နွားပွဲဈေးနေ့အမီတင်ပို့ကြကြောင်း၊ ကွတ်ခိုင်မြို့ ငါးရက်တစ်ဈေး နွားပွဲဈေးနေ့တွင် အရောင်းအဝယ်ဖြစ်သော နွားများကို ပြည်သူ့စစ်အဖွဲ့များက မူဆယ်-ပန်ဆိုင်း-ကျိန်စန်းကျော့သို့ ဆက်လက်တင်ပို့ခြင်းဖြစ်ကြောင်း၊ နွားပွဲဈေးနေ့ တစ်ပတ်တိုင်းယာဉ်ကြီး စီးရေ ၅၀ မှ ၁၀၀ ဝန်းကျင် အထိ သယ်ဆောင်ကြကြောင်း သိရှိရပါသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး အတိုင်း နမ့်အွန်ရွာ၊ နမ့်ဖတ်ကာရွာမှ နမ့်ခမ်းသို့ သွားသော လမ်းကြောင်းအတိုင်းနှင့် လားရှိုး၊ နမ္မတူ၊ မန်တုံဘက်မှ မုန်းဝီး၊ နမ့်ခမ်းမှတစ်ဆင့်ကျွဲ၊ နွားများကို လူဖြင့်မောင်း၍ သယ်ဆောင်ပြီး ပန်ခမ်း ဇက်ဆိပ်နှင့် ရွှေလီမြစ်ဘေးရှိ ဇက်ဆိပ်များ မှလည်းကောင်း၊ ဧရာဝတီမြစ်ကြောင်း အနောက်ဘက်ရှိ စစ်ကိုင်းတိုင်းဘက်မှ နွားများကို စဉ်ခန်းဝန်းကျင်မှတစ်ဆင့် ဂုတ်ထိပ်ဝန်းကျင်၊ ထိုမှတစ်ဆင့်မန်ဝိန်းကြီးဘက်မှ တရုတ်နိုင်ငံ လုံတောင်းဘက်သို့ တရားမဝင် ပုံမှန်တင်ပို့နေသည့်အပြင် မူဆယ်ဘက်လမ်းကြောင်း ကျပ်ပါက ကွတ်ခိုင်-တာမိုးညဲမှ သံလွင်မြစ်ကို ဖြတ်ကူး၍ လောက်ကိုင်အနီး တစ်ဝိုက်မှ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

ယာဉ်တစ်စီးလျှင် ကျွဲ၊ နွား ၂၂ ကောင်ခန့် တင်ဆောင်၍ ငါးရက်တစ်ကြိမ် စီးရေ ၁၀၀ခန့် တရားမဝင် တင်ပို့နေမှုကြောင့် တစ်ပတ်လျှင် ကျွဲ၊ နွားအကောင်ရေ ၂၂၀၀ ခန့် တရားမဝင် ရောင်းဝယ်လျက်ရှိရာ တစ်လလျှင် ကျွဲ၊ နွား အကောင်ရေ ၁၃၂၀၀ ခန့်တင်ပို့လျက်ရှိကြောင်း၊ တန်ဖိုးအားဖြင့် တစ်ကောင်လျှင် ကျပ် ၁၆ သိန်းမှ ၂၅ သိန်းကြား ရှိသဖြင့် လစဉ် တရားမဝင် တင်ပို့မှုခန့်မှန်း ကျပ်သိန်း ၂၆၄၀၀၀ ခန့်ရှိကြောင်း သိရှိရပြီး တရားဝင် တင်ပို့ခွင့်ပြုမည်ဆိုပါက နိုင်ငံတော်မှ အနည်းဆုံး ရရှိမည့် အခွန်တန်ဖိုးမှာ တစ်လလျှင် ကျပ်သိန်းပေါင်း ၅၂၈၀ ခန့်ရရှိမည်ဖြစ်ပါသည်။

မြဝတီဒေသတွင် ကျွဲ/နွား တရားမဝင် တင်ပို့သည့် လမ်းကြောင်းများအနေဖြင့် သဃ်န်းညီနောင်-ဝှေ့ရှမ်း-မဲ့ပလဲ့-ရွှေကုက္ကိုလ်-ထိုင်းနိုင်ငံ ဝါးစခင်းမြို့မှတစ်ဆင့် မဲဆောက်သို့ပို့ဆောင်သော လမ်းကြောင်းနှင့် သဃ်န်းညီနောင်-ကွင်းကလေး-ဖလူးမှတစ်ဆင့် ထိုင်းနိုင်ငံ အုန်းဖန်းမြို့ ထိုမှတစ်ဆင့် မဲဆောက်သို့ တင်ပို့သော လမ်းကြောင်းတို့ကို အများအားဖြင့် အသုံးပြုကြကြောင်း သိရှိရပါသည်။ မြဝတီမြို့မှ မဲဆောက်သို့ ရောက်ရှိသွားသော တရားမဝင် ကျွဲ/ နွားအားလုံးသည် တာ့ခ်ခရိုင်၊ မဲဆောက်မြို့နယ်၊ မဲပရပ်ကွက်၊ နွားပွဲဈေးများတွင် ရောင်းချကြပြီး ၎င်းမှတစ်ဆင့် ကျွဲ/နွားများ တင်ဆောင်သော တွဲကားများဖြင့် တင်ဆောင်ပြီး မလေးရှားနှင့် ဗီယက်နမ်သို့ အကောင်လိုက် တင်ပို့ရောင်းချခြင်း၊ အသားအဖြစ် ထုတ်လုပ်ရောင်းချခြင်း၊ အေးခဲအသားအဖြစ် မြန်မာနိုင်ငံ အပါအဝင် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းများ ပြုလုပ်ကြပြီး ဘေးထွက်ပစ္စည်းများအား အချိုမှုန့်၊ အမဲဆီစသည်ဖြင့် ကုန်ချောထုတ်လုပ်မှုများ ရှိကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံမဲဆောက်မြို့ရှိ အကောက်ခွန် စာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလထိ ကျွဲ/နွား အရှင် စုစုပေါင်း ၄၃၉၆၃ ကောင်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၅၉ သန်းခန့်ရှိကြောင်းသိရှိရပြီး တစ်လလျှင်ပျမ်းမျှ ၅၄၉၅ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၂ သန်းခန့်တရား မဝင် တင်ပို့မှုများရှိနေရာ တစ်နှစ်လျှင်ပျမ်းမျှ ၆၅၉၄၀ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃သန်းကျော်ခန့်ရှိမည်ဖြစ်ရာ တရားဝင်တင်ပို့ခွင့်ပြုမည်ဆိုပါက နိုင်ငံတော်မှ နှစ်ရာခိုင်နှုန်းရရှိမည့် တန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသုည ဒသမ ၄၆ သန်း ဖြစ်သည်။

၂၀၁၆ခုနှစ်၊ ဩဂုတ်လအတွင်း တာဝန်သိပြည်သူတစ်ဦးက ကချင်ပြည်နယ်အတွင်းတွင် သားသတ် လိုင်စင်(စီ) ရရှိထားသူက ကျွဲ/နွားများအား တရုတ်နိုင်ငံဘက်သို့ တရားမဝင် တင်ပို့နေခြင်း၊ အခြား ကျွဲ/ နွားတရားမဝင်တင်ပို့သူများထံမှ သားသတ်လိုင်စင် (စီ) အကြောင်းပြု၍ ငွေကြေးတောင်းခံခြင်း၊ သားသတ်လိုင်စင်(စီ) ဆွဲထားသည့်နယ်မြေအတွင်း သားသတ် အသားရောင်းချခြင်း လုံးဝမရှိ၍ ဒေသနေပြည်သူများအနေဖြင့် အခြားဒေသများမှ အသားများ ဝယ်ယူစားသုံးနေရခြင်း၊တရုတ်နိုင်ငံသို့ ကျွဲ/နွားများ နေ့စဉ်ရာချီ၍ တရားမဝင် တင်ပို့နေခြင်းကြောင့် နိုင်ငံတော်အခွန်ငွေ လျော့နည်း နေခြင်း များအား အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး အမြန်ဆုံးစစ်ဆေး အရေးယူပေးပါရန် အထောက်အထားများဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသို့ လိပ်မူ၍ စာဖြင့်တိုင်ကြားခဲ့မှုအတွက် သက်ဆိုင်ရာဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်နယ် အစိုးရအဖွဲ့တို့မှ လိုအပ်သလို စစ်ဆေးအရေးယူပေးရန် အကြောင်းကြားခဲ့ရကြောင်း သိရှိရပါသည်။

အလားတူ ပြောင်းလဲလာသော မော်တော်ယာဉ်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းများအရ ယာဉ်အို ယာဉ်ဟောင်း အစားထိုးတင်သွင်းခွင့်၊ တစ်ဦးချင်းပါမစ်ဖြင့် တင်သွင်းခွင့်၊ ကုမ္ပဏီများ အလိုက်လွတ်လပ်စွာ တင်သွင်းရောင်းချခွင့်များ ခွင့်ပြုပေးထားခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်အထိ တရားဝင် နိုင်ငံတော်သို့ ကျသင့်အခွန်အခများ ပေးသွင်းလိုခြင်းမရှိသဖြင့် နယ်စပ်ဒေသဝင်ပေါက်များမှ တရားမဝင် တင်သွင်းပြီး လိုင်စင်မဲ့ယာဉ်များအား လိုင်စင်နံပါတ်ပြားအတုတပ် ဆင်မောင်းနှင်ခြင်း၊ အခြားလိုင်စင်ရှိ ယာဉ်နံပါတ်နှင့် အတူပွား၍ မောင်းနှင်စီးနင်းခြင်း၊ အခြား မှတ်ပုံတင်ထားပြီး ယာဉ်နှင့် အလုံးလိုက် ချိန်းပြောင်းမောင်းနှင် အသုံးပြုခြင်းများ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင်ရှိနေသဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စီမံချက်များရေးဆွဲကာ လိုင်စင်မဲ့ယာဉ်များအား စစ်ဆေးဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စစ်ဆေးဖမ်းဆီးမှုများ ရှိသော်လည်း နယ်စပ်ဝင်ပေါက်များမှ တရားမဝင် တင်သွင်းရောင်းဝယ်မှုများမှာ ကျဆင်းသွားခြင်း မရှိသေးကြောင်း သိရှိရပါသည်။ တရားမဝင် တင်သွင်းကြခြင်းဖြစ်၍ တစ်ဖက်နိုင်ငံမှ ခိုးယူလာသော ယာဉ်များ၊ မှတ်ပုံတင်ဖျက်သိမ်းခြင်း မရှိသေးသော ယာဉ်များပါရှိလာနိုင်သဖြင့် ရေရှည်တွင် နိုင်ငံ့ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းလာနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိရပါသည်။ တရားဝင် တင်သွင်းခွင့် ရရှိထားသော်လည်း မှန်ကန်သော နည်းလမ်းဖြင့် တင်သွင်းခြင်းမပြုဘဲ ခွင့်ပြုချက်မရမီ ခိုးဝင်လာသော ယာဉ်များအား သက်ဆိုင်ရာ ဌာနဝန်ထမ်းများသို့ လာဘ်ပေးလာဘ်ယူ ပြုလုပ်ပြီး တင်သွင်းနေကြောင်း၊ မှန်ကန်သော လမ်းကြောင်းများမှ တရားဝင် တင်သွင်းသူများအတွက် လုပ်ကိုင်ရ ခက်ခဲမှုများ ရှိနေသဖြင့် ထိုင်းနိုင်ငံဘက်မှ တင်သွင်းလာသော တစ်ခန်းခွဲယာဉ်နှင့် မီနီဘတ်စ်ကားငယ်များအတွက် အကောက် ခွန်ဂိတ်အဆင့်ဆင့် ဖြတ်သန်းလာသော အထောက်အထားများနှင့်ချစ်ကြည်ရေးတံတား ပေါ်မှ တရားဝင်စစ်ဆေးမှုခံယူ ဖြတ်သန်းစေကာ ပွင့်လင်းမြင်သာသော နည်းလမ်း၊ မှန်ကန်သော နည်းလမ်းများဖြင့် မြန်ဆန်စွာ တင်သွင်းခွင့်ပြုနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဆင့် ကားတင်သွင်းရောင်းဝယ်နေသော လုပ်ငန်းရှင်တစ်ဦးက နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်သို့ လိပ်မူ၍ ၂၀၁၆ခုနှစ်၊ မေလအတွင်းစာဖြင့်ရေးသား တင်ပြထားခဲ့ကြောင်း သိရှိရပါသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက ‘တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team) အဖွဲ့ဖျက်သိမ်းပြီး နောက်ပိုင်းတွင် နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ တရားမဝင် သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမိုပို့ဆောင်နေကြခြင်းများအား တားဆီး ထိန်းချုပ်အရေးယူရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ’ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းမှုအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က “စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိစေရေး၊ နိုင်ငံတော်မှ ရသင့် ရထိုက်သော အခွန်အခများ နစ်နာဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်သမ္မတရုံးမှ အမိန့် ကြော်ငြာစာအမှတ် ၉၇/ ၂၀၁၂ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ Mobile Team အဖွဲ့များဖြင့် ကမ်းရိုးတန်း ဆိပ်ကမ်း ဝင်/ထွက်ပေါက်များနှင့် နယ်စပ်လမ်းကြောင်း အသီးသီးတို့တွင် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ Mobile Team လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ဒီဇင်ဘာလအထိ) တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိမှုအကောက်ခွန် အမှုတွဲပေါင်း ၈၅၂၉ မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၅၂၉၃၅ သိမ်းဆည်းအရေးယူခဲ့ပြီး စားသုံးရန် မသင့်သည့် ကုန်ပစ္စည်းများ ၉၃၇ မှု၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၅၃၀ သန်းတန်ဖိုးအားလည်း ဖျက်ဆီးဆောင်ရွက်နိုင်ခဲ့ကြောင်း ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများတွင် အများစုမှာ မော်တော်ယာဉ်/ယန္တရားများ၊ ကျောက်စိမ်းများ၊ Mobile Hand Set များ၊ သစ်မျိုးစုံ စသည့် ကုန်ပစ္စည်းများဖြစ်ကြပြီး အဆိုပါအများဆုံး ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများကိုဇယား” ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

➲ ဆက်လက်ဖော်ပြပါမည်။

# အာရှဖလားခြေစစ်ပွဲ၏ အုပ်စုမဲခွဲမှုကို မြန်မာအသင်းနည်းပြချုပ် ဂတ်ဆီဇီ ကျေနပ်ဟုဆို

ယူအေအီးနိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပမည့် အာရှဖလား၂၀၁၉ ပြိုင်ပွဲတွင် ဝင်ရောက်မည့် မြန်မာအသင်း၏ အုပ်စုအနေအထားနှင့်ပတ်သက်၍ မြန်မာအသင်းနည်းပြချုပ် ဂတ်ဆီဇီက ကျေနပ်ကြောင်း ပြောကြားခဲ့သည်။

"ဒီထက်ခက်ခဲတဲ့ အုပ်စုထဲကို ကျနိုင်တာကြောင့် ဒီအုပ်စုအနေအထားကို ကျေနပ်ပါတယ်။ ငယ်ရွယ်တဲ့ ကျွန်တော်တို့အသင်းမှာ အခွင့်အရေးကောင်းတွေ ရှိနေပါတယ်။ ဘယ်အုပ်စုပဲကျကျ လိုအပ်တဲ့ ရမှတ်တွေ၊ နိုင်ပွဲတွေရမှ ခြေစစ်ပွဲအောင်မှာဖြစ်လို့ ပိုကြိုးစားအလုပ်လုပ်ကြရပါမယ်။ ကျွန်တော်တို့ အာရှဖလား၂၀၁၉ ယူအေအီးကို ငံခွင့် ရချင်ပါတယ်။ ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

၂၀၁၉အာရှဖလားခြေစစ်ပွဲ (AFC Asian Cup Qualifiers 2019) မဲခွဲပွဲကို ဇန်နဝါရီ ၂၃ ရက်က ယူအေအီးနိုင်ငံတွင် ကျင်းပခဲ့သည်။ အဆိုပါမဲခွဲပွဲတွင် Pot လေးခုကို ဖီဖာ၏အဆင့်သတ်မှတ်ချက်အရ မဲနှိုက်ရွေးချယ်ခဲ့ရာ မြန်မာအသင်းသည် အုပ်စု(က)တွင် ကာဂျစ်စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းတွင် ကျရောက်ခဲ့သည်။

အဆိုပါခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရရှိသည့် အသင်းနှစ်သင်းသည် ၂၀၁၉ ခုနှစ် အာရှဖလား




ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲ ပထမဆုံးပွဲစဉ်အဖြစ် မတ် ၂၈ ရက်တွင် အိန္ဒိယအသင်းနှင့် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**၂၀၁၉အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်ရမည့်ပွဲစဉ်များ**

| | |
|---|---|
| ၂၈-၃-၂၀၁၇ | မြန်မာ -အိန္ဒိယ |
| ၁၃-၆-၂၀၁၇ | မကာအို - မြန်မာ |
| ၅-၉-၂၀၁၇ | ကာဂျစ်စတန် - မြန်မာ |
| ၁၀-၁၀-၂၀၁၇ | မြန်မာ- ကာဂျစ်စတန် |
| ၁၄-၁၁-၂၀၁၇ | အိန္ဒိယ - မြန်မာ |
| ၂၇-၃-၂၀၁၈ | မြန်မာ - မကာအို |

# ရုပ်သံလွှင့်ခွင့်နှုန်းထားများမြင့်တက်လာမှုကြောင့် စကိုင်းစပို့စ်ရုပ်သံလိုင်း ဝင်ငွေများ ကျဆင်း

ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်များတွင် ပေးချေရသည့် ရုပ်သံလွှင့်ခွင့်နှုန်းထားများ မြင့်တက်လာမှုကြောင့် စကိုင်းစပို့စ်ရုပ်သံလိုင်း၏ဝင်ငွေများ ကျဆင်းလာခဲ့ရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စကိုင်းစပို့စ်ရုပ်သံလိုင်း၏ ဇွန်လမှဒီဇင်ဘာလအထိဝင်ငွေများသည် ခြောက်လအတွင်း ပေါင် ၆၇၉ သန်းသို့ ကျဆင်းလာခဲ့ကြောင်း၊ သို့သော် ငွေကြေးဆိုင်ရာလည်ပတ်မှုများမှာ ပုံမှန်အတိုင်းသာရှိနေကြောင်း စကိုင်းစပို့စ်ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စကိုင်းစပို့စ်ရုပ်သံလိုင်းတွင် 21st Century Fox မှရူးပက်မားဒေါ့ခ်ျက အဆိုပါကုမ္ပဏီအစု ရှယ်ယာ၏ ၃၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားခဲ့ရာ ပြီးခဲ့သည့်နှစ်အတွင်း ရူးပက်မားဒေါ့ခ်ျက ကုမ္ပဏီအစုရှယ်ယာများ၏ ၆၁ ရာခိုင်နှုန်းကို ဝယ်ယူရန် ကမ်းလှမ်းထားခဲ့သည်။ စကိုင်းစပို့စ်ရုပ်သံလိုင်းသည် ယူကေ၊ အိုင်ယာလန်၊ အီတလီ၊ ဂျာမနီနှင့် ဩစတြီးယားတို့တွင် ပရိသတ်ပေါင်း ၂၂ သန်းရှိသည်။

စကိုင်းစပို့စ်ရုပ်သံလိုင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂျရယ်မီဒါရော့ချ်က "တစ်နှစ်အတွင်းမှာ ရုပ်သံထုတ်လွှင့်မှုအစီအစဉ်တွေရဲ့ ကုန်ကျစရိတ်တွေ ထူးထူးခြားခြား မြင့်တက်လာပါတယ်။ ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲတွေရဲ့ ထုတ်လွှင့်မှုတွေမှာ ရုပ်သံလွှင့်ခွင့်တွေ မြင့်တက်လာတဲ့အတွက် စရိတ်တွေမြင့်တက်လာပြီး အမြတ်ဝင်ငွေတွေ လျော့ကျကုန်ပါတယ်။ ဒါပေမယ့် ကုမ္ပဏီရဲ့လှည့်ပတ်ငွေတွေကတော့ ကောင်းနေပါတယ်"ဟု ပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးပွဲများ၏ ရုပ်သံလွှင့်ခွင့်နှုန်းထားများ မြင့်တက်ခဲ့ခြင်းကြောင့် စကိုင်း စပို့စ်၏အမြတ်ငွေများ ကျဆင်းခဲ့ကာ ပေါင် ၆၅ သန်းအောက်သို့ ကျဆင်းခဲ့သည်။ ယင်းကဲ့သို့ အမြတ်ငွေများကျဆင်းခဲ့သော်လည်း စကိုင်းစပို့စ်ကိုကြည့်ရှုအားပေးသည့် ပရိသတ်ပေါင်း ငါးသောင်းကျော် ထပ်မံမြင့်တက်ခဲ့ကြောင်း စကိုင်းစပို့စ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

# မြန်မာ့အားကစားလောကအတွက် တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်လျက်ရှိ

မြန်မာ့အားကစားလောကအတွက် လိုအပ်လျက်ရှိသည့် တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ယင်းဥပဒေအား ပြဋ္ဌာန်းနိုင်ရေးအတွက် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

"ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ချုပ် (WADA) က ရေးဆွဲထားတဲ့ဥပဒေပဲ ရှိသေးတယ်။ မြန်မာနိုင်ငံမှာတော့ ဒီဥပဒေ မရှိသေးဘူး။ ဆွေးနွေးညှိနှိုင်းမယ်၊ ပြီးရင် ဥပဒေရေးဆွဲမယ်။ ပြီးရင်ရှေ့နေချုပ်ရုံးကို တင်ပြမယ်။ ပြီးမှ လွှတ်တော်မှာအတည်ပြုပြီးဆုံးဖြတ်မှာပါ"ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့အားကစားနယ်ပယ်၌ တားမြစ်ဆေးဝါး သုံးစွဲမှုကင်းစင်စေရန်၊ တားမြစ်ဆေးဝါးဆန့်ကျင်ရေးဥပဒေကိုထုတ်ပြန်၍ ထိရောက်သောပညာပေးမှုများ ဖြစ်ပေါ်လာစေရန် စစ်ဆေးတွေ့ရှိချက်အပေါ်တွင် အခြေခံ၍ နိုင်ငံတော်က ပေးအပ်သည့်ပြစ်ဒဏ်ကို ဘုံသဘောတူညီချက်ဖြင့် ချမှတ်နိုင်ရန် အဆိုပါအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်သည် ကမ္ဘာ့တားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ချုပ်၊ အာရှတားမြစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ချုပ်တို့နှင့်ပူးပေါင်း၍ တားမြစ်ဆေးဆန့်ကျင်သည့် အစီအစဉ်များဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဥရောပမှဆုတံဆိပ်ရရှိသည့် ပြေးခုန်ပစ်အားကစားသမားများအား တားမြစ်ဆေးသုံးစွဲမှုရှိမရှိ အသေးစိတ် စစ်ဆေးသွားမည်

ဥရောပတိုက်အတွင်းရှိ ပြေးခုန်ပစ်အားကစားသမားများအနက် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအား တားမြစ်ဆေးသုံးစွဲမှု ရှိ၊ မရှိကို စိတ်ကျေနပ်မှုရရှိသည်အထိ စစ်ဆေးသွားမည်ဖြစ်ကြောင်း ဥရောပပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။




ပြေးခုန်ပစ် အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲမှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လျက်ရှိရာ ဥရောပပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ သေချာစွာစစ်ဆေးမည်ဟု သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံမှ အိုလံပစ်ရွှေတံဆိပ်ဆုရှင်များ အပါအဝင် အားကစားသမား ၁၀၀၀ ကျော်သည် တားမြစ်ဆေးဝါးများသုံးစွဲမှုများ ရှိနေသည်ဟူသော ရလဒ်များထွက်ပေါ်ခဲ့ပြီးနောက် ရုရှားအားကစားသမားများအား အားကစားလောကနှင့်ပတ်သက်ခြင်းမပြုရန် ပိတ်ပင်ခဲ့သည်။

ထို့ပြင် ဂျမေကာနိုင်ငံသား တာတိုအပြေးချန်ပီယံ အူစိန်ဘိုတ်ကို တားမြစ်ဆေးများ သုံးစွဲမှုကြောင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြေးပွဲတွင် ရရှိခဲ့သည့်ရွှေတံဆိပ်ဆုအပါအဝင် အိုလံပစ်ရွှေတံဆိပ်ဆုကိုပါ ပြန်လည်ရုပ်သိမ်းခဲ့သည်။

အဆိုပါဖြစ်ရပ်များကြောင့် ပြေးခုန်ပစ်အားကစားလောကတွင် တားမြစ်ဆေးသုံးစွဲမှုများအား တင်းတင်းကျပ်ကျပ် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အားကစားဝါသနာရှင်များ စိတ်ကျေနပ်မှုရရှိသည်အထိ စစ်ဆေးသွားမည်ဖြစ်ကြောင်း ဥရောပပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဟန်ဆန်က ပြောကြားခဲ့သည်။

# ယခုနှစ်ဘောလုံးရာသီတွင် ဆောက်သမ်းမြန်မာအသင်း ကျပ်သိန်းနှစ်သောင်းကျော် အသုံးပြုမည်

မြန်မာနေရှင်နယ်လိဂ်ကလပ် ဆောက်သမ်းမြန်မာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းပြင်ဆင်မှုအပါအဝင် တစ်နှစ်တာအတွင်း အသုံးစရိတ် ကျပ်သိန်းနှစ်သောင်းကျော် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဆောက်သမ်းမြန်မာအသင်းသည် ၂၀၁၇ခု နှစ်ဘောလုံးရာသီတွင် အိမ်ကွင်းလက်ခံယှဉ်ပြိုင်နိုင်ရန်အတွက် မော်လမြိုင်မြို့ရှိ ဆောက်သမ်းမြန်မာကွင်း (ယခင်ကျောင်းသားအားကစားပွဲတော်ကွင်း)ကို ပြင်ဆင်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက်တွင် အိမ်ကွင်းဖွင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ "အသင်းပိုင်ရှင်က ဘယ်လောက်ပဲသုံးပါလို့ သတ်မှတ်မပေးထားပါဘူး။ အသင်းအတွက် လိုအပ်လို့တင်ပြရင် အကုန်လုံးအဆင်ပြေအောင်ဆောင်ရွက်ပေးတယ်။ ဒီနှစ်မှာ အိမ်ကွင်းလုပ်တဲ့အတွက် အရင်နှစ်တွေကထက် ဘတ်ဂျက်ပိုသုံးရမယ်။ ဒီနှစ်အတွက် သိန်းနှစ်သောင်းကျော်လောက် သုံးရမယ်"ဟု ဦးမြင့်ကြူးက ပြောသည်။

ဆောက်သမ်းမြန်မာအသင်းသည် ယခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် ပွဲစဉ် (၁၁)ကို အိမ်ကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ ဆောက်သမ်းမြန်မာအသင်းသည် ၂၀၁၇ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၂)ယှဉ်ပြိုင်အပြီးတွင် တစ်ပွဲ သရေ၊ တစ်ပွဲရှုံးရလဒ်ကို ရရှိထားပြီး ရမှတ် တစ်မှတ်ရရှိထားသည်။ အိမ်ကွင်းဖွင့်ပွဲတွင် ဆောက်သမ်းမြန်မာအသင်းသည် GFA အသင်းကို လက်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆောက်သမ်းမြန်မာအသင်းသည် ၂၀၁၆ ဘောလုံးရာသီတွင် တန်းဆင်းခဲ့ရသော်လည်း လိဂ်-၂ မှတန်းတက်ခွင့်ရရှိသည့် မနောမြေအသင်း ဖျက်သိမ်းခဲ့ခြင်းကြောင့် ယင်းအသင်းအစား မြန်မာလိဂ်-၁၌ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် ထုတ်ကုန်လုံခြုံ စိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား) သင်တန်းဖွင့်လှစ်

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စစ်ကိုင်းခရိုင်ရုံးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (ဆင့်ပွား) သင်တန်းကို ဇန်နဝါရီ၂၀ ရက်က ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းခရိုင်ရုံးမှ ဝန်ထမ်း များနှင့် ဧည့်သည်တော် စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးက နေပြည်တော်တွင် တက်ရောက်ခဲ့သည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုသင်တန်းမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်လေ့လာရေးစနစ် ကျွမ်းကျင်သူ ဘယ်လ်ဂျီယံပညာရှင် Mr. Jan Deconinck ၏ ပို့ချချက်များကိုသိရှိအောင် စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ မြို့နယ်တာဝန်ခံများနှင့် ဝန်ထမ်းများအား ထပ်ဆင့်ပြန်လည်ပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**ချိုချိုဝင်း (စစ်ကိုင်း)**

## ကရင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးအသင်းဖွဲ့စည်းပြီးစီး အသိပညာပေးလုပ်ငန်းများပူးပေါင်းပါဝင်သွားမည်ဟု အသင်းဥက္ကဋ္ဌပြောကြား



"ကရင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးအသင်း" ဖွဲ့စည်းရေး အခမ်းအနားကို ဘားအံမြို့ ပြည်နယ်ဦးစီးမှူးရုံးတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့ပါတယ်။ အဆိုပါအသင်းတွင် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ကရင်ပြည်နယ်အတွင်းရှိ လူမှုရေးလုပ်ငန်းများ စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်များ၊ ဘားအံသူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့၊ အမျိုးသမီးများကွန်ရက်၊ မာယလူမှုကူညီရေးအဖွဲ့၊ တော်ဝင်သဇင် အမျိုးသမီးများအဖွဲ့၊ အားသစ်ရောင်ခြည် လူမှုရေးအဖွဲ့၊ Network Activities Group နှင့် ကရင်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ ပါဝင်လျက် ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ "ကရင်ပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးအသင်း" တွင် နာယကသုံးဦး၊ ဥက္ကဋ္ဌနော်ခရစ္စတီးနား (အမျိုးသမီးများကွန်ရက်)နှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးဦးစိုးစံမင်း (မာယလူမှုကူညီရေးအဖွဲ့)၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်နှစ်ဦးနှင့် အလုပ်အမှုဆောင်ရှစ်ဦး စုစုပေါင်း ၁၇ဦး ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ရွေးချယ်ခံရသည့်အသင်းဥက္ကဋ္ဌ နော်ခရစ္စတီးနားက ဒေသခံ ကရင်တိုင်းရင်းသားအများစုပါဝင်သဖြင့် ဘာသာစကားအခက် အခဲမရှိကြောင်းနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် လက်တွဲပြီး အသိပညာပေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်းသတင်းရရှိပါတယ်။

**ခင်ကြည်**

## ညောင်တုန်းမြို့နယ်ဂဇန်းလမိုင်း မူလွန်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ညောင်တုန်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှအဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် ဇန်နဝါရီ ၁၇ ရက်က ညောင်တုန်းမြို့နယ်၊ ဂဇန်းလမိုင်းမူလွန်ကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၈၆ ဦးအား စားသုံးသူရေးရာနှင့်ပတ်သက်၍ FDA မှတားမြစ်ထားသော အစားအသောက်၊ လူသုံးကုန်များ၊ ဓာတုဆိုးဆေးများပါဝင်သော အစားအစာနှင့် အန္တရာယ်များ၊ စားသုံးရန်မသင့်သောမုန့်များ၊ စံချိန်စံညွှန်း မမီသော ကုန်စည်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများကို ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲပြီးဆုံးချိန်တွင် ကျောင်းမုန့်ဈေးတန်းသို့သွားရောက်၍ ဆိုးဆေးပါဝင်သော အစားအစာနှင့် FDA မှ တားမြစ်ထားသော မုန့်များရောင်းချမှုမရှိစေရေး အာဟာရဖြစ်စေမည့် မြန်မာ့ရိုးရာအစားအစာများ သန့်ရှင်းသပ်ရပ်စွာရောင်းချနိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များသည် မွန်းလွဲပိုင်းတွင် ရိုးကြီး အ.မ.က ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ သက်တမ်းလွန်မုန့်များနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားသည့် အများပြည်သူ စားသုံးရန်မသင့်သော မုန့်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစိစစ် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ပုသိမ်မြို့ပေါ်ရှိ ရေခဲချောင်း၊ ရေခဲထုပ်များတွင် ခွင့်မပြုဆိုးဆေးများ ပါဝင်မှုရှိ၊ မရှိ ကွင်းဆင်းစိစစ် နမူနာကောက်ယူ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဆက်စပ်ဌာနများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ စည်ပင်သာယာရေးဦးစီးဌာနတို့မှ အဖွဲ့ဝင်များလိုက်ပါ၍ ဇန်နဝါရီ ၁၈ ရက်က ပုသိမ်မြို့ပေါ်ရှိ ရေခဲချောင်း၊ ရေခဲထုပ်များ ပြုလုပ်ရောင်းချနေသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ ယင်းကဲ့သို့ တွေ့ဆုံရာတွင် ရေခဲချောင်း၊ ရေခဲထုပ် လုပ်ငန်းရှင်များ ကိုယ်တိုင်ထုတ်လုပ်၍ ဈေးကွက်တွင် ရောင်းချလျက်ရှိသော ရေခဲချောင်း၊ ရေခဲထုပ်များတွင် သုံးစွဲသည့် ဆိုးဆေးများအနက် ခွင့်မပြုဆိုးဆေးများ ပါဝင်မှု၊ ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်၍ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်း ရှိ/ မရှိကိုလည်း ရေခဲချောင်း၊ ရေခဲထုပ် နမူနာများ ကောက်ယူ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရပါသည်။

**မင်းမင်းဦး (ပုသိမ်)**

## ကသာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ကျင်းပ

ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၇)ကို ဇန်နဝါရီ ၂၆ ရက်တွင် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ကသာခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၂ ဦးနှင့် ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက ကသာခရိုင်အတွင်း စားသုံးရေးရာ ဟောပြောပွဲများအား ဇန်နဝါရီလအတွင်း ၄၄ ပွဲ ကျင်းပရန် လျာထားပြီး ၄၈ ပွဲ ဟောပြောသဖြင့် လျာထားချက်ထက် ကျော်လွန်ခဲ့ကြောင်းနှင့် ၂/၂၀၁၆ အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အသေးစိတ် ရှင်းလင်းခဲ့ပြီး စည်ပင်သာယာရေးဌာနကလည်း နိုင်ငံတော်မှ တားမြစ်ထားသော အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ စာရင်းကို ကြော်ငြာထားမည်ဖြစ်ကြောင်း၊ ခရိုင်ပညာရေးဌာနအနေဖြင့် စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အစုအဖွဲ့များ ဖွဲ့စည်းပြီး ကျောင်းဈေးများကို နေ့စဉ် စစ်ဆေးလျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်များမှ အသား၊ ငါးများ ထူးခြားသတင်းရှိလျှင် မြို့နယ်စစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးပြီး ထူးခြားသည့်အခြေအနေများကို ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။



ထို့နောက် ကသာခရိုင် စားသုံးသူ ကိုယ်စားလှယ်တစ်ဦးက ကသာခရိုင်အတွင်း ပြည်သူများသည် သောက်ရေသန့်ကို ပိုမိုသောက်သုံးလာသည်ဖြစ်သည့်အတွက် သောက်ရေသန့်စက်များကို ပိုမိုစစ်ဆေးစေလိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များက ကသာခရိုင်အတွင်းရှိ ဆီစက်များအား လုပ်ငန်းလိုင်စင်ရရှိရေး ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အခြားဒေသမှ ဝင်ရောက်လာသော စားသုံးဆီများကို စစ်ဆေးပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြရာ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ မည်သည့်ထုတ်ကုန်မဆို လုပ်ငန်းလိုင်စင်မရှိပါက ထုတ်လုပ်ဖြန့်ဖြူးရောင်းချပိုင်ခွင့် မရှိကြောင်း၊ ထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင် ပြုလုပ်နိုင်ရန် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ကြစေလိုကြောင်းနှင့် နောင်လာမည့်နှစ် ကျောင်းဖွင့်ချိန်မှစ၍ ကျောင်းဈေးသည်များကို ဆေးစစ်ပေးပြီး ရောဂါမရှိသည့် ဆေးလက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် အရောင်ဆိုးဆေးများကို စစ်ဆေးမည့် စက်ကိရိယာ ရောက်ရှိလာပါက ခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားရောက်၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ရှင်းလင်းပြောကြားပြီးနောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ဗန်းမော်မှ ရေလမ်းဖြင့်ဝင်လာသော တရားမဝင် ကုန်ပစ္စည်းများအား စစ်ဆေးနိုင်ရန် ဈေးကွက်စောင့်ကြည့် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပြီး စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သက်တမ်းစေ့ နေနိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင် (ကသာ)**

# ပုလဲမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးသန်းပို၏ ကြီးကြပ်မှုဖြင့် ပုလဲမြို့နယ်တာဝန်ခံ ဒေါ်သူဇာကျော်ဦးဆောင်၍ ဇန်နဝါရီလအတွင်းပုလဲမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ယင်းမာပင်ခရိုင်၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပုလဲမြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂ ရက်တွင် ဇီးရင်း အ. လ. က(ခွဲ)ကျောင်းနှင့် ကြူခြံ အ. မ. ကကျောင်းတို့၌လည်းကောင်း၊ ၁၇ ရက်တွင် အေးကုန်း အ. မ. က ကျောင်းနှင့် ကြိုးကြာဥ အ. မ. က ကျောင်းတို့၌ လည်းကောင်း၊ ၁၈ ရက်တွင် ရွာသာ+လိန်ကုန်း အ. လ. က(ခွဲ) ကျောင်းနှင့် ကုက္ကိုကုန်း အ. မ. က ကျောင်းတို့၌လည်းကောင်း၊ ၂၄ ရက်တွင် ရွာထင် အ. လ. က(ခွဲ) ကျောင်းတို့၌လည်းကောင်း စုစုပေါင်း ခုနစ်ကြိမ် ဟောပြောဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ပုလဲမြို့နယ် တာဝန်ခံ ဒေါ်သူဇာကျော်၊ ဆားလင်းကြီးမြို့နယ်တာဝန်ခံ ဒေါ်မိုးမိုးမြင့်တို့ပါဝင်သောအဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေပုံ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသည့် စားသုံးရန်မသင့် အန္တရာယ်ရှိ အစားအသောက်များအကြောင်း၊ အန္တရာယ်ရှိလူသုံးကုန် ပစ္စည်းများအကြောင်း၊ အသင့်စားရယ်ဒီမိတ် အစားအစာများ၏ ဘေးထွက်ဆိုးကျိုးများအကြောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများနှင့် တာရှည်ခံဆေးများ အလွန်အကျွံအသုံးပြုထားသော အစားအစာများ၏ အန္တရာယ်ရှိပုံအကြောင်းများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါသည်။

တက်ရောက်လာသူ ဆရာ/ဆရာမများနှင့် ကျောင်းသူ/သားများက စိတ်ဝင်စားစွာ မေးမြန်းမှုများကို နားလည်အောင် ပြန်လည်ဖြေကြားပေးခဲ့ပါသည်။ အခမ်းအနားများသို့ စုစုပေါင်းတက်ရောက်သူဦးရေမှာ ၆၆၃ ဦးဖြစ်ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးလက်ကမ်းစာစောင် ၃၆ စောင်နှင့် စားသုံးရန်မသင့် အစားအသောက်များစာရင်း ၃၆ စုံကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။ **သူဇာကျော်(ပုလဲ)**

### ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးတွင် မြို့ပေါ်ရှိ ဆရာမများအား ပထမအကြိမ် စားသုံးသူအသိပညာပေးသင်တန်းဖွင့်လှစ်

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီး ဌာန အစည်းအဝေးခန်းမ (၁)တွင် ပုသိမ်မြို့ပေါ်ရှိ ဆရာမ ၃၀ ဦးအား ပထမအကြိမ် စားသုံးသူ အသိပညာ ပေး ဟောပြောပွဲကို ဇန်နဝါရီလ ၁ရက်က ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် FDA မှ တားမြစ်ထားသော စားသောက်ကုန်များ၊ စားသုံးရန် မသင့်သော အစားအစာများ၊ ဆိုးဆေးပါဝင် သော မုန့်များ၊ အချိုရည်များကို ကျောင်း မုန့်ဈေးတန်းများ၌ တွေ့ရှိရသဖြင့် ယခု ကဲ့သို့ ဆရာမများအား သင်တန်းပေး ရခြင်းဖြစ်ကြောင်း၊ ကျောင်းများတွင် ရောင်းချသော မုန့်အချို့မှာ သက်တမ်းလွန်မုန့်များနှင့် မှိုတက်နေသော မုန့်များဖြစ်နေသည်ကို တွေ့ရှိရပြီး စားသုံးသူ ကျောင်းသား ကျောင်းသူများတွင် ဘေးဥပဒ်အန္တရာယ် ရှိနိုင်၍ ဆရာမများမှ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ၊ ဗဟုသုတစာများရရှိကာ မိမိတို့စာသင်ကျောင်းများတွင် ပြန်လည်၍ ဆင့်ပွားအသိပညာများ ပြန်လည်ပေးနိုင်ရန် ရည်ရွယ်၍ ယခုလို ဆရာမများအား သင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားပါသည်။ **မင်းမင်းဦး (ပုသိမ်)**

# တနင်္သာရီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇)ကို ဇန်နဝါရီ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုး ဝင်းထွန်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကော်မတီနှင့် ကော်မတီနှစ်ရပ်တို့၏ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ဒုတိယအကြိမ် အစည်းအဝေးကို တိုင်ကြားမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုကဲ့သို့ တစ်လတစ်ကြိမ် အစည်းအဝေးများ ပြုလုပ်ခြင်းသည် ကောင်းမွန်ပါကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လက်အောက်တွင်ရှိသည့် လုပ်ငန်းကော်မတီနှစ်ရပ်တို့သည် စားသုံးသူရေးရာ ဦးစီးဌာနကို ကူညီပံ့ပိုးလမ်းညွှန်ပေးသည့် ကော်မတီများ ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်၍ ပြည်သူများနှင့် ထိတွေ့မှုများဆောင်ရွက်ပြီး စွမ်းဆောင်ရည် မြင့်မြင့်မားမား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်ပြီး အကြံပြုချက်များလည်း ပါဝင်ဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးဆိုင် ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများ၊ လျာထားချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးနိုင်ရေး ပြောကြားခဲ့ပါသည်။ **ရွှေဝယ်သား**

# ကျိုက်ထိုမြို့နယ်၊ အထက (၁)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဆောင်သောအဖွဲ့သည် သထုံခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းပြီး ကျိုက်ထိုမြို့နယ်၊ အထက (၁) ကျောင်း၌ ဇန်နဝါရီ ၂၀ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကား ပြောကြား၍ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပါသည်။ ဆက်လက်၍ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သော သိကောင်းစရာများအားလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်သော သိကောင်းစရာများအား လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၇၃၀ ဦးတက်ရောက်ခဲ့ပြီးကျောင်းအုပ်ဆရာကြီးက ဆွေးနွေးချက်များသည် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား အသိပညာဗဟုသုတများတိုးပွားစေသည့်အတွက်မိမိတို့ကျောင်းတွင် ယခုကဲ့သို့ ဆွေးနွေးဟောပြောပွဲများ မကြာခဏပြုလုပ်ပေးရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# ပဲခူးမြို့နယ်အတွင်းရှိ ဝင်္ဂဘော်ကျေးရွာနှင့် သရက်ကုန်းကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ဝင်္ဂဘော်ကျေးရွာနှင့် သရက်ကုန်းကျေးရွာများ၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးစီးအရာရှိ ဦးအောင်သိုက်၊ ပဲခူးမြို့နယ်တာဝန်ခံ ဦးစီးမှူး ဦးမင်းဆွေနှင့်ဝန်ထမ်းများသည် ဇန်နဝါရီ ၂၄ရက်တွင် ပဲခူးမြို့နယ်၊ ဝင်္ဂဘော်ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/ ကျေးရွာသား ၄၀ ဦးအား ကျေးရွာ ခရစ်ယာန်ကျောင်းခန်းမ၌လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ပဲခူးမြို့နယ်၊ သရက်ကုန်းကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ကျေးရွာသူ/ကျေးရွာသား ၇၀ ဦးတို့အား ကျေးရွာခရစ်ယာန်ကျောင်းခန်းမ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံဦးစီးအရာရှိ ဦးအောင်သိုက် က စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များအကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူအဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များအကြောင်းနှင့် စားသုံးရန်/သုံးစွဲရန် မသင့်သော အစားအသောက်များ/အသုံးအဆောင်များအကြောင်း၊ မှိုဆိပ်သင့်ခြင်း အန္တရာယ်နှင့် တားမြစ်ထားသော ဓာတုဆိုးဆေးအန္တရာယ်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပဲခူးမြို့နယ်တာဝန်ခံဦးစီးမှူး ဦးမင်းဆွေက ထုတ်ကုန်များ လုံခြုံစိတ်ချစွာ ဝယ်ယူအသုံးပြုနိုင်ရန်နှင့် ဝန်ဆောင်မှုများ



အား ဘေးအန္တရာယ်ကင်းရှင်းစွာ ရယူအသုံးပြုနိုင်ရန် စားသုံးသူများဘက်မှ လိုက်နာရမည့်တာဝန်နှင့် အခွင့်အရေးများအကြောင်းကိုလည်းကောင်း၊ ကျေးလက်ဒေသများဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အသုံးပြုရာ၌ အညွှန်းအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်၊ နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာပါက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်းနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဥပဒေနှင့်အညီ ဖြေရှင်းပေးမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူ ကျေးရွာသူ၊ ကျေးရွာသားများမှ သိရှိလို၍ မေးမြန်းသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မေဇူလိုင်(ပဲခူး)**




## အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဂျပန်အထူးစိတ်ဝင်စား

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့်အခြေခံအဆောက် အအုံ၊ စွမ်းအင်၊ စိုက်ပျိုးရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် အတွက် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက အထူးစိတ်ဝင်စားကြကြောင်း ဂျပန်ကုန်သည်စက်မှုအသင်း (JCCI) ဥက္ကဋ္ဌ Dr. Akio Mimura က ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သည့် UMFCCI-JCCI Economic Dialogue အခမ်းအနားတွင် ပြောကြားခဲ့သည်။ မြန်မာ့တန်ဖိုးမြင့် လယ်ယာထွက်ကုန်များအား ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးခြင်းတွင်သာမက ကြိတ်ခွဲထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များတွင်ပါ ဂျပန်လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားရန် ဆွေးနွေးခဲ့ကြသည်။

စားသောက်ကုန်အရည်အသွေးစံနှုန်းမြင့်သော ဂျပန်နိုင်ငံသို့တင်ပို့နိုင်လျှင် အခြားမည့်သည့်နိုင်ငံကိုမဆို တင်ပို့နိုင်ပြီဖြစ်ကြောင်း အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားခဲ့သည်။

စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် အရေးတကြီးလိုအပ်သော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အလျင်အမြန်လိုအပ်နေပြီး လျှပ်စစ်စျေးနှုန်းနှင့် အခြားမူဝါဒပိုင်းဆိုင်ရာ အခြေအနေများကြောင့် လာရောက်ရင်းနှီး မြှုပ်နှံမှုများ နည်းနေသေးခြင်းဖြစ်ကြောင်း Dr. Akio Mimura နှင့် အသင်းချုပ်အလုပ်အမှုဆောင် ဒေါက်တာအောင်သူရတို့က အဆိုပါဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြန်မာ့အသက်မွေးဝမ်းကျောင်း သင်တန်းများမှ နိုင်ငံတကာကျွမ်းကျင်မှုအဆင့်မီသည့် ကျောင်းသားများ ပူးပေါင်းဆောင်ရွက်ရန် ဒေါ်ခိုင်ခိုင်နွယ်က ဆွေးနွေးခဲ့ပြီး ANA Holdings Inc. မှ Senior Vice President Mr. Koji Shibata က မြန်မာကျောင်းသားများအား ဂျပန် နာဂိုရာလေဆိပ်တွင် Ground Handling သင်တန်းများပို့ချနေခြင်းနှင့်ပတ်သက်၍တင်ပြခဲ့သည်။ ဂျပန်စီးပွားရေးလုပ်ငန်းရှင် ၇၀ ခန့် ပါဝင်သော JCCI ၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်းကုန်သည်စက်မှုအသင်းချုပ်၌ မြန်မာ့လုပ်ငန်းရှင်များနှင့်တွေ့ ဆုံရာတွင် Sojitz Corporation, Daiwa Institute of Research နှင့် ANA Holdings Inc. တို့မှ ကိုယ်စားပြုကာ မြန်မာ့စိုက်ပျိုးရေးနှင့် စားသောက်ကုန်လုပ်ငန်း၊ Soft Infrastructure ဖြစ်သည့်စတော့စျေးကွက်နှင့် ဘဏ္ဍာရေးကဏ္ဍကို အဆင့်မြှင့်တင်ခြင်းနှင့် လုပ်သားကျွမ်းကျင်မှုသင်တန်းများပို့ချရေးတို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။ **မယ်သီတာ**

## ၂၀၁၆-၁၇ဘဏ္ဍာနှစ် ဇန်နဝါရီလ အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ကျော်ရရှိ၊ လျာထားချက်ထက်သာလွန်မည်ဟုဆို

၂၀၁၆-၁၇ဘဏ္ဍာနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင်ကျော် စီးဝင်ခဲ့သဖြင့် လျာထားချက်ထက် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၇)ကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့ရာတွင် အဆိုပါအစည်းအဝေးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၁၆ ဒသမ ០၈၀ သန်းနှင့် ပြည်တွင်းအလုပ်အကိုင်ပေါင်း ၅၃၀၀ ကို ဖန်တီးပေးနိုင်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းခြောက်ခုတွင် စက်မှုလုပ်ငန်း ငါးခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၉ဒသမ ၇၂၈ သန်း အပါအဝင် ကျပ် ၁၄၂၉၈၅ ဒသမ ၃၈၄ သန်းစီးဝင်ခဲ့ပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် ၂၃၃ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါခွင့်ပြုပေးခဲ့သည့် လုပ်ငန်းတစ်ခုမှာ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်းဖြစ်ကြောင်း သိရသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၆ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၄၄၉ ဒသမ ၁၃၈ သန်း စီးဝင်ခဲ့ပြီး ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၅၇၈၈ ဒသမ ၅၇၅ သန်းရှိခဲ့ကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၅၂၈ သန်းကိုခွင့်ပြုခဲ့ကြောင်း၊ ထို့ကြောင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၆၀၀၆ ဒသမ ၁၀၃ သန်း စီးဝင်ခဲ့ကြောင်း၊ ယင်းပမာဏသည် ဘဏ္ဍာနှစ် အစက ခန့်မှန်းထားသည့် အမေရိကန် ဒေါ်လာခြောက်ဘီလီယံကို ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

“ဒီဘဏ္ဍာရေးနှစ်ထဲမှာ ခွင့်ပြုပေးလိုက်တဲ့လုပ်ငန်းတွေရော၊ နောက်ထပ်မံပြီးတော့ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့တဲ့လုပ်ငန်းတွေရော၊ သီလဝါအထူးစီးပွားရေးဇုန်က ခွင့်ပြုလိုက်တဲ့ လုပ်ငန်းတွေရော အားလုံးပေါင်းလိုက်ရင် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ခွင့်ပြုထားတဲ့ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၀၆ ဘီလီယံဖြစ်ပါတယ်။ ဒါကြောင့် မူလလျာထားချက်ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကို ပြည့်မီသွားပြီဖြစ်ပါတယ်။ ရှေ့ကို ဆက်လက်ခွင့်ပြုသွားမယ့်ပမာဏတွေ ရှိနေသေးတဲ့အတွက် လျာထားချက်ထက် ပိုလာမှာဖြစ်ပါတယ်။ တာထွက် နှေးခဲ့ပေမယ့် အခုအချိန်မှာတော့ လျာထားချက်ကို ပြည့်မီသွားခဲ့ပြီဖြစ်ပါတယ်”ဟု ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။ **မယ်သီတာ**

## Vietjet က ဟနွိုင်း–စင်ကာပူ တိုက်ရိုက်လေကြောင်းခရီးစဉ်သစ် စတင်ပြေးဆွဲမည်




အာရှတိုက်၏ လူကြိုက်အများဆုံး လေကြောင်းလိုင်း တစ်လိုင်းဖြစ်သည့် Vietjet အနေဖြင့် ဟနွိုင်းမှ စင်ကာပူသို့ ဆက်သွယ်ပျံသန်းမည့် နိုင်ငံတကာ လေကြောင်းခရီးစဉ် အသစ်တစ်ခုကို မိတ်ဆက်ခဲ့ပြီး စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် လေယာဉ်လက်မှတ်စျေးနှုန်းများမှာ မြန်မာငွေ ကျပ် ၂၇၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၂၀) မှ စတင်ရောင်းချပေးလျက်ရှိကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

အဆိုပါ ခရီးစဉ်အသစ်ကို လာမည့် ၂၀၁၇ ခုနှစ် ဧပြီ ၂၇ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး လူသိများထင်ရှားသည့် မြို့ကြီးနှစ်မြို့ကြား တစ်ဦးချင်း ခရီးသွားများ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

ဟနွိုင်း-စင်ကာပူ ခရီးစဉ်အား နေ့စဉ်ပြေးဆွဲမည်ဖြစ်ပြီး အသွားအပြန်ကြာချိန် ၂ နာရီ ၅၅ မိနစ်ခန့်သာ ရှိမည်ဖြစ်သည်။ ဟနွိုင်းမှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ထွက်ခွာကာ စင်ကာပူသို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဆင်းသက်မည်ဖြစ်ပြီး အပြန်ခရီးအဖြစ် စင်ကာပူမှ ဒေသစံတော်ချိန် နေ့လည် ၂ နာရီ ၅၅ မိနစ်တွင် ထွက်ခွာကာ ဟနွိုင်းမြို့သို့ ၄ နာရီ ၅၀ မိနစ်အချိန်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

Vietjet လေကြောင်းလိုင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဟိုချီမင်းမြို့နှင့် ဟနွိုင်းမြို့တို့ကို ချိတ်ဆက်ပြီးနောက် ဒုတိယမြောက်အဖြစ် စင်ကာပူနိုင်ငံနှင့် ချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Vietjetအနေဖြင့် ဒါလက်နှင့် ဒါနန်းမြို့တို့ကိုလည်း မကြာခင် စင်ကာပူနှင့် ချိတ်ဆက်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

**မယ်သီတာ**

## ဖုန်းငွေဖြည့်ရုံဖြင့် အခမဲ့စနစ်များစွာကိုရရှိနိုင်ရန် အူရီဒူးမြန်မာက ဝန်ဆောင်မှုပေး

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံရှိ အူရီဒူးကွန်ရက်ကို အသုံးပြုသည့်ဖုန်းသုံးစွဲသူများအား ထူးခြားကောင်းမွန်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည့် ဖုန်းငွေဖြည့်ရုံဖြင့်အခမဲ့စနစ်များစွာကိုရရှိနိုင်ရန် ဝန်ဆောင်မှုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုတွင် ဖုန်းငွေဖြည့်ခြင်း တစ်ခါပြုလုပ်ရုံဖြင့် အခြားများပြားသောဝန်ဆောင်မှုများကို အခမဲ့အသုံးပြုခွင့်ရမည့် အခမဲ့ Facebook, Viber, Beetalk နှင့် အူရီဒူးအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့်တို့ကို ရရှိနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ဖုန်းငွေမဖြည့်သွင်းခင် *4444# ကိုခေါ်ဆို၍ စာရင်းသွင်းရမည်ဖြစ်ပြီး ဖုန်းငွေဖြည့်ပြီးနောက်တွင် အခမဲ့ Facebook, Viber, Beetalk နှင့် အူရီဒူးအချင်းချင်း အခမဲ့ဖုန်းခေါ်ဆိုခွင့်တို့ကို ရရှိနိုင်မည်ဖြစ်သည်။ သုံးစွဲသူများ ဖုန်းငွေဖြည့်သွင်းသည့်ပေါ်တွင်မူတည်ပြီး အခမဲ့သုံးစွဲခွင့်သက်တမ်းများ ပိုမိုရရှိသွားမည်ဖြစ်သည်။

ယခုအစီအစဉ်မှာ သုံးစွဲသူများ ဖုန်းငွေဖြည့်သွင်းလိုက်ရုံဖြင့်ပင် အခမဲ့အသုံးပြုခွင့်များစွာရရှိနိုင်မည့် မြန်မာနိုင်ငံအတွင်း ပထမဦးဆုံးသောကမ်းလှမ်းသည့် အစီအစဉ်ဖြစ်ပါသည်။ အထူးသဖြင့် ယခုကမ်းလှမ်းချက်တွင် ပါဝင်သည့် အထူးသာလွန်ကောင်းမွန်သည့် အချက်နှစ်ချက်မှာ အခမဲ့ Facebook အသုံးပြုခွင့်ကို တစ်ရက်စီအတွက် 500 MB အထိ ပေးအပ်ထားခြင်းနှင့် Viber Calling ကို အသုံးပြုကာ သုံးစွဲသူများအနေဖြင့် မြန်မာနိုင်ငံတွင်းသာမက ကမ္ဘာတစ်ဝန်းလုံးနှင့်ပါ အခမဲ့ဆက်သွယ်နိုင်မည့် ပထမဦးဆုံးအစီအစဉ်တို့ပင်ဖြစ်သည်။ **မယ်သီတာ**

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ်အစီရင်ခံစာကို အဂရီဝပ်ချ်က ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာတွင် ဆောင်းရာသီပဲမျိုးစုံစိုက်ပျိုးမှု အခြေအနေနှင့် အဓိကပဲများဖြစ်သော ကုလားပဲ၊ ပဲနီလေးနှင့် မတ်ပဲစိုက်ပျိုးမှုအခြေအနေတို့ကို လည်းကောင်း၊ ပဲမျိုးစုံတင်သွင်းမှုအခြေအနေနှင့် ဈေးကွက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းအခြေအနေတို့ကို လည်းကောင်း ဖော်ပြထားသည်။

**ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှု**

ဆောင်းရာသီ စိုက်ပျိုးမှုအခြေအနေကို ကြည့်ပါက ၂၀၁၇ ခုနှစ်ဇန်နဝါရီ ၂၀ ရက်အထိ စိုက်ပျိုးပြီးစီးမှုမှာ ဟက်တာ ၁၅၇ ဒသမ ၆၉ သိန်းအထိရှိခဲ့ရာ ယခင်နှစ်ကာလတူက စိုက်ပျိုးမှုဖြစ်သော ဟက်တာ ၁၄၂ ဒသမ ၀၂ သိန်းနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၀၄ ရာခိုင်နှုန်း၊ ပုံမှန်စိုက်ပျိုးမှုဧရိယာဖြစ်သော ဟက်တာ ၁၄၀ ဒသမ ၆၇ သိန်းနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၁၀ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့သည်။

ဆောင်းရာသီတွင် အဓိကစိုက်ပျိုးသည့်ကုလားပဲမှာ ဟက်တာ ၉၈ ဒသမ ၃၉ သိန်း စိုက်ပျိုးပြီးစီးသည့်အတွက် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄၅ ရာခိုင်နှုန်းကျော်လွန်ခဲ့သည်။ ရာသီဥတု အခြေအနေမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိသလို စိုက်ပျိုးရေးလုပ်ငန်းများမှာလည်း ပြီးဆုံးလုနီးပါးဖြစ်သည်။ ကုလားပဲသစ်များမှာ အမ္ဗရာဝတီဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိသည်။ စိုက်ဧရိယာတိုးတက်နေသည်ဟုဆိုသော်လည်း အန္ဒရာပရာဒေ့ရှ်နှင့် ကာနာတာကာတို့၏ စိုက်ပျိုးပြီးစီးမှုအခြေအနေမှာ ကျဆင်းလျက်ရှိသည်။

ဆောင်းရာသီပဲမျိုးစုံအနက် ပဲနီလေးစိုက်ပျိုးမှုမှာ ဇန်နဝါရီ ၂၀ ရက်အထိ ရရှိထားသောစာရင်းများအရ ဟက်တာ ၁၆ ဒသမ ၆၀ သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူကစိုက်ပျိုးခဲ့သော အခြေအနေနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၄၃ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့သည်။ ပဲတီစိမ်းစိုက်ပျိုးမှုမှာ ယခင်နှစ်ဆောင်းရာသီစိုက်ပျိုးမှုနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၀၅ ရာခိုင်နှုန်းပိုမိုခဲ့သည်။

မတ်ပဲစိုက်ပျိုးမှုအခြေအနေမှာ စတင်စိုက်ပျိုးစဉ်က စိုက်ဧရိယာကျဆင်းမှုရှိခဲ့သော်လည်း ယခုအခါစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကထက် ၆ ဒသမ ၈၆ ရာခိုင်နှုန်း ပိုမိုတိုးတက်ပြီး ဟက်တာ ၈ ဒသမ ၂၆ သိန်း စိုက်ပျိုးနိုင်ခဲ့သည်။ ပုံမှန်စိုက်ပျိုးမှု ဧရိယာ ဟက်တာ ၇ ဒသမ ၆၈ သိန်း၊ ယခင်နှစ် စိုက်ပျိုးမှု ဧရိယာဟက် တာ ၇ ဒသမ ၇၃ သိန်းတို့ထက် ပိုမိုစိုက်ပျိုးနိုင် ခဲ့သည်။ ပဲများပိုမိုထွက်ရှိနိုင်သဖြင့် ဈေးနှုန်းမြင့်တက်မည့်အလားအလာကိုမူ မတွေ့ရသေးပါ။

**ပဲမျိုးစုံဈေးကွက်ဝင်ရောက်မှု**

အိန္ဒိယတောင်ပိုင်းမှ ပဲတင်သွင်းသူတို့က ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အတွင်း ပဲမျိုးစုံကုန်သေတ္တာ ၄၂၃ လုံးကို တင်သွင်းခဲ့သည်။ ချန်နိုင်းနှင့် ကရစ်ရှနာပက်တနမ်ဆိပ်ကမ်းတို့သို့ ရောက်ရှိလာသော ထိုပဲမျိုးစုံ ကုန်သေတ္တာများအနက် ကုလားပဲကုန်သေတ္တာ အရေအတွက်က ၁၁၇ လုံးရှိသည်။ သို့သော် အများဆုံးတင်သွင်းသောပဲအမျိုးအစားမှာ မတ်ပဲဖြစ်ပြီး ကုန်သေတ္တာ ၁၄၄ လုံးရှိသည်။ ပဲနီလေးကုန် သေတ္တာက ၈၉ လုံးရှိသည်။ သို့သော်လည်း ပဲစင်းငုံ ကုန်သေတ္တာတင်သွင်းမှုမှာ ယခင်ရက်သတ္တပတ်က ၂၈ လုံးရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၂၂ လုံး ထိကျဆင်းသည်။

ဆောင်းရာသီစိုက်ပျိုးသည့် ပဲမျိုးစုံအထွက်မှာ ယခုနှစ်တွင် ပိုမိုတိုးတက်လာလိမ့်မည်ဟု ခန့်မှန်းချက်၊ သွင်းကုန်စီးဝင်မှုနှင့် လက်လီဈေးကွက်နှင့် ပဲခွဲသမားများထံမှ ဝယ်လိုအားကျဆင်းမှုတို့ကြောင့် ဈေးနှုန်းတက်မည့် အခြေအနေကို အဟန့်အတားဖြစ်စေခဲ့သည်။ အမ္ဗရာဝတီဈေးကွက်သို့ ကုလားပဲသစ်များ စတင်ဝင်ရောက်လျက်ရှိသည်။ လာမည့် ၁၅ ရက်အတွင်း မဟာရဿျတ္တရနှင့် မဒ္ဒရာပရာဒေ့ရှ်မှ ကုလားပဲများ စတင်ဝင်ရောက်ဦးမည်ဟု ခန့်မှန်းထားသည်။ ပဲသစ်များဝင်ရောက်လာသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် ကုလားပဲဈေးအပေါ် ဖိအားပေးမှုများ ရှိလာနိုင်သည်။

**ပဲမျိုးစုံဈေးနှုန်း**

ပဲစင်းငုံနီဈေးမှာ ဇန်နဝါရီ ၂၂ ရက်က တစ်ကွင်တယ်ကို ရူပီး ၄၆၀၀ နှုန်းရှိခဲ့ရာ နေ့အလိုက် နှိုင်းယှဉ်ပါက အပြောင်းအလဲမရှိသလောက်ဖြစ်သည်။ မတ်ပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၇၅၀ နှုန်းဖြင့် ဈေးငြိမ်နေသည်။ သို့သော်လည်း မတ်ပဲ FAQ ဈေးမှာ မူ ၁ ဒသမ ၅၀ ရူပီးနှုန်း ကျဆင်းပြီး တစ်ကွင်တယ်ကို ရူပီး ၅၈၅၀ နှုန်းရှိခဲ့သည်။ ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၆၀၀ နှုန်းရှိသည်။ ဩစတြေးလျတင်သွင်းလာသော ကုလားပဲဈေးမှာ မွမ်ဘိုင်းနှင့် မန္ဒရာဆိပ်ကမ်းတို့တွင် တစ်ကွင်တယ်ကို ရူပီး ၆၄၀၀ နှုန်းရှိခဲ့သည်။ အားလုံးခြုံကြည့်မည်ဆိုပါက ကုလားပဲနှင့် ပဲစင်းငုံဈေးမှာ ဈေးအေးနေသည်။ ဒီဇင်ဘာက တင်သွင်းသော ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၆၁၀၀ ရှိပြီး ဇန်နဝါရီတွင် တင်သွင်းသော ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၆၀၀ နှုန်းရှိခဲ့သည်။

ကနေဒါမှ တင်သွင်းသော ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၄၇၁ ရူပီးနှုန်းရှိပြီး ရုရှားမှတင်သွင်းသော ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၄၂၁ ရူပီး နှုန်းရှိခဲ့သည်။ ကုလားပဲဈေးနှုန်းကျဆင်းနေချိန်လည်းဖြစ်ပြီး ပြည်တွင်းပဲစိမ်းလုံးများမှာလည်း ဖေဖော်ဝါရီလလယ်မှစ၍ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်သဖြင့် ပဲစိမ်းလုံးဈေးကွက်မှာလည်း ထပ်မံကျဆင်းဖွယ်ရှိသည်။ လောလောဆယ်တွင် ပဲစိမ်းလုံးဈေးကွက်မှာ မြင့်တက်စရာ အလားအလာမရှိသေးပါ။

ပဲမျိုးစုံအားလုံး၏ ဈေးနှုန်းအခြေအနေကို ကြည့်မည်ဆိုပါက ဈေးအေးနေဦးမည်ဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသောပဲများမှာလည်း ဆက်လက်စီး ဝင်နေဦးမည်ဖြစ်သည်။ ကုလားပဲငွေလက်ငင်းဈေး ကွက်မှာ ယခုဘဏ္ဍာနှစ်အကုန်လောက်တွင် တည်ငြိမ်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။

**အပြည်ပြည်ဆိုင်ရာပဲဈေးကွက်**

၂၀၁၆ ခုနှစ် နိုဝင်ဘာက အမေရိကန်ပြည်ထောင်စုမှ အိန္ဒိယနိုင်ငံသို့ ပဲနီလေးတင်ပို့မှုမှာ အောက်တိုဘာနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့သည်။ သို့သော်လည်း တရုတ်၊ ပါကစ္စတန်နှင့် မက္ကဆီကိုသို့ တင်ပို့မှုမှာမူ မြင့်တက်ခဲ့သည်။ နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုမှ ပဲစိမ်းလုံးတင်ပို့မှုမှာ နိုဝင်ဘာလ ပဲဝါလေး တင်ပို့မှုထက်ပိုမိုခဲ့သည်။

ပဲနီလေးဈေးကွက်ကိုကြည့်ပါက အမေရိကန် ပြည်ထောင်စု၏ ၂၀၁၆ ခုနှစ်တင်ပို့မှုက ၂၀၁၅ ခုနှစ်ကထက် နှစ်ဆခန့် မြင့်တက်သည့်အတွက် ၂၀၁၆ ခုနှစ်ပျမ်းမျှ တင်ပို့မှုမှာလည်း မြင့်တက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ပဲနီလေးတင်ပို့မှုမှာ ယခင်နှစ်က စံချိန်တင်ခဲ့သည့် ပမာဏကို ကျော်လွန်ခဲ့ပြီး ပြည်တွင်း သုံးစွဲမှုမှာလည်း မြင့်တက်ခဲ့သည့်အတွက် ပဲနီလေးသိုလှောင်လက်ကျန်မှာ အမေရိကန်ပြည်ထောင်စုရောင်းလိုအား၏ ၃၈ ရာခိုင်နှုန်းသာရှိခဲ့သည်။ လွန်ခဲ့သော ခြောက်လအတွင်း အမေရိကန်ပြည်ထောင်စုက ပြည်ပသို့ တင်ပို့ခဲ့သော ပဲနီလေးပမာဏမှာ ၁ ဒသမ ၈၂ တန်ရှိခဲ့သည်။ ကနေဒါနိုင်ငံ ပဲနီလေးတင်ပို့မှုမှာ အမေရိကန် ပဲနီလေး တင်ပို့မှုထက် သာလွန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ ပဲတင်ပို့မှုမှာ ဆက်လက်မြင့်တက်ခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာ မှ နိုဝင်ဘာအထိတင်ပို့မှုမှာ ထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်ကာလတူ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက နှစ်ဆမြင့်တက်ခဲ့သည်။ နိုဝင်ဘာလကုလားပဲတင်ပို့မှု အများဆုံးဈေးကွက်မှာ ပါကစ္စတန်ဈေးကွက်ဖြစ်သည်။ ၂၀၁၆ ခုနှစ်ဇွန်မှ နိုဝင်ဘာအထိ ခြောက်လအတွင်း တင်ပို့မှုမှာ တန်ချိန် ၈၁၀၀၀ အထိ စံချိန်တင်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်တွင် အိန္ဒိယဝယ်လိုအားကျဆင်းမှုနှင့်အတူ အခြားဈေး ကွက်များကလည်း လိုက်ပါကျဆင်းခဲ့သည်။

# အင်ဒိုနီးရှား လယ်သမားများ စပါးငါးစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို မြှင့်တင်



ယော့ဂျကာတာ၏ ခရိုင်တစ်ခုဖြစ်သော ဆလယ်မန်းမှ လယ်သမားများက "စပါးငါးလယ်ယာစိုက်ပျိုးရေး" (Rice fish farming) ကိုအသုံးပြုပြီး ဝင်ငွေတိုးတက်အောင် ကြံဆောင်လုပ်ကိုင်လျက်ရှိကြောင်း၊ ဤစနစ်ကိုအသုံးပြုခြင်းဖြင့် ပိုးသတ်ဆေးကို အသုံးပြုစရာမလိုဘဲ ဂေဟစနစ်ကို တိုးတက်ကောင်းမွန်သော နည်းစနစ်ကို အသုံးပြုရာရောက်ကြောင်း ဂျကာတာဂလုပ်သတင်းတွင် ဖော်ပြသည်။

စပါးကို စိုက်ပျိုးချိန်မှာပင် ငါးကိုတစ်ချိန်တည်း မွေးမြူသော စပါးငါးစိုက်ပျိုးရေးစနစ်မှာ ကုလသမဂ္ဂ စားနပ်ရိပ်က္ခာအဖွဲ့က စတင်ဆောင်ရွက်သော နည်းလမ်းတစ်ခုဖြစ်ပြီး ရေကြောင်းသွားလာရေးနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အစီအစဉ်ဖြစ်သည်။ ဤစနစ်ကို ၂၀၁၅ ခုနှစ်မှစတင်ကာ ဆလယ်မန်းတွင် အကောင်အထည်ဖော်ခဲ့ပြီး အနောက်ဆုမတြားပြည်နယ်ရှိ ခရိုင်တစ်ခုဖြစ်သော လီမာပူလူကိုတာတွင်လည်း စိုက်ပျိုးလျက်ရှိသည်။

စပါးငါးစိုက်ပျိုးရေးလုပ်ငန်းသည် ပိုးသတ်ဆေး အလွန်အကျွံအသုံးပြုသော စိုက်ပျိုးရေးနည်းပညာကို တော်လှန်ပြောင်းလဲသော စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်သည်။ စပါးငါးစိုက်ပျိုးရေးစနစ်က စပါးထုတ်လုပ်မှုကို မြှင့်တင်ပေးသည်။ ထို့ကြောင့် လယ်သမားများ၏ဝင်ငွေကိုလည်း မြင့်တက်စေပြီး သူတို့စိုက်ပျိုးသော စပါး၏ အာဟာရပါဝင်မှုတန်ဖိုးမှာလည်း မြင့်မားသည်။

စားနပ်ရိက္ခာအဖွဲ့၏ အစီရင်ခံစာအရ ယခုအစီအစဉ်ဖြင့် စိုက်ပျိုးသော စပါးမှာ အရည်အသွေးမြင့်မားပြီး တစ်ဟက်တာကို ပျမ်းမျှ ၆ ဒသမ ၅ တန်မှ ၉ ဒသမ ၃ တန် နှုန်းထွက်ရှိသည်။ စပါးငါးစိုက်ပျိုးရေးနည်းလမ်းမှာ သမားရိုးကျ စိုက်ပျိုးရေးနည်းစနစ်တစ်ခုဖြစ်ပြီး ဒေသအခေါ်အဝေါ်အရ မီနာပါဒီ (Minapadi) ဟုခေါ်သည်။

"ရိုးရာ မီနာပါဒီကို တီထွင်ဆန်းသစ်တဲ့ နည်းလမ်းများဖြင့် ပေါင်းစပ်ပြီး ဆလယ်မန်းဒေသမှာ ပြန်လည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာက ကျေးဇူးတင်စရာကောင်းပါတယ်"ဟု အင်ဒိုနီးရှားရှိ စားနပ်ရိက္ခာအဖွဲ့ ကိုယ်စားလှယ်မတ်စ်စမူလ်ဒါက ဇန်နဝါရီ ၂၁ ရက်က ဂျကာတာဂလုပ်သတင်းဌာနကို ပြောသည်။

အစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေများကို လေ့လာရန်အတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များက ဆလယ်မန်းဒေသသို့ လာရောက်လေ့လာလျက်ရှိရာ စပါးငါးစိုက်ပျိုးရေးနည်းစနစ်များကို အာရှပစိဖိတ်ဒေသနှင့် အခြားဒေသများသို့ မျှဝေပေးနိုင်ခဲ့သည်။ အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အက်ဖ်အေအိုမှ အမေရိကန်ဒေါ်လာ သန်းတစ်ဝက်ခန့်ကို ထောက်ပံ့ပေးလျက်ရှိရာ အစီအစဉ်တွင်ပါဝင်သော လယ်သမားမိသားစု ၅၀၀ ခန့်ကို အထောက်အကူပေးနိုင်ခဲ့သည်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင်ဒစ်ဂျစ်တယ်ကဏ္ဍတွင် မူဝါဒဆိုင်ရာ မူဘောင်ချမှတ်ရန်လိုအပ်

ဖိလစ်ပိုင်နိုင်ငံတွင် လာမည့်ဆယ်စုနှစ်အတွင်း ထူထောင်ကြမည့် ထူထောင်စ ဒစ်ဂျစ်တယ်လုပ်ငန်းများအား ရန်ပုံငွေထုတ်ပေးမည်ဆိုပါက အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါး လိုအပ်မည်ဖြစ်ကြောင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဖိလစ်ပိုင်နည်းပညာ စွန့်ဦးတီထွင်သူများအတွက် လုပ်ငန်းထူထောင်ရေး အရင်းအနှီးများ ရောက်ရှိရေးအတွက် မူဝါဒဆိုင်ရာ မူဘောင်တစ်ရပ်ချမှတ်ပြဋ္ဌာန်းပေးရန် ကာမာရင်းဆားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လူးဝစ်ရေမွန် ဗီလာဖူးက ဇန်နဝါရီ ၂၂ ရက်က ဖိလစ်ပိုင်လွှတ်တော်တွင်တိုက်တွန်းကြောင်း ဖိလစ်ပင်းစတားသတင်းတွင် ဖော်ပြသည်။

"ပြည်တွင်း၊ ပြည်ပမှ ငွေကြေးများဖြစ်သည့် နိုင်ငံခြားငွေနဲ့ ဖိလစ်ပိုင်ပီဆို ဘီလီယံချီပြီး ရနိုင်ဖို့အတွက် လိုအပ်နေတဲ့ ကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ကျွန်တော်တို့ ဆောင်ရွက်မပေးဘူးဆိုရင် တည်ထောင်စလုပ်ငန်းတွေအတွက် အခွင့်ကောင်းတွေကို ဖော်ဆောင်ပေးမယ့် ဒစ်ဂျစ်တယ်စီးပွားရေးကို ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး"ဟု သူကပြောသည်။

"ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေဆီက ရင်းနှီးမြှုပ်နှံမှုတွေကို ကျွန်တော်တို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ ခိုင်မာတဲ့ စည်းမျဉ်းဥပဒေတွေ၊ သူတို့တွေ ဖိလစ်ပိုင်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်လာအောင် ဆွဲဆောင်မှုတွေ မရှိဘူးဆိုရင် ရင်းနှီးမြှုပ်နှံသူတွေက ကျွန်တော်တို့ရဲ့ လုပ်ငန်းသစ်တွေမှာ ရင်းနှီးမြှုပ်နှံဖို့ဝန်လေးကြမှာဖြစ်ပါတယ်"ဟု သူကပြောသည်။ ၂၀၂၅ ခုနှစ် ရောက်တဲ့အချိန်မှာ အရှေ့တောင်အာရှဒေသမှာ ဒစ်ဂျစ်တယ်စီးပွားရေးအခွင့်အလမ်းတွေက တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း ဂူးဂဲလ်နှင့် စင်ကာပူမှရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သော တီးမာဆက်တို့ ပြုလုပ်သော လေ့လာဆန်းစစ်ချက် အစီရင်ခံစာကို ကိုးကားပြီး ဗီလာဖူးကပြောသည်။ လေ့လာချက်အစီရင်ခံစာ ဖော်ပြချက်အရ အဆိုပါ လုပ်ငန်းမျိုးမှ ဖိလစ်ပိုင်အတွက် ရရှိနိုင်မည့် လုပ်ငန်း ဝေစုမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံထိရှိနိုင် မည်ဖြစ်ပြီး ဖိလစ်ပိုင် စွန့်ဦးတီထွင်သူတို့ ထောက်ပံ့ရန်လိုအပ်မည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံရှိနိုင်သည်။

လက်ရှိဖိလစ်ပိုင်နိုင်ငံက ဆောင်ရွက်နေသော ဒစ်ဂျစ်တယ်ကဏ္ဍ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံဖိုးသာရှိရာ နောင်တစ်ချိန်တွင် ဖိလစ်ပိုင်နိုင်ငံရရှိမည့် ဝေစုဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံမှာ လက်ရှိအခြေအနေ၏ ၁၀ ဆရှိကြောင်း သူကပြော သည်။ လေ့လာချက် အစီရင်ခံစာအရဆိုပါက ဖိလစ်ပိုင်ဒစ်ဂျစ်တယ် စီးပွားရေးမှာ အွန်လိုင်းရှော့ပင်းလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းသုံးစွဲမှုကို အခြေခံ၍ ဖွံ့ဖြိုးလာမည်ဖြစ်သော်လည်း ဖိလစ်ပိုင်လုပ်ငန်းသစ်များအတွက် ရင်းနှီးမြှုပ်နှံမှုမှာ နည်းပါးကြောင်း သူကပြောသည်။

# စတုတ္ထစက်မှုတော်လှန်ရေးက ဗီယက်နမ်လုပ်သားဈေးကွက်အတွင်းသို့ အရေးကြီးသော ပြောင်းလဲမှုများကို ဆောင်ကျဉ်းလာ

နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်မည့် ထုတ်လုပ်မှုလုပ်ငန်းများ အခြေအနေမည်သို့ရှိမည်ကို ဗီယက်နမ်နိုင်ငံ သက်သပ် (Thach That)စက်မှုဇုန်တွင် အခြေစိုက်ထားသော အနုစိတ်စက်ကိရိယာများအတွက် မိုပုံစံများ ထုတ်လုပ်သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးက ကြိုတင်ခန့်မှန်း ပြောကြားခဲ့သည်။ သူ့ပြောကြားချက်အရ ထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် စက်ရုံများနှင့် Artificial Intelligence စနစ်တို့ကို သုံးသော အော်တိုမစ်တစ် စနစ်ကိုသာ အသုံးပြုမည်ဟုသိရကြောင်း ဗီယက်နမ်နယူးသတင်းတွင် ဖော်ပြသည်။

အကယ်၍ လုပ်ငန်းခွင်တွင် ကုန်ကြမ်းပစ္စည်း ပြတ်သွားမည်ဆိုပါက ကုန်ကြမ်းထပ်ထည့်ပေးရန် စက်ရုပ်များက အကြောင်းကြားမည်ဖြစ်ကြောင်း သူကပြောသည်။

သတင်းအချက်အလက် နည်းပညာ (အိုင်တီ) နှင့် အင်တာနက်လုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့်အတူ ကမ္ဘာကြီးတွင် စတုတ္ထစက်မှုလုပ်ငန်းကို စတင်သောအချိန်တွင် ဤမြင်ကွင်းမျိုးကို မြင်ရတော့မည်ဖြစ်သည်။ ထိုအချိန်တွင် စက်ကိရိယာများနှင့် စက်ရုပ်များသည် အလုပ်လုပ်ကိုင် ဆောင်ရွက်ပေးနိုင်ရုံသာမက လုပ်ငန်းစီမံကွပ်ကဲမှုကိုလည်း ဆောင်ရွက်ပေးနိုင်သည်။ စတုတ္ထစက်မှုတော်လှန်ရေးသည် တိုက်ဖုန်းမုန်တိုင်း တစ်ခုလို လျင်မြန်စွာ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ထိခိုက်ခံရမည့် အလုပ်သမားရေးအတွက်မှာလည်း မြင့်မားနိုင်ကြောင်း ဗီယက်နမ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဗူတီယန်လော့က ပြောသည်။ သို့သော်လည်း ဗီယက်နမ် စီးပွားရေးလုပ်ငန်းများမှာ ယခုအချိန်အထိ ပြင်ဆင်ထားခြင်းမရှိသေးကြောင်း သူကပြောသည်။

တစ်ချိန်တည်းမှာ ဗီယက်နမ်ရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော ကင်နွန်ကလည်း စက်ယန္တရားနှင့်



နည်းပညာများကို အဆင့်မြှင့်ပေးထားသည်။ ရှစ်နှစ်တာကာလအတွင်း ကင်နွန်၏ စက်ရုံမှ လုပ်သားအရေအတွက်လည်း ၁၃၀၀၀ မှ ၈၀၀ အထိ ကျဆင်းသွားသည်။

ကင်နွယ်စက်ရုံမှ မန်နေဂျာများသည် လုပ်သားခသက်သာသည့် အားသာချက်များကို လျင်မြန်စွာ ဆုံးရှုံးသွားရသည်ကို တွေ့မြင်ရသည့်အတွက် တအံ့တသြ ဖြစ်ကြရကြောင်း ကင်နွန်ဗီယက်နမ်ကုမ္ပဏီ၏ အတွင်းရေးမှူးချုပ် ဒေါင်သီသူဟူယင်က ပြောသည်။ ဗီယက်နမ်နိုင်ငံ၏ အထည်ချုပ်၊ ဖိနပ်ထုတ်လုပ်ရေးနှင့် အီလက်ထရွန်နစ်ကဏ္ဍ ဖွံ့ဖြိုးမှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံသည် ထွန်းသစ်စ ဈေးကွက်သစ် ၁၀ ခုတွင် ပါဝင်လာခဲ့ကြောင်း ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ရည်ညွှန်းဖော်ပြခဲ့သည်။

ဘာသာပြန်-စာသား

# ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု ပျက်ပြားပါက မလေးရှားကုန်သွယ်မှုကို မထိခိုက်နိုင်

အမေရိကန်ပြည်ထောင်စု နုတ်ထွက်မှု နောက်ပိုင်း ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် (Trans Pacific Partnership Agreement) ပျက်ပြားသွားသည့်တိုင်အောင် ထိုသို့ပျက်ပြားမှုက မလေးရှားကုန်သွယ်ရေးကို ထိခိုက်နိုင်မည်မဟုတ်ကြောင်း ဘာနာမားသတင်းတွင် ဖော်ပြသည်။

သို့သော်လည်း မလေးရှားနိုင်ငံတွင် အခြားအစားထိုးစရာ အများအပြား အသင့်ရှိနေကြောင်း၊ ထိုအစားထိုးစရာများထဲတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership) လည်းပါဝင်ကြောင်း အဆိုပါ သဘောတူစာချုပ်မှာ ယခုနှစ်အကုန်တွင် အပြီး သတ်ဆောင်ရွက်နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း မလေးရှားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒါတွက်အာမက်မာစလန်ကပြောသည်။

RCEP က ဆွဲဆောင်မှုရှိသော ကုန်သွယ်မှုကို ပေးစွမ်းနိုင်မည်ဟု ယုံကြည်ကြောင်းနှင့် အဆိုပါစာချုပ်တွင် ပါဝင်သောဈေးကွက်မှာ ကျယ်ဝန်းပြီး ဥပမာအားဖြင့် တရုတ်နိုင်ငံတွင် လူဦးရေ ၁ ဒသမ ၃ ဘီလီယံနှင့် အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိကြောင်း သူကပြောသည်။

ဤသဘောတူစာချုပ်မှာ အကျုံးဝင်သူဦးရေကို TPPA သဘောတူ စာချုပ်တွင် အကျုံးဝင်သော လူဦးရေသန်း ၈၈၀ နှင့် နှိုင်းယှဉ်ပါက အများကြီး ခြားနားမှုရှိကြောင်း သူကပြောသည်။ TPPA တွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပါဝင်ခြင်းမရှိသော်လည်း နှစ်နိုင်ငံစလုံးမှာ RCEPတွင် ပါဝင်မှုရှိကြောင်း သူကပြောသည်။ ထို့ကြောင့် TPPA ပြိုကွဲသွားသည့်တိုင်အောင် RCEP ကိုဦးစားပေး ဆောင်ရွက်သွားမည်ဆိုပါက ကြီးကြီးမားမား ဆုံးရှုံးမှု မရှိနိုင်ကြောင်း သူကပြောသည်။

RCEP တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်သည်။

TPPA တွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ချီလီ၊ မက္ကဆီကို၊ ကနေဒါ၊ ပီရူး၊ မလေးရှား၊ စင်ကာပူ၊ ဘရူးနိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သည်။ ၁၂ နိုင်ငံအနက် နိုင်ငံလေးနိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်များ ချုပ်ဆိုရန် မလေးရှားအစိုးရက ဆောင်ရွက်လျက်ရှိရာ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုနှင့် ပီရူးတို့ပါဝင်ရာ ထိုနိုင်ငံများမှာ TPPA တွင် ပါဝင်သောနိုင်ငံများ ဖြစ်သည်။

"TPPA စေ့စပ်ညှိနှိုင်းမှုတွေကို ဆောင်ရွက်လာတာငါးနှစ်ရှိပါပြီ။ ဒီလေးနိုင်ငံနဲ့ ကျွန်တော်တို့ ဆက်ဆံရေးက ကောင်းမွန်နေပါတယ်"ဟု အာမက် ပြောသည်။

## ပစိဖိတ်ဖြတ် ကုန်သွယ်မှုသဘောတူ စာချုပ်မှ နုတ်ထွက်ရန်ထရမ့်အမိန့်ပေး

ပစိဖိတ်ဖြတ်ကုန်သွယ်မှု သဘောတူစာချုပ် (Trans-Pacific Partnership) မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ရန် သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၂၃ ရက်တွင် အမိန့်ပေးလိုက်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့် ပထမသီတင်းပတ်အဖြစ် သမ္မတ အမိန့်စာများ (Executive Order) များကို လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းဖြင့် ထရမ့်က ၄၅ ဦးမြောက် အမေရိကန် သမ္မတအဖြစ်တာဝန်များကို စတင်ထမ်းဆောင်ခဲ့သည်။ သမ္မတ ပထမဆုံး လက်မှတ်ရေးထိုးထုတ်ပြန်သည့် အမိန့်စာများထဲတွင် TPP ကုန်သွယ်ရေးသဘောတူစာချုပ်မှ နုတ်ထွက်ရေးလည်း ပါဝင်သည်။ TPP ကုန်သွယ်မှုသဘောတူစာချုပ်မှာ ၂၁ ရာစုအတွက် ကုန်သွယ်ရေးစည်းမျဉ်း စည်းကမ်းများကို ချမှတ်မည့် စာချုပ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ ယှဉ်ပြိုင်မှုအန္တရာယ်မှ အမေရိကန်မဟာမိတ်များကို ကာကွယ်မှုပေးရန် ရည်ရွယ်သော စာချုပ်ဖြစ်သည်။

"ကျွန်တော်တို့ ဒီကိစ္စကို ပြောလာတာ အချိန်ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်က အမေရိကန်အလုပ်သမားများအတွက် မဟာလုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်"ဟု သူကပြောသည်။

TPP သဘောတူစာချုပ်မှာ ၂၀၁၅ ခုနှစ်က အမေရိကန်ပြည်ထောင်စုက စတင်ဦးဆောင်ပြီး နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်ချုပ်ဆိုထားသော စာချုပ်ဖြစ်သည်။ သို့သော်လည်း TPP သဘောတူစာချုပ်မှာ ယခုအချိန်အထိအပြီးသတ် အကောင်အထည် မပေါ်သေးပါ။ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ခြင်းက TPP သဘောတူစာချုပ်ဇာတ်သိမ်းရန် အချက်ပေးခေါင်းလောင်းဖြစ်နေသည်။ သဘောတူစာချုပ်တွင် ပါဝင်သောနိုင်ငံတို့မှာ ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။

ထရမ့်၏ အစီအစဉ်မှာ TPP နှင့် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တို့ အပါအဝင် ကုန်သွယ်မှုသဘောတူစာချုပ်များကို ဖျက်သိမ်းရန်ဖြစ်သည်။ အဆိုပါစာချုပ်များကြောင့် အမေရိကန်အလုပ်အကိုင်များ ယိုယွင်းမှုကို ဖြစ်စေပြီး အမေရိကန်ပြည်ထောင်စု အချက်အချာဒေသများကို ဖျက်ဆီးနေကြောင်း သူကပြောသည်။

ထရမ့်သည် အခြားအမိန့်စာနှစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့ရာ အဆိုပါ အမိန့်စာနှစ်ခုမှာ ပြည်ထောင်စုအလုပ်သမား ခန့်ထားမှုကိုထိန်းချုပ်ခြင်း အမိန့်နှင့် သန္ဓေသားဖျက်ချမှုကို အကူအညီပေးသော အင်န်ဂျီအို အဖွဲ့အစည်းများ ထိန်းချုပ်သည့် အမိန့်ဖြစ်သည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နှစ်သစ်ကူးပွဲတော်ရက်တွင် အရောင်းပါးသဖြင့် ဇန်နဝါရီ ၂၇ ရက်တွင် ထွန်းသစ်စအာရှငွေကြေးအများစု၏ တန်ဖိုးများကျဆင်းခဲ့သည်။ အမေရိကန်စီးပွားရေး အလားအလာနှင့် အမေရိကန်ကုမ္ပဏီများ၏ ဝင်ငွေတိုးတက်လာမှုနှင့်ပတ်သက်၍ ဒေါ်လာအပေါ် ယုံကြည်မှုရှိလာပြီးနောက်ပိုင်းတွင် ဒေါ်လာနှင့် ဖလှယ်ရာ၌ အာရှငွေကြေးများ တန်ဖိုးကျဆင်းလာခြင်းဖြစ်သည်။

အမေရိကန်စီးပွားရေးနှင့် ဆိုင်သော ကိန်းဂဏန်းအချက်အလက်များကိုတိုးတက်ကောင်းမွန်လာခြင်းနှင့် အစိုးရအသုံးစရိတ်ကို သမ္မတ ဒေါ်နယ်ထရမ့်က တိုးမြှင့်သုံးစွဲတော့မည့် အခြေအနေကို ပြသလာသည့်အတွက် အမေရိကန်ရှယ်ယာများနှင့် ငွေတိုက်စာချုပ်များ၏ တန်ဖိုး မြင့်တက်လာခဲ့သည်။ သို့သော်လည်း ကုန်သွယ်မှု အတားအဆီးသစ်များကို ပြဋ္ဌာန်းမည့် အလားအလာများအတွက် စိုးရိမ်မှုများ ကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။

### တရုတ်ယွမ်

တရုတ်နှစ်သစ်ကူးပွဲတော် မတိုင်မီ အရောင်းအဝယ်ပါးသဖြင့် ဇန်နဝါရီ ၂၆ ရက်က အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းပြီး တရုတ်ယွမ်ငွေကြေးတန်ဖိုးခိုင်မာလာသည်။

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၅၈၈ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ ယခင်နေ့က သတ်မှတ်ခဲ့သော အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၅၉၆ ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက ဒေါ်လာတန်ဖိုး ကျဆင်းပြီး ယွမ်တန်ဖိုးမြင့်တက်ခဲ့သည်။ ငွေလက်ငင်းဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၆၉၁ ယွမ်နှုန်းဖြင့် ဈေးဖွင့်ခဲ့ပြီး ၆ ဒသမ ၈၇၉၉ ယွမ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

### အိန္ဒိယရူပီး

ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးငွေတန်ဖိုးက သုညဒသမ ၁၆ ရူပီးနှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၈ ဒသမ ၂၃ ရူပီးနှုန်းရှိခဲ့သည်။ ရူပီးတန်ဖိုးသည် နှစ်ရက်ကြာမြင့်တက်နေရာမှ လကုန်ရက်တွင်သွင်းကုန်လုပ်ငန်းရှင်များနှင့် ဘဏ်များက အမေရိကန်ဒေါ်လာကို ဝယ်လိုအားမြင့်တက်လာသည့်အတွက်ယခုကဲ့သို့ တန်ဖိုးကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင်အိန္ဒိယ ရှယ်ယာဈေးနှုန်းများ မြင့်တက်မှုက ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာစေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

### ဂျပန်ယန်း

ဂျပန်ဗဟိုဘဏ်က ငါးနှစ်မှ ဆယ်နှစ်သက်တမ်းရှိ ဘွန်းစာချုပ်များကို တိုးမြှင့်ဝယ်ယူကြောင်း ကြေညာပြီးနောက်ပိုင်း ဇန်နဝါရီ ၂၇ ရက်က ဒေါ်လာနှင့် ယန်းဖလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၅ ဒသမ ၀၄ ယန်းနှုန်းအထိ ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့၏ ဗဟိုဘဏ်အတိုးနှုန်းကွာခြားချက် မြင့်မားမှုကြောင့်အမေရိကန်ရွေးကောက်ပွဲနောက်ပိုင်းမှစ၍ ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။ ဂျပန်ဗဟိုဘဏ် ကြေညာချက်ကလည်း ဒေါ်လာတန်ဖိုးမြင့်တက်အောင် ထပ်မံအားပေးခဲ့သည်။

ယူရိုနှင့် အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းမှာ ဇန်နဝါရီ ၂၆ ရက်က တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၅၈ နှုန်းရှိရာမှ နောက်တစ်နေ့တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၇၉ နှုန်းထိ ရောက်ရှိခဲ့သည်။

### မလေးရှားရင်းဂစ်

မကြာသေးမီ ကာလအတွင်းက ရင်းဂစ်တန်ဖိုးမြင့်တက်လာမှုကို အကြောင်းပြုပြီး ရင်းနှီးမြှုပ်နှံသူတို့က ရင်းဂစ်ငွေကြေးကို ထုတ်ရောင်းလာကြသည့်အတွက် ဇန်နဝါရီ ၂၇ ရက်နံနက်ပိုင်းက အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်ရာတွင် ဇန်နဝါရီ ၂၆ ရက်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၂၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်ရက်နံနက် ၉ နာရီ ၂ မိနစ်တွင် အမေရိကန်တစ်ဒေါ်လာကို ၄ဒသမ ၄၂၉၀ ရင်းဂစ်နှုန်းအထိ ရင်းဂစ်တန်ဖိုးကျဆင်းသည်။

အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့သည်။

### ကိုရီးယားဝမ်

ဆမ်ဆောင်း အီလက်ထရွန်းနစ်အပါအဝင် နာမည်ကြီး ကုမ္ပဏီကြီးများ၏ရှယ်ယာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ဝယ်ယူမှု များပြားလာသည့်အတွက် ဇန်နဝါရီ ၂၆ ရက်မှာ တောင်ကိုရီးယား ရှယ်ယာများ၏ တန်ဖိုးမြင့်တက်ခဲ့သည်။ အလားတူ တောင်ကိုရီးယား ဝမ်ငွေကြေးမှာလည်း ဇန်နဝါရီ ၂၅ ရက် ဈေးပိတ်ချိန်က ဈေးထက် ၆ ဒသမ ၈ ဝမ်နှုန်းပိုမိုမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၅၉ ဒသမ ၂၀ ဝမ်နှုန်းအထိရှိခဲ့သည်။ တောင်ကိုရီးယားစတော့ဒိုင်ကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ နှစ်သစ်ကူးပိတ်ရက်အဖြစ် ပိတ်ထားသည်။

### ထိုင်းဘတ်

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းအချက်အလက်များအရ အမေရိကန်ဒေါ်လာနှင့် ထိုင်းဘတ်ငွေဖလှယ်နှုန်းမှာ ဇန်နဝါရီ ၂၆ ရက်က တစ်ဒေါ်လာကို ၃၅ ဒသမ ၂၆ ဘတ်နှုန်းရှိခဲ့ရာမှ သုည ဒသမ ၁၀ ရာခိုင်နှုန်းကျဆင်းပြီး ၂၇ ရက်တွင် ၃၅ ဒသမ ၂၉ ဘတ်နှုန်းရှိခဲ့သည်။

## ထိုင်းဗဟိုဘဏ်၏ သုံးနှစ်မဟာဗျူဟာက ဘဏ္ဍာရေးအသိုက်အဝန်းတည်ငြိမ်ရေးကို အလေးပေး

ထိုင်းဗဟိုဘဏ်၏ ၂၀၁၇-၂၀၁၉ ခု သုံးနှစ်မဟာဗျူဟာ စီမံကိန်းက ဘဏ္ဍာရေးကဏ္ဍတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးနှင့် ဘဏ်လုပ်ငန်းခွင် တိုးတက်ကောင်းမွန်ရေးကို အလေးပေးထားသည်ဟု ထိုင်းဗဟိုဘဏ်အုပ်ချုပ် ရေးမှူးဗီအာရာချိုင်း ဆန်တီဘာဘော့က ပြောကြောင်း နေးရှင်းသတင်းတွင် ဖော်ပြသည်။

ထိုင်းဗဟိုဘဏ် မဟာဗျူဟာ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ထိုင်းနိုင်ငံက ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အကူအညီပေးရန်ဖြစ်သည်။ လက်ရှိအချိန်တွင် ဘဏ္ဍာရေးကဏ္ဍ၌ မတည်ငြိမ်မှု၊ မရေရာမှုနှင့် ရှုပ်ထွေးမှုများရှိနေသည့်အတွက် လာမည့်နှစ်များတွင် စိန်ခေါ်မှုများ တိုးတက်လာလိမ့်မည်ဟု ဗဟိုဘဏ်က သုံးသပ်ထားသည်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို တိုးမြှင့်ထားသည့်အချိန်တွင် ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ဗဟိုဘဏ်များက ငွေကြေးမူဝါဒများကို လျှော့ချထားသည့်အတွက် ကမ္ဘာ့ငွေကြေးဈေးကွက်များတွင် ငွေဖြစ်လွယ်မှုမှာ အခက်အခဲများ မြင့်မားနေသည်။

အရှိန်အဟုန်ဖြင့် တိုးတက်လာသော နည်းပညာကလည်း ဘဏ္ဍာရေးဈေးကွက်တွင် စိန်ခေါ်မှုများကို တိုးတက်များပြားလာစေသည်။ သို့ဖြစ်ရာ ထိုင်းဗဟိုဘဏ်သည် ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနည်းပညာ (Fintech) တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ထိုင်းဗဟိုဘဏ်ကလည်း နည်းဥပဒေများကို ပြဋ္ဌာန်းရတော့မည့် သဘောရှိသည်။

## ဘဏ်ဝန်ဆောင်မှုစနစ်ကို တောင်ကိုရီးယား ဒစ်ဂျစ်တယ်ဘဏ်များက ပြုပြင်ပြောင်းလဲပေးလိမ့်မည်ဟု ကြီးကြပ်ရေးအဖွဲ့က မျှော်လင့်



အွန်လိုင်းသက်သက်ဖြင့် လုပ်ငန်းဆောင်ရွက်သောဘဏ်များက လုပ်ငန်းများကို စတင်ဆောင်ရွက်လာခြင်းဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ် တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု ဇန်နဝါရီ ၂၃ ရက်က အကြီးတန်းဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ ကာကောင်းဘဏ်၊ ကေဘဏ်စသည့် အင်တာနက် ဘဏ်လုပ်ငန်းကို အထူးပြုဆောင်ရွက်နေသော ဘဏ်အချို့က လာမည့်လများတွင် လုပ်ငန်းများကို စတင်ဆောင်ရွက်ကြမည်ဖြစ်သည်။

“ဘဏ်လုပ်ငန်းကို သုံးစွဲသူတွေက ယခုအချိန်ထိ သူတို့မသုံးစွဲသေးဘူးတဲ့ ဈေးနှုန်းယှဉ်ပြိုင်မှုနှင့် ဝန်ဆောင်မှုသစ်တွေရရှိနိုင်ဖို့ မျှော်လင့်ထားကြပါတယ်” ဟု ဘဏ္ဍာရေးလုပ်ငန်းကော်မရှင် (Financial Services Commission) ဒုတိယဥက္ကဋ္ဌ ဂျောင်အွန်းဘိုက ပြောသည်။ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်း စတင်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်နေသော ဆိုးလ်မြို့တောင်ဘက်ရှိပန်ဂျိုးဒေသမှ ကာကောင်းဘဏ်သို့ သွားရောက်စဉ်သူကယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ်တွင်ကြည့်ပါက ဒစ်ဂျစ်တယ်လုပ်ငန်းများမှာတစ်မူထူးခြားသော လုပ်ငန်းများ ဖြစ်ကြပြီး ယှဉ်ပြိုင်မှုစွမ်းရည်နှင့် တီထွင် ဆန်းသစ်မှုကို မြှင့်တင်ပေးသောလုပ်ငန်းများဖြစ်ကြောင်း သူကပြောသည်။ ဘဏ်ကိုအသုံးပြုသူ ဖောက်သည်များအနေဖြင့် အတိုးနှုန်းမြင့်မားသော အပ်နှံငွေများနှင့် ဘဏ်လုပ်ငန်းကို ဆောင်ရွက်သောကုန်ကျစရိတ် လျှော့ချထားသဖြင့် ဝန်ဆောင်ခသက်သာသော အပ်ငွေများမှ အကျိုးအမြတ်များကို ခံစားရမည်ဖြစ်ကြောင်းလည်း သူကပြောသည်။

ဆက်နွယ်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားရန် သူကနှိုးဆော်တိုက်တွန်းပြီး လုပ်ငန်းစတင်သည့် အချိန်ကတည်းက အများပြည်သူ၏ ယုံကြည်မှုကို ရရှိအောင် ဆောင်ရွက်ရေးက အရေးကြီးကြောင်းလည်း သူကပြောသည်။

ညဏ်တင်-စုစည်းတင်ပြသည်


David Snow®
THE BEST BRAND OF VINYL FLOOR & ECO WOOD
everyone's FAVOURITE BRAND
DECKING
WALL PANNEL
CEILING
နယ်ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်စုံစမ်းနိုင်ပါသည်။
Find us on Facebook
Head Office : No.25/26, Pyi Htaung Su Road, 26 Quarter,
South Dagon Township, Yangon, Myanmar.
Hot Line : 09 787228903 , 09 787228934 E mail: davidsnow.myanmar@gmail.com


UNI ASIA
YKK Aluminium Co.,Ltd.
Aluminium Powder Coated
"Beautiful Life
Start From Here"
Head Office :
No.25/26, Pyi Htaung Su Road, 26 Quarter,South Dagon Township, Yangon, Myanmar,
Tel : 095198039, 09799377777, 09799477777
Email: ykkaluminium.myanmar@gmail.com


WTHM WIN, THAN, HTAY, MIN INDUSTRIAL CO.,LTD.
P.P.P uPVC PIPE
& FITTING
01 684844,01 684990,01 685841,01 685842,
09 788880324,09 788880325,09 788880326,09 73123285
02 34975,02 60627,02 33494,09 799900028


SPOMPA
Water Pump
1 Year Warranty
ဖုန်းတစ်ချက်ခေါ်ဆိုရုံဖြင့် (ရန်ကုန်မြို့တွင်း)
အိမ်တိုင်ရာရောက်အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်
ဖြန့်ချိရေး - ဘိုဆန်း Win Than Htay Min CO.,LTD.
:09-96 444 98 33, 09-26 444 98 33,
:09-501 75 28
Hot line
09 4200 69 444
09 4200 69 666
"ရွှေတောင်" အိမ်ဆောက်ပစ္စည်းဆိုင်
No 2, 84 လမ်း၊ 23 x 24 လမ်းကြား၊ မန္တလေးမြို့၊ 09 2000 915

KERI
DEKRA

# Asia General Electric Holding Co., Ltd.

Asia General Transformer Co., Ltd.

Asia General Electric Co., Ltd.

## လျှပ်စစ်ဆိုင်ရာ ပစ္စည်းအမြောက်အမြား Asia General Electric Holding Co.,Ltd မှ ထုတ်လုပ်နိုင်ခဲ့

Asia General Electric Co.,Ltd ကို ၂၀၀ဝ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး Transformer, Switchgear Panel, Switchboard, DB Panel များကို အမြောက်အမြားထုတ်လုပ်ရောင်းချခဲ့သည်။ AGT စက်ရုံမှ ထုတ်လုပ်သော ထရန်စဖော်များမှာ နည်းပညာမြင့်မားခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ အရည်အသွေးမြင့်မားသော ကုန်ကြမ်းများကို အသုံးပြုခြင်းတို့ကြောင့် Efficiency ကောင်းမွန်ခြင်း၊ No Load Losses, Load Losses သက်သာ၍ ဓာတ်အားလေလွင့်ဆုံးရှုံးမှု လျော့နည်းအောင် ထုတ်လုပ်ထားသဖြင့် လူကြီးမင်းတို့၏ စက်ရုံအလုပ်ရုံများ၊ နေအိမ်များနှင့် ဓာတ်အားလိုင်းများတွင် စိတ်ချယုံကြည်စွာအသုံးပြု နိုင်ပါသည်။

**ပထမဆုံး**

Asia General Transformer Co.,Ltd မှ 230kV, 150MVA Power Transformer များကို Mitsubishi Electric Corporation(Japan) နှင့် နည်းပညာပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးထုတ်လုပ်သော ကုမ္ပဏီဖြစ်ပါသည်။ ထို့အပြင် AG Product များမှာ နိုင်ငံတကာအသိအမှတ်ပြု Laboratories အသီးသီးမှ KERI (Korea), DEKRA (Netherlands), Tecnalia (Spain)တို့မှ 100% Type Test အောင်မြင်မှုများလည်း ရရှိခဲ့သည်။

ယင်းကုမ္ပဏီမှ မြန်မာ့လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာ အရည်အသွေးမီ Transformer Product Range များကို အကောင်းဆုံးသော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ (၂၀၁၅) ခုနှစ်မှစ၍လည်း Oil Type Transformer အပြင် Dry Type (Cast Resin) Transformer များကိုပါ ထုတ်လုပ်လျက်ရှိပြီး ယခုအခါ Completely Self Protected Transformer (CSPT) နှင့် High Efficient Transformer အစရှိသည့် New Product များကိုပါ အောင်မြင်စွာထုတ်လုပ်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

**Design နှင့် နည်းပညာ**

Transformer Design များကို နှစ်ပေါင်း (၄၀)ကျော် အတွေ့အကြုံရှိသော နည်းပညာရှင်များမှ ကြီးမှူး၍ IEC Standard နှင့်အညီဆောင်ရွက်လျက်ရှိပြီး ပိုမိုကောင်းမွန်သော Design များဖြစ်ပေါ်လာရေးအတွက် Research and Development Team မှ အကောင်းအထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် 230kV Voltage Class, 150MVA Power Transformer ၏ Design များအား Mitsubishi Electric Corporation (Japan) နှင့် နည်းပညာဖလှယ်ပြီး ၎င်းတို့၏ နည်းပညာအဆင့်အတိုင်း AGT မှ Design အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

**စိတ်တိုင်းကျ**

230kV Power Transformer များနှင့် Distribution Transformer များကိုလည်းကျစ်လစ်လှပသော Design များနှင့် လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိပြီး 50kVA မှ 47.5MVA အထိ On Load, Off Load, Package Type, Pole Mounted, Dry Type, Box Type စသည့်ဖြင့် အမျိုးအစားပေါင်းမြောက်မြားစွာထုတ်လုပ်ရောင်းချလျက်ရှိသည်။

**ဝန်ဆောင်မှု**

AGT စက်ရုံအနေဖြင့် Transformer အသစ်များကို 6.6kV, 11kV, 33kV, 66kV, 132kV, 230kV အထိအမြင့်ဆုံး 230kV Voltage မျိုးစုံ၊ Size မျိုးစုံကိုရောင်းချပေးခြင်း၊ သက်တမ်းကြာမြင့်သော ချို့ယွင်းထရန်စဖော်များကိုလည်း 230kV, 132kV အထိထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို သုံးစွဲသူတို့၏ လိုအပ်ချက်အလိုက် မြန်မာပြည်အတွင်းလုပ်ငန်းခွင်အရောက် After Sales Service မှ (၂၄)နာရီဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။


















**SALES AND HEAD OFFICE**
No. (501 to 503)
Paye Road,Kamaryut Township,Yangon,
11041,Myanmar
Tel: 01-2304273, 01-2304275
09- 790551896, 09-790551897
Fax: 01-2304274
Email: sales.ageh@ageholding.com

**FACTORY AGT (Transformers)**
No.(1 to 4)
Shwe Than Lwin Industrial Zone
Hlaing Tharyar Township,Yangon,
11401,Myanmar
Tel: 09-73020453, 09-73020452, 09-456437337
Fax: (95-1)685982
E-mail: commercial.ageh@ageholding.com

**FACTORY AGE (Switchgear and Panels)**
No. 1/89
Kanaung Min Thar Gyi Road
Hlaing Tharyar Industrial Zone(1)
Hlaing Tharyar Township Yangon, 11401,Myanmar
Tel: 09-977205750~51~52
Fax : 01681960
E-mail: commercial.ageh@ageholding.com

www.ageholding.com

HOT LINE : 09 5506710, 09 456437337

# COMMERCE INTERNATIONAL

## ဗီယက်နမ် ဆန်ပို့ကုန်လုပ်ငန်း

### ၂၀၁၇ ခုနှစ်တွင် အခက်အခဲ ထပ်မံကြုံတွေ့နိုင်



အခက်အခဲများနှင့် ကြုံတွေ့နေရသော်လည်း ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ဆန်တန်ချိန် ငါးသန်းကို ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဗီယက်နမ်အစားအစာအသင်းက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြ သည်။

ဗီယက်နမ် အစားအစာအသင်း၏ ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု ပြန်လည်လေ့လာသုံးသပ်ရေး အစည်းအဝေးကို ဟိုချီမင်းစီးတီးတွင် ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်က ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၄ ဒသမ ၈၉ သန်းကို ရောင်းချခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံ ရှိခဲ့သည့်အတွက် ပမာဏအားဖြင့် ၂၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီး တန်ဖိုးအားဖြင့် ၂၀ ဒသမ ၅၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အသင်းအတွင်းရေးမှူး Huynh Min Hue က ပြောသည်။

ယခင်နှစ်က ကမ္ဘာ့ဈေးကွက်တွင် ဆန်ရောင်းလိုအား အဆမတန်မြင့်တက်ခဲ့သည့်နည်းတူ မကြာသေးမီကာလအတွင်း ဆန်တင်သွင်းသောနိုင်ငံများ၏ ပြည်တွင်းထုတ်လုပ်မှု မြင့်တက်ပြီး သွင်းကုန်လျော့ကျခဲ့သည်ကို တွေ့ရသည်။

ရောင်းလိုအားသည် ဝယ်လိုအားထက်မြင့်မားမှုနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်မှုလည်း ပြင်းထန်လာသည့်အတွက် ဗီယက်နမ်ဆန်တင်ပို့မှုသည် ယခုနှစ်တွင် အခက်အခဲနှင့် ထပ်မံကြုံတွေ့နိုင်မည့် အလားအလာရှိသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဩစတြေးလျ၊ မြန်မာ၊ ဘရာဇီး၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ ထိုင်းနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ဆန်စပါးစိုက်ဧရိယာ တိုးချဲ့ စိုက်ပျိုးခဲ့သည်။ ထို့ကြောင့် ယခင်နှစ်က ကမ္ဘာ့ဆန်ထုတ်လုပ်မှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ပြီး တန်ချိန်သန်း ၄၈၀ အထိ ရောက်ရှိခဲ့ ကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်ကို ကိုးကားပြီး သူက ပြောသည်။ ကမ္ဘာ့ဆန်တင်ပို့မှု ကလည်း ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ပြီး တန်ချိန် ၄၀ ဒသမ ၆ သန်းရှိကြောင်း သူကပြောသည်။

ဆန်သိုလှောင်လက်ကျန်မှာလည်း လွန်ခဲ့သော သုံးနှစ်အတွင်း တိုးတက်မြင့်မားလာခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း သူကပြောသည်။ အခက်အခဲများရှိနေသော်လည်း ဆန်ထုတ်လုပ်ရေးလုပ်ငန်းက လယ်သမားများ ထုတ်လုပ်နိုင်သလောက်ကို ရောင်းချနိုင်အောင် ဆောင်ရွက်ပေးပြီး ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အစားအစာအသင်းဥက္ကဋ္ဌ ဟူရင်သဲနန်းက ပြောသည်။ ရေရှည်တွင် ချမ်းသာသောဈေးကွက်များသို့ တန်ဖိုးမြင့်ဆန်များကို တင်ပို့သွားရန် ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း သူကပြောသည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

မကြာသေးမီနှစ်များအတွင်း ရေနံဈေးနှုန်းများ ကျဆင်းခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စု ရေနံစိမ်းထုတ်လုပ်သောပြည်နယ်များမှာ စီးပွားရေးဆုတ်ကပ်အတွင်းသို့ ကျရောက်ခဲ့ရာ ဈေးနှုန်းများပြန်လည်မြင့်တက်လာသည့်တိုင်အောင် ထိုပြည်နယ်များ ပြန်လည်၍ နာလန်ထူဦးမည် မဟုတ်ကြောင်း စတန်းဒတ်အင်ပူးဝါးက ဇန်နဝါရီ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ကီးစတုန်း အိပ်စ်အယ်လ်နှင့် ဒါကိုတာကို ဆက်သွယ်ထားသော ရေနံပိုက်လိုင်းကို ယခင်အစိုးရလက်ထက်ကတည်းက အသုံးပြုခွင့်ပိတ်ထားခဲ့သော်လည်း သမ္မတ ဒေါ်နယ်ထရမ့်က ပြန်လည်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုအစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးအတွက် နယ်မြေများကို ထပ်မံခွင့်ပြုသွားမည်ဟုလည်း ထရမ့်က ကတိပြုခဲ့သည်။ ဤဆုံးဖြတ်ချက်က ရင်းနှီးမြှုပ်နှံသူများကို ကောင်းကျိုးပြုနိုင်သော်လည်း တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမဖြစ်နိုင်ပေ။

စတန်းဒတ်အင်ပူးဝါးက စစ်တမ်းကောက်ယူခဲ့သော ရေနံထုတ်လုပ်သည့် ပြည်နယ်ရှစ်ခုအနက် မွန်တာနာနှင့် တက္ကဆပ်ပြည်နယ်နှစ်ခုသာလျှင် စီးပွားရေးအားအနည်းဆုံး ပြည်နယ် ၁၀ ခုတွင် မပါဝင်ခဲ့သည်ကို အစီရင်ခံစာအရ တွေ့ရသည်။ တက္ကဆပ်ပြည်နယ်မှာ စီးပွားရေးလုပ်ငန်းမျိုးစုံကို ခွဲခြားဆောင်ရွက်နိုင်သည့်အတွက် အထောက်အကူ ရနေသော်လည်း ၂၀၁၆ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးမှုအရ အဆင့် ၃၆ သို့ကျဆင်းမည့်အလားအလာကို တွေ့ရသည်။

"လွန်ခဲ့တဲ့ ၁၈ လအတွင်း ရေနံရှာဖွေရေးနဲ့ ထုတ်လုပ်မှုကို လျှော့ချထားတဲ့အတွက် ရေနံထုတ်လုပ်တဲ့ ပြည်နယ်တွေရဲ့ စီးပွားရေးတွေ သိသိသာသာ ကျဆင်းခဲ့ပါတယ်"ဟု စတန်းဒတ်အင်ပူးဝါး၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ရေနံဈေးနှုန်းများ ပြန်လည်မြင့်တက်လာသည့်တိုင်အောင် ရေနံထုတ်လုပ်သူတို့က နုန်းကျောက် ရေနံထုတ်လုပ်ရေးတွင် ပြန်လည် ရင်းနှီးမြှုပ်နှံရဦးမည်ဖြစ်သဖြင့် ဈေးနှုန်းများ ကျဆင်းဦးမည့် အလားအလာများ ရှိနေသည်။ ဤအခြေအနေကြောင့် ရေနံစိမ်းဈေးနှုန်းက တစ်စည်ကို အမေရိကန်ဒေါ်လာ ၆၀ ဝန်းကျင်သာရှိမည်ဖြစ်ရာ ပြည်နယ်စီးပွားရေးနာလန်ထူမှုက အနည်းငယ်သာရှိမည်။ ရေနံထုတ်လုပ်သော နိုင်ငံများအဖွဲ့ (အိုပက်) က ထုတ်လုပ်မှုလျှော့ချရန် နိုဝင်ဘာလအတွင်းက သဘောတူညီခဲ့ကြသော်လည်း အမေရိကန်ရေနံစိမ်း၏ အခြေခံထားဈေးနှုန်းမှာ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းကရှိခဲ့သော ဈေးနှုန်းအောက် ကျဆင်းနေဆဲဖြစ်သည်။ ထိုအချိန်က အမေရိကန်နိုင်ငံရေနံစိမ်းဈေးကွက်၏ အဓိကဖြစ်သော အနောက်တက္ကဆပ်ရေနံစိမ်းဈေးက တစ်စည်ကို အမေရိကန်ဒေါ်လာ ၁၁၀ အထိ ရှိခဲ့သည်။

မတ်အတွက်ကြိုတင်ချုပ်ဆိုသော စာချုပ်အရ ရေနံကဲ တစ်စည်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၈ နှုန်းရှိခဲ့သည်။ ရေနံစိမ်းဈေးနှုန်းသည် ၂၀၁၈ ခုနှစ်တစ်နှစ်လုံးတွင် အမေရိကန် ၅၅ ဒေါ်လာကို မကျော်နိုင်ကြောင်း အမေရိကန်စွမ်းအင်သတင်းထုတ်ပြန်ရေးအုပ်ချုပ်မှုဌာနက ခန့်မှန်းသည်။

## အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံကို ကျော်လွန်ပြီး အကြီးမားဆုံးစွမ်းအင်ဈေးကွက်ကြီးဖြစ်လာမည်

အိန္ဒိယနိုင်ငံ၏ စွမ်းအင်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် နှစ်စဉ် ၄ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်အထိ အလျင်မြန်ဆုံးနှုန်းဖြင့် တိုးတက်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကိုတိုးမြှင့်ပေးနိုင်သည့်တိုင်အောင် အိန္ဒိယနိုင်ငံသည် မိမိစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် သွင်းကုန်ကိုသာ အားပြုနေရဦးမည်ဖြစ်ကြောင်း အိုင်ဘီတိုင်းမ်သတင်းတွင် ဖော်ပြသည်။

တစ်ဆက်တည်းမှာ အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံကိုကျော်တက်ပြီး စွမ်းအင်သုံးစွဲမှု၌ အကြီးမားဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း BP Statistical Review Of World Energy တွင် ဖော်ပြထားသည်။

BRICS နိုင်ငံများအနက် ကမ္ဘာ့စွမ်းအင် ဝယ်လိုအားတွင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားမှာ ၂၀၃၅ ခုနှစ်တွင် ကိုးရာခိုင်နှုန်း ပိုမိုမြင့်တက်လာပြီး ၂၆ ရာခိုင်နှုန်းထိမြင့်တက်ကာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယနေရာသို့ ရောက်ရှိလာနိုင်မည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် စွမ်းအင်သုံးစွဲမှုမှာ နှစ်ဆကျော်မြင့်တက်လာနိုင်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် စွမ်းအင်သုံးစွဲမှုသည် တစ်နှစ်ကို ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ပြီး ၂၀၃၅ ခုနှစ်တွင် ရေနံစိမ်းသည် စွမ်းအင်ထုတ်လုပ်မှုအတွက် အရေးပါသော အရင်းအမြစ်တစ်ခုအဖြစ် တည်ရှိနေဦးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ ရေနံစိမ်းသုံးစွဲမှုသည် ၂၀၁၅ ခုနှစ်က တစ်ရက်ကို စည် ၄ ဒသမ ၁ သန်းရှိခဲ့ရာမှ ၂၀၃၅ ခုနှစ်တွင် တစ်ရက်ကိုစည် ၉ ဒသမ ၂ သန်းအထိမြင့်တက်လာလိမ့်မည်။ ကျောက်မီးသွေးသုံးစွဲမှုက နှစ်ဆမြင့်တက်ပြီး တန် ၈၃၃ သန်း ရှိမည်ဟု ခန့်မှန်းသည်။

လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအရင်းအမြစ်အဖြစ် ဓာတ်ငွေ့သုံးစွဲမှုက ၁၆၂ ရာခိုင်နှုန်း၊ ရေနံစိမ်းက ရာခိုင်နှုန်း ၁၂၀ နှင့် ကျောက်မီးသွေးက ၁၀၅ ရာခိုင်နှုန်း ဝယ်လိုအားတိုးတက်လာမည်ဟု ခန့်မှန်းထာသည်။ ပြန်ပြည့်မြဲစွမ်းအင်အတွက် ဝယ်လိုအား က ၃၁၇ ရာခိုင်နှုန်းနှင့် ရေအားလျှပ်စစ်က ၉၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၃၅ ခုနှစ်အကြား ကမ္ဘာ့စွမ်းအင် လိုအပ်ချက်က ၃၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ တစ်နှစ်ပျမ်းမျှတိုးတက်နှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်း ရှိမည်ဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့ဂျီဒီပီတိုးတက်မှုနှုန်းကို တစ်နှစ်ပျမ်းမျှ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိသည့်အတွက် စွမ်းအင်လိုအပ်ချက် တိုးတက်မှုနှုန်းမှာ ကမ္ဘာ့ဂျီဒီပီ တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက နည်းနေဆဲဖြစ်သည်။